PDF Compressor Free Version

# ချင်းအမျိုးသားရေးရာ စာစောင်



**စာစီစာရိုက်၊ တည်းဖြတ်**

ဗိုလ်ကြီး ခင်မောင်လေး

**စီစဉ်ထုတ်ဝေသူ**

သတင်းနှင့်ပြန်ကြားရေးဌာန

ချင်းအမျိုးသားတပ်ဦး

PDF Compressor Free Version

## မူပိုင်

ချင်းအမျိုးသားတပ်ဦး

## မီဒီယာ ဆက်သွယ်ရန်

cnfinfo88@gmail.com
bhmaunglay@gmail.com
&
+91 8415 851 622
www.chinland.org

## ပုံနှိပ်

KL Offset Printers
M.G. Road, Tuikhuahtlang, Aizawl, Mizoram

PDF Compressor Free Version

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


၁။ ပါတီအာဘော် ၁

၂။ ထုတ်ပြန်ကြေညာချက်နှင့် သဝဏ်လွှာ ၄

၃။ မိန့်ခွန်းနှင့် အမှာစကားများ ၇

၄။ ကာတွန်း ၂၂

၅။ ဟာသ ၂၆

၆။ ကဗျာ ကဗ္ဗာ ၂၈

၇။ သတင်းတိုထွာ ၃၅

၈။ ဆောင်းပါး

- ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာပုံ ၄၅
- ချင်းအမျိုးသားနေ့ အနှစ်သာရ ၅၀
- ချင်းအမျိုးသားလှုပ်ရှားမှုတွင် ပါဝင်ရန် အရေးပေါ် ဖိတ်ခေါ်လွှာ ၅၂
- စည်းလုံးညီညာ အောင်ကြောင်းဖြာ ၅၈
- သံချောင်းခေါက်သံ ၂၈ ချက် ၆၀
- ချင်း ပကတိ၊ ချင်းစစ်စစ် အလိုရှိသည် ၆၂
- ချင်းလူမျိုး (၅၃) မျိုးရှိသည်ဟု ရေးသားပြောဆိုမှု မမှန်ကန်ကြောင်း ချင်းအဖွဲ့မှ ထောက်ပြချက်အပေါ် ဆွေးနွေးခြင်း ၆၆
- လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ အခြေခံမှု၏ ကောင်းကျိုးနှင့်ဆိုးကျိုးများ ၇၂
- အမျိုးသားရေး အသိအမြင် နိုးကြားမှု ၈၂
- မတ်လ ၃၀ ရက်နေ့ အလွန်တွင် ၈၅

PDF Compressor Free Version

# ပါတီအာဘော်

## ဆက်လက်တိုက်ပွဲဝင်ခြင်း

"ဆက်လက်တိုက်ပွဲဝင်ခြင်း" နှင့်ပတ်သက်၍ အနိုင်မခံ အရှုံးမပေးခြင်း၊ အောင်မြင်မှုမရမချင်း အညံ့မခံခြင်း၊ ခေါင်းငုံ့မခံဘဲ ဆက်လက်တိုက်ပွဲဝင်ခြင်း၊ အလံမလှဲတိုက်ပွဲဝင်ခြင်း၊ အလံလက်ဆင့်ကမ်းခြင်း၊ မိမိတို့ အလံစိုက်ထူသည့်နေရာတွင် အခြားသူ အလံစိုက်ထူခွင့် မပြုခြင်း၊ အခက်အခဲမည်မျှပင် တွေ့စေကာမူ ကြံ့ကြံ့ခံခုခံကာကွယ်ခြင်း၊ ရည်ရွယ်ချက်အတွက် အသက်ပေးတိုက်ပွဲဝင်ခြင်း စသဖြင့် အဓိပ္ပါယ်အမျိုးမျိုး သက်ရောက်နိုင်ပါသည်။ ချင်းအမျိုးသားတပ်ဦးသည် (၂၈) နှစ်တာ တော်လှန်ရေးကာလတလျှောက် ပထမအကြိမ် ပါတီညီလာခံမှ ဆဋ္ဌမအကြိမ် ပါတီညီလာခံသက်တမ်း အသီးသီးအတွင်းနှင့် ယနေ့အထိ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော ဒီမိုကရေစီ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ပေးသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး အောင်မြင်မှုမရမချင်း မိမိတို့၏ လက်နက်ကိုင်လမ်းစဉ်ကို အခြေခံသည့် တော်လှန်ရေးတိုက်ပွဲကို ဆက်လက် ဆင်နွှဲနေမည်ဟူသော သဘောထားအပေါ်တွင် မားမားမတ်မတ် ရပ်တည်ခဲ့သည်။

ဤတွင် ချင်းအမျိုးသားတပ်ဦး၏ တော်လှန်ရေးကာလသည် မည်သည့်အချိန်မှစ၍ မည်သည့်ကာလအထိကို ဆိုလိုပါသနည်းဟူသော မေးခွန်းသည် တဆက်တည်း ထွက်ပေါ်လာပါသည်။ ဤမေးခွန်းနှင့်ပတ်သက်၍ ချင်းအမျိုးသားတပ်ဦး စတင်တည်ထောင်သည့် ၁၉၈၈ ခုနှစ်၊ မတ်လ(၂၀) ရက်နေ့မှစ၍ မိမိတို့ ရည်မှန်းချက်ပန်းတိုင် သုံးခုဖြစ်သော ဒီမိုကရေစီ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်ပြည်ထောင်စု ရရှိအောင်မြင်သည့် အချိန်အထိ ဖြစ်သည်ဟု ဖြေဆိုရပါမည်။ ထို့ကြောင့် တပ်ဦး၏ တော်လှန်ရေးကာလသည် မိမိရည်မှန်းချက်ပန်းတိုင် မရောက်ရသေးသည့် အချိန်ကာလဖြစ်ပြီး၊ ရည်မှန်းချက်ပန်းတိုင် မရမချင်း ဆက်လက်တိုက်ပွဲဝင်နေမည့် အချိန်ကာလပင်ဖြစ်သည်။

တိုက်ပွဲဝင်ရာတွင် စစ်မဟာဗျူဟာ၊ စစ်ဗျူဟာများ ချမှတ်ကာ စစ်တပ်၊ စစ်လက်နက်အင်အားများကို အသုံးပြုပြီး စစ်ဆင်ရေးများ၊ စစ်ပွဲများ၊ တိုက်ပွဲများကို စစ်အင်အားသုံးကာ အပြိုင်အဆိုင် တိုက်ခိုက်

PDF Compressor Free Version

ကြသည့် စစ်ဖက်ဆိုင်ရာ တိုက်ပွဲပုံသဏ္ဍာန်ဖြစ်နိုင်သလို နိုင်ငံရေးနည်းလမ်းအရ စားပွဲပေါ်တွင် တွေ့ဆုံဆွေးနွေးအဖြေရှာသည့် နိုင်ငံရေးဆွေးနွေးပွဲတိုက်ပွဲ ပုံသဏ္ဍာန်လည်း ဖြစ်နိုင်ပါသည်။ ဤတိုက်ပွဲပုံသဏ္ဍာန်နှစ်ခုသည် တစ်ခုစီ သီးသန့်သွားနိုင်ပြီး၊ ပြိုင်တူလည်း သွားနိုင်သည်။ အမှန်စင်စစ် စစ်ဆိုသည်မှာ နိုင်ငံရေးပြဿနာ၏ အကျိုးဆက်ပင်ဖြစ်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းအရ အပြန်အလှန်အသိအမှတ်ပြုပြီး စားပွဲပေါ်တွင် တွေ့ဆုံဆွေးနွေး အဖြေရှာနိုင်လျှင် စစ်ဖက်ဆိုင်ရာ တိုက်ပွဲပုံဏ္ဍာန်ဖော်ဆောင်ရန် လိုအပ်ကောင်းလိုအပ်မည်။ ချင်းအမျိုးသားတပ်ဦးသည် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ရခြင်း၏ အဓိကဦးတည်ချက်တစ်ခုမှာ နိုင်ငံရေးဆွေးနွေးပွဲ တံခါးပွင့်လာရန်ပင်ဖြစ်သည်။ နိုင်ငံရေးဆွေးနွေးပွဲတံခါးပေါက် အနည်းငယ်ပွင့်လာလျှင် များများပွင့်လာအောင် ကြိုးပမ်းဆောင်ရွက် ကြရမည်။ များများပွင့်လာလျှင် ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံး ပါဝင်ပြီး နိုင်ငံရေး ဆွေးနွေးအဖြေရှာကြရပါမည်။

ချင်းအမျိုးသားတပ်ဦးသည် စစ်မြေပြင်တိုက်ပွဲနှင့် စားပွဲပေါ် နိုင်ငံရေးတိုက်ပွဲကို ဆင်နွှဲရာတွင် တော်လှန်ရေး၌ ချင်းအမျိုးသားများနှင့် ချင်းပြည်သူများမပါဝင်ဘဲ၊ ပြည်သူ့ထောက်ခံမှု မရရှိပါက ချင်းအမျိုးသားတော်လှန်ရေး မအောင်မြင်နိုင်ဟု ခံယူထားပါသည်။ ထို့ကြောင့် မိမိတို့တော်လှန်ရေး လှုပ်ရှားမှုတွင် ချင်းအမျိုးသားများနှင့် ချင်းပြည်သူများ လက်တွဲပါဝင်ကြပြီး ပြည်သူတော်လှန်ရေးအဆင့်ရောက်အောင် အမြဲကြိုးပမ်းလျက်ရှိပါသည်။ ချင်းအမျိုးသားများ၊ ချင်းပြည်သူများ၏ နိုင်ငံရေးလိုအင်ဆန္ဒစုစည်းပြီး အကောင်အထည်ဖော်ဆောင်နိုင်ရန် အမြဲကြိုးပမ်းခဲ့သည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးသည် ပြည်သူလူထုကို ထိခိုက်နစ်နာမှု အနည်းဆုံးနှင့် ရေရှည်တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန်နှင့် မိမိ၏ ရည်မှန်းချက်များ ရရှိနိုင်ရန် နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးအဖြေရှာခြင်း မဟာဗျူဟာကိုချမှတ်ခဲ့ပြီး၊ လူထုအင်အား၊ ဓနအင်အားကို အခိုင်အမာတည်ဆောက်၍ နိုင်ငံရေး၊ စစ်ရေးကို ဟန်ချက်ညီညီ လုပ်ဆောင်သွားရန်ဟူသော နည်းဗျူဟာကို ချမှတ်ခဲ့သည်။

၂၀၁၂ ခုနှစ်၊ ဇန္နဝါရီလ (၆) ရက်နေ့တွင် ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရတို့ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပဏာမသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုနှစ်တွင်ပင် ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအကြား ပြည်ထောင်စုအဆင့် သဘောတူညီချက် နှစ်ကြိမ် လက်မှတ်ရေးထိုးခဲ့ကြ သည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သ ဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ၂၀၁၆ ခုနှစ်၊ ဇန္နဝါရီလ (၁၂) ရက်နေ့မှ (၁၆) ရက် နေ့အထိ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ချင်းအမျိုးသားတပ်ဦးကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ဤညီလာခံကြီးတွင် ရေရှည်တည်

PDF Compressor Free Version

တံ့မည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် ကဏ္ဍအလိုက် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာနှင့်သဘာဝပတ်ဝန်းကျင် စသည့်ကိစ္စရပ်များဆိုင်ရာ အစုအဖွဲ့ (၅) ခုကို ဖွဲ့စည်းခဲ့ကြသည်။ ဤ နိုင်ငံရေးဆွေးနွေးပွဲ တိုက်ပွဲကြီးတွင် ချင်းတမျိုးသားလုံး၊ ချင်းပြည်သူများအားလုံး တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကူညီမှုသည် မရှိမဖြစ်လိုအပ်သည်။ ချင်းပြည်သူလူထုမှ အပြည့်အဝထောက်ခံသော ချင်းအမျိုးသားတပ်ဦး၏ နိုင်ငံရေးရည်မှန်းချက်ပန်းတိုင် ရောက်ရှိနိုင်ခြင်း၊ မရောက်ရှိနိုင်ခြင်းသည် ဤစားပွဲပေါ် နိုင်ငံရေးတိုက်ပွဲ အဆုံးအဖြတ်အပေါ် မူတည်သည်။ ယင်း နိုင်ငံရေးရည်မှန်းချက်ပန်းတိုင် ရောက်ရှိနိုင်အောင် အစွမ်းကုန် ကြိုးပမ်းကြရမည်ဖြစ်သည်။ အကယ်၍ နိုင်ငံရေးဆွေးနွေးပွဲက တပ်ဦး၏ ရည်မှန်းချက်ပန်း တိုင်အရောက် မပို့ဆောင်နိုင်ခဲ့လျှင် ချင်းအမျိုးသားတပ်ဦးအနေဖြင့် အလံမလဲ ဆက်လက်တိုက်ပွဲဝင်သွားမည် ဖြစ်သည်။

❑❑❑❑❑

PDF Compressor Free Version

CHIN NATIONAL FRONT
General Headquarters
Chinland
Website: chinland.org Email: cnf.headquarters@gmail.com

# (၂၈) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ကြေညာချက်

၂၀၁၆ ခုနှစ်၊ မတ်လ (၂၀) ရက်သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဒီမိုကရေစီထွန်း ကားပြီး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော အမျိုးသားပြည် နယ်များကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးအတွက် အမျိုးသားရေး တိုက်ပွဲဝင်လာခဲ့သည့် (၂၈) နှစ်မြောက် ချင်းအမျိုးသား တော်လှန်ရေးနေ့ပင် ဖြစ်သည်။ဤ နေ့ထူးနေ့မြတ် အချိန်အခါ၌ အမျိုးသားရေးအတွက် အသက်ပေးလှူသွားကြသော ချင်းအမျိုးသားတပ်ဦး/တပ်မတော်မှ အာဇာနည်ရဲဘော်ရဲမေများ၊ ချင်းမျိုးချစ်ပုဂ္ဂိုလ်များနှင့် ချင်း ပြည်သူအပေါင်းတို့အား ဦးညွှတ်ဂါရဝ ပြုပါသည်။

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ပြီး လွတ်လပ်ခြင်း၊ တန်းတူခြင်းနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် အပြည့်အဝရှိသည့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ပင်လုံစိတ်ဓါတ်ကို အခြေခံသောနိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲကို ကျင်းပနေချိန်ဖြစ်သည်။ မကြာခင် တက်လာမည့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေ့ရှုပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် လက်ရှိအစိုးရအကြား ဖော်ဆောင်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုပြည့်စုံခိုင်မာအောင် ဆက်လက်ဖော်ဆောင်သွားရန် တိုက်တွန်းသည်။

ချင်းအမျိုးသားတပ်ဦးသည် ၎င်း၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းရေး မဟာဗျူဟာကို ချမှတ်ထားသည်နှင့်အညီ အစိုးရနှင့် ပဏာမ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ချုပ်ဆိုခြင်း၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောစာချုပ် လက်မှတ်ရေးထိုးခြင်းတို့ကို အဆင့်ဆင့်ပြုလုပ်ခဲ့ပြီး နိုင်ငံရေး တွေ့ဆုံဆွေးနွေးခြင်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ထိုမှတဆင့် ချင်းအမျိုးသားနိုင်ငံရေးဘုံ သဘောတူညီချက်ရယူပြီး ဆက်လက်ဆွေးနွေး အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

PDF Compressor Free Version

(၂၈) နှစ်တိုင်တိုင် အလံမလဲ၊ တိုက်ပွဲဝင်လျက်ရှိသည့် ချင်းအမျိုးသားတပ်ဦး/ တပ်မတော်သည် အမျိုးသားနိုင်ငံရေး ရည်မှန်းချက်ပန်းတိုင် ရောက်ရှိသည်အထိ ချင်းပြည်သူများနှင့် တွဲလက် မဖြုတ် တမ်း ဆက်လက်တိုက်ပွဲဝင်သွားမည် ဖြစ်သည်။ ယနေ့ကာလသည် နှစ်ပေါင်း ( ၆၇) ကျော် နှစ်နာ ဆုံးရှုံးခဲ့သော ချင်းအမျိုးသားအခွင့်အရေးများ ပြန်လည်ရရှိရေးအတွက် အရေးကြီးဆုံးနှင့် အသိမ်မွေ့ ဆုံးသော အချိုးအကွေ့တွင် ရောက်ရှိနေပါကြောင်း သတိချပ်မိကြပေမည်။ ထို့ကြောင့် လက်ရှိ ချင်း အမျိုးသားအရေး၊ မြန်မာ့နိုင်ငံရေး အလှည့်အပြောင်းတွင် အမျိုးသားရေး သတိရှိရှိဖြင့် ကျရာအခန်း ကဏ္ဍအသီးသီးမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြပါရန် ချင်းအမျိုးသားတရပ်လုံးအား နှိုးဆော် အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး
၂၀၁၆ ခုနှစ်၊ မတ်လ (၂၇) ရက်

❑❑❑❑❑

PDF Compressor Free Version

CHIN NATIONAL FRONT
General Headquarters
Chinland
Website: chinland.org
Email: cnf.headquarters@gmail.com

# DKBA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောလားပွယ် ကွယ်လွန်ခြင်း ဝမ်းနည်းသဝဏ်လွှာ

၁၃ မတ်လ ၂၀၁၆ ရက်နေ့က ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA) ခေါင်းဆောင် ဗိုလ်ချုပ်ကြီး စောလားပွယ် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူ မိသားစု၊ ၎င်း၏ မိခင်အဖွဲ့အစည်း အပါအဝင် ကရင်အမျိုးသား ပြည်သူများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

တိုင်းရင်းသား လူမျိုးများ၏ အမျိုးသားနိုင်ငံရေး ပိုမို စုစည်းနေရမည့် စပ်ကူးမတ်ကူးကာလတွင် ဗိုလ်ချုပ်ကြီး စောလားပွယ် ကွယ်လွန်သွားခြင်းသည် DKBA ၊ ကရင့် အမျိုးသားပြည်သူများ၊ ဘဝတူ လူမျိုးစု လက်နက်ကိုင်တော်လှန်ရေး အင်အားစုများအတွက် မဟာဆုံးရှုံးမှုပင် ဖြစ်သည်။

ဗိုလ်ချုပ်ကြီးစောလားပွယ် ၏ အနိုင်မခံ အရှုံးမပေးသောစိတ်ဓါတ်၊ အမျိုးသားတော်လှန်ရေးအတွက် ပေးဆပ်မှုများအပေါ် ချင်းအမျိုးသားတပ်ဦးမှ ဂုဏ်ပြု မှတ်တမ်းတင်သည်။

DKBA ခေါင်းဆောင်ကြီး ကောင်းရာသုဂတိသို့ လားပါစေကြောင်း!

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး
၂၀၁၆ ခုနှစ်၊ မတ်လ (၁၆) ရက်

❑❑❑❑❑

PDF Compressor Free Version

# (၂၈) နှစ်မြောက် ချင်းတော်လှန်ရေး နေ့တွင် ချင်းအမျိုးသားတပ်ဦး ဒုတိယဥက္ကဌ (၁) ပူး ထန်နန်လျန်းထန် မှ ပြောကြားသော မိန့်ခွန်း



ရဲဘော်တို့ ...

ဒီနေ့ဟာ (၂၈)နှစ်မြောက် ချင်းအမျိုးသားတပ်ဦးရဲ့ Revolution Day ဖြစ်ပါကြောင်း လွန်ခဲ့တဲ့ (၂၈) နှစ်အချိန်ကာလက ကျွန်တော်တို့ တော်လှန်ရေးနေ့ကို စတင်ခဲ့ပါတယ်။ ဒီနေ့ဘယ်အခြေအနေကို ရောက်ပြီးတော့ ဘယ်ခြေလှမ်းကို ဆက်လက်လှမ်းမလဲဆိုတာ ဒီကနေ့ တော်လှန်ရေးနေ့မှာ ကျွန်တော်တို့ ပြန်လည်သုံးသပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦးနဲ့ ချင်းအမျိုးသားတော်လှန်ရေးတပ်မတော်ဟာ ဘယ်လိုအခြေအနေနဲ့ ရပ်တည်လာခဲ့တယ်ဆိုတာကို အမြဲမှတ်ယူဖို့ လိုပါတယ်။ ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦး နဲ့ ချင်းအမျိုးသားတပ်မတော်ဟာ ချင်းပြည်သူနဲ့ ချင်းလဲန်းအတွက် ဘဝကိုပေးပြီးတော့ ရပ်တည်တဲ့ တပ်မတော် ဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းအမျိုးသားတပ်မတော်ဟာ ဒေသစုံ၊ နယ်စုံ၊ မျိုးနွယ်စုံ ပါဝင်ပြီးတော့ တစ်ခုတည်းသော ရည်မှန်းချက်ပန်းတိုင်အတွက် အသက်ပေးပြီး ရပ်တည်လုပ်ဆောင်နေတဲ့ အဖွဲ့ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး၊ ဒီမိုကရေစီရေး၊ ဖက်ဒရယ်တည်ဆောက်ရေးအတွက် ကိုယ့်ကြမ္မာကို ဖန်တီးခွင့်ရရှိတဲ့ထိ ကျွန်တော်တို့ဘဝတွေ ပေးဆပ်မယ်ဆိုတဲ့ ကတိနှင့် တပ်မတော်မှာ ပါဝင်လာရခြင်းဖြစ်တယ်။ ကြေးစားတပ်မတော် မဟုတ်ပါဘူး။ ကျွန်တော်တို့ ချင်းအမျိုးသားတွေ ဘာကြောင့် လက်နက် စွဲကိုင်ရသလဲ။ ကျွန်တော်တို့ ပြည်၊ ကျွန်တော်တို့ ဒေသကို ကာကွယ်ဖို့အတွက် နယ်ချဲ့တွေ ခုခံတော်လှန်ဖို့အတွက် လက်နက်တွေ ကိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ လွတ်လပ်ရေးကြိုးပမ်းမှုအတွက် လက်နက်ကိုကိုင်ခဲ့ပါတယ်။ ဒီမိုကရေစီ နဲ့ လူ့အခွင့်အရေးအတွက် စစ်အာဏာရှင်စံနစ်ကို ဆန့်ကျင်ဖို့ ဆက်လက်ပြီး လက်နက်ကိုင်ခဲ့ရခြင်း ဖြစ်ပါတယ်။ ဒီအကြောင်းရင်းတွေအားလုံး ပြန်တွက်ကြည့်မယ်

PDF Compressor Free Version

ဆိုရင် ကျွန်တော်တို့ရဲ့ ပြည်သူ၊ ကျွန်တော်တို့ရဲ့ ဒေသ၊ ကျွန်တော်တို့ရဲ့ လူမျိုးအတွက် ပေးဆပ်နေခြင်းပဲဖြစ်ပါတယ်။

ရဲဘော်တို့ ကျွန်တော်တို့ရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုရင် အတိတ်၊ ယနေ့ပစ္စုပ္ပန်ကာလနဲ့ အနာဂတ်အတွက် ပြန်လည်သုံးသပ်ပြီးတော့ အားလုံးအားသစ်လောင်းပြီး အမျိုးသားရေးအတွက် ဒီတော်လှန်ရေးနေ့ဟာ အရေးကြီးပါတယ်။ ရဲဘော်တို့ ကျွန်တော်တို့တွေဟာ လွန်ခဲ့တဲ့ (၂၈) နှစ်က စပြီးတော့ ယနေ့အထိ တော်လှန်ရေးခရီးတလျှောက်မှာ ဆက်လက်ပါဝင်နေတဲ့ ခေါင်းဆောင်ကြီးများရှိသလို အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်ပါဝင်ခြင်း မပြုနိုင်တော့တဲ့ ပုဂ္ဂိုလ်ကြီးများလည်း ရှိပါတယ်။ ဘယ်လိုအခြေအနေပဲရောက်ရောက် လွန်ခဲ့တဲ့ ၂၈ နှစ်အချိန်တုန်းက ကျွန်တော်တို့ ဘဝတွေ ပေးဆပ်တဲ့အချိန်မှာ ကိုယ်ကျိုးမျှော်မှန်းချက်၊ မျှော်လင့်ချက်မထားခဲ့ကြပါဘူး။ ပေးဆပ်မှုသက်သက်နဲ့သာ ပါဝင်ခဲ့ခြင်း ဖြစ်ကြပါတယ်။ ရဲဘော်တို့ အဲဒီအချိန်က ယနေ့လို အချိန်ကို ရောက်နိုင်မယ်လို့ ဘယ်သူမှ မမျှော်မှန်းနိုင်ခဲ့ကြပါဘူး။ ဒါပေမဲ့လည်း မှန်းနိုင်တာက ကျွန်တော်တို့ တော်လှန်ရေး အောင်မြင်ရမယ်၊ ဘာကြောင့်လဲဆိုရင် မှန်ကန်တဲ့လမ်းကြောင်းကို သွားနေပြီး လွန်ခဲ့တဲ့ ၂၈ နှစ်က ရဲဘော်များ၏ သံဓိဋ္ဌာန်ချမှုများကြောင့် ယနေ့ ကျွန်တော်တို့ ဒီနေရာမှာ ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နိုင်ခြင်းပဲ ဖြစ်ပါတယ်။

ရဲဘော်တို့ ကျွန်တော်တို့ တော်လှန်ရေးခရီးတစ်လျှောက်မှာ သွေးမြေကျ၊ အသက်ပေးခဲ့တဲ့ ၈၀ ကျော်သော ရဲဘော်များရဲ့ ဝိဉာဉ်ကို လေးစားရမှာ ဖြစ်ပါတယ်။ သူတို့ ပေးဆပ်ခဲ့တဲ့ ရဲဘော်များရဲ့ ယုံကြည်ချက်၊ ခံယူချက်များကို ကျွန်တော်တို့ ထိန်းသိမ်းဖို့ ဆက်လက်လုပ်ဆောင်လိုကြောင်း ပြောကြားလိုပါတယ်။ အတိတ်အကြောင်းကို ပြောတဲ့အချိန်မှာ အတိတ်ကာလရဲ့ အောင်မြင်မှုကြောင့် ယနေ့ပစ္စုပန်ကာလမှာ ကျွန်တော်တို့တွေ ရပ်တည်နိုင်ရခြင်း ဖြစ်ပါသည်။ တခါတရံ ကျွန်တော်တို့တတွေဟာ မြောက်ဖျားကနေသော်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်၊ အိန္ဒိယ နယ်စပ်ကနေသော်လည်းကောင်း၊ မိုင်းပေါင်းများစွာကို ခြေလျင်ခရီးနှင်ခဲ့ရတယ်၊ ခရီးရှည်ချီတက်ခဲ့ရတယ်၊ လပေါင်း၊ နေ့ပေါင်းများစွာ ဝတ်ပြတ်နေတဲ့ ဘဝကနေပြီးတော့ ယနေ့ Camp Victoria စခန်းကြီးမှာ ကျွန်တော်တို့တွေ ရောက်ရှိစုစည်းနေရခြင်းပဲ ဖြစ်ပါတယ်။ အရင် Camp Victoria ပြိုကွဲခဲ့သော်လည်းပဲ ကျွန်တော်တို့ရဲ့ သစ္စာရှိမှု၊ စည်းလုံးမှုများကြောင့် ဒီ Camp Victoria ကို ပြန်လည်တည်ဆောက်ပြီး စုရုံးရောက်ရှိနေကြခြင်းပဲ ဖြစ်ပါတယ်။

ရဲဘော်တို့ ဒီနေ့အခြေအနေကို ပြန်လည်သုံးသပ်တဲ့အခါမှာ ကျွန်တော်တို့ ကိုင်ဆောင်တဲ့လက်နက်တွေနဲ့ ရှိတဲ့လက်နက်တွေဟာ တကယ်မှန်ကန်တဲ့ လက်နက်ကို ကိုင်စွဲနေသလား။ ဒီတော်လှန်ရေး

PDF Compressor Free Version

ခရီးမှာ စိုက်ဓာတ်ကျပြီးတော့ ကျန်ခဲ့တဲ့လူတွေအများကြီး ရှိပါတယ်။ အကြောင်းအမျိုးအမျိုးကြောင့် တော်လှန်လမ်းခရီးမှာ လိုက်မပါနိုင်သူတွေရှိပေမဲ့လည်း အားသစ်လောင်း၊ သွေးသစ်လောင်း အားမွေးသူတွေရှိသလို တော်လှန်ရေးတစ်လျှောက် ပေးဆပ်လာခဲ့တဲ့ ပုဂ္ဂိုလ်များအားလုံး ဒီနေ့ နောင်တရတဲ့သူတွေ ရှိပါသလား။ ရဲဘော်တို့ ကျွန်တော်တို့ရဲ့ ဥစ္စာ၊ ဓန အခြေအနေဟာ မြင့်မားတဲ့ အနေအထားမှာမရှိပေမဲ့ ကျွန်တော်တို့ ပေးဆပ်နေတာဟာ မှန်ကန်တဲ့အတွက်ကြောင့် ကျွန်တော်တို့ စိတ်ဓာတ်ဟာ ကြွယ်ဝမှုရှိပါတယ်။ ကျွန်တော်တို့ စိတ်ဓာတ်ဟာ ကြွယ်ဝပါတယ်။ ကျွန်တော်တို့ လက်နက်ကိုင်ပြီးတော့ ပေးဆပ်နေတာဟာ သူများက အသိမှတ်ပြုဖို့ မဟုတ်ပါဘူး။ မိမိတို့ရဲ့ပေးဆပ်မှုကို ကျေနပ်ဖို့ဖြစ်ပါတယ်။ ရဲဘော်တို့ မိမိတို့ရဲ့ ပေးဆပ်မှု၊ အနစ်နာခံမှုတွေဟာ ဒီနေ ဒီနေရာမှာ ပြသနေခြင်းပဲ ဖြစ်ပါတယ်။ အားလုံး ကျေနပ်နစ်သိမ့်နိုင်ကြမယ်လို့လည်း ယုံကြည်ပါသည်။ လူအင်အားနည်းတာ/များတာ မဆိုင်ပါဘူး၊ ရဲဘော်တို့ရဲ့ လက်နက်စွဲကိုင်ပေးဆပ်မှုကြောင့် ယနေ့ မြန်မာ့အစိုးရ၊ တပ်မတော်နဲ့ ရင်ဘောင်းတန်းပြီး မျက်နှာချင်းဆိုင် စကားပြောနိုင်ခြင်းဟာ ရဲဘော်များရဲ့ လက်နက်စွဲကိုင်တော်လှန်တဲ့ သတ္တိကြောင့်သာလျှင် ဖြစ်ပါတယ်။

ရဲဘော်တို့ ကျွန်တော်တို့ရဲ့ ပစ္စုပ္ပန်၊ အနာဂတ်အတွက် ဘယ်လို ဆက်လက်ပြီးရပ်တည်ကြမလဲ။ ပြည်သူလူထုထောက်ခံမှုရလို့၊ နိုင်ငံတကာအသိမှတ်ပြုလို့၊ မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ ကျွန်တော်တို့ လျှောက်နေရလို့ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်၊ ချင်းအမျိုးသားတပ်ဦးနဲ့ တပ်မတော်တို့ ပထမခြေလှမ်းအနေဖြင့် NCA လက်မှတ်ရေးထိုးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃၊ ၁၄ ရက်နေ့မှာ မတရားအသင်းကနေ ပယ်ဖျက်ပြီးတော့ ၁၅ ရက်နေ့မှာ NCA စာချုပ်ချုပ်နိုင်ခဲ့ခြင်းဟာ ရဲဘော်တို့ရဲ့ အတိတ်ကပေးဆပ်မှုနဲ့ အနာဂတ်အတွက် ကျွန်တော်တို့ရဲ့ ရပ်တည်ချက်ကို အသိအမှတ်ပြုခြင်းပင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်မှာ တိုက်ပွဲတွေမရှိပေမဲ့ မြန်မာနိုင်ငံအနှံ့မှာ တိုက်ပွဲတွေ ရှိနေပါသေးတယ်။ ဒါကြောင့် တိုင်းရင်းသားများအားလုံး အာမခံချက်ပေးတဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ဖို့ လုပ်စရာတွေ အများကြီးရှိနေပါသေးတယ်။ ရဲဘော်တို့ ဒီနေ့ဟာ ပြည်သူတွေရဲ့ အားပေးကူညီမှုကို ပြန်လည်ရရှိခဲ့သလို ကျွန်တော်တို့ဟာ အခက်ခဲပေါင်းများစွာကို ကျော်ဖြတ်လာနိုင်ခဲ့ပြီး ယနေ့ ဝိတိုရိယစခန်းကို တည်ဆောက်ကာ ပြည်သူတွေနဲ့ တသားတည်း ဆက်လက်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

အဲ့ဒါကြောင့် အနာဂတ်မှာ ဘာတာဝန်တွေရှိသေးသလဲ ငါတို့ဟာ ပြည်သူတွေအတွက် ပေးဆပ်တဲ့ တပ်မတော်ဖြစ်သလို ပြည်သူတွေနဲ့ ဆက်ဆံတဲ့နေရာမှာလည်း ပြည်သူကို လေးစားရမှာဖြစ်ပါတယ်။ တပ်မတော်က ပြဌာန်းထားတဲ့ စစ်ဥပဒေ၊ စစ်စည်းကမ်းတွေကို လိုက်နာပြီးတော့ ပြည်သူတွေကို စောင့်ရှောက်ရမှာ ဖြစ်ပါတယ်။ စည်းကမ်းဖောက်ဖျက်တဲ့ တပ်မတော်သားများမဖြစ်ဖို့ လိုအပ်ပါ

တယ်။ ဘာဖြစ်လို့လဲဆိုရင် ပြည်သူတွေရဲ့ ထောက်ခံမှုကို ရရှိနေချိန်မှာ ဆက်လက်ပြီးတော့ ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ ရဲဘော်တို့ လူ့လောကမှာ အသက်ရှင်သန်နေချိန် မိမိတို့ပေးဆပ်ရမယ့် အချိန်တွေရှိတာကြောင့် တန်ဖိုးကြီးလှပါတယ်။ သွေးဆိုတာ လူတိုင်းမပေးဆပ်နိုင်ပါဘူး၊ သွေးဆိုတာ ပေးဆပ်သူတိုင်း မွန်မြတ်လှပါတယ်။ ရဲဘော်တို့ ယနေ့ ကျွန်တော်တို့ ပေးဆပ်နေတာဟာ အချိန်နာရီနဲ့ သွေးမက အသက်ပါပေးဆပ်တာ ဖြစ်တယ်ဆိုတာ အားလုံး သိစေလိုတယ်။

PDF Compressor Free Version

ရဲဘော်တို့ ငါတို့ဟာ အမိချင်းပြည် နဲ့ ချင်းလူမျိုးအတွက် မိမိတို့ရဲ့ အသက်၊ သွေး၊ ချွေး တွေကို ဆက်လက်ပြီးတော့ လိုအပ်ရင်လိုအပ်သလို ပေးဆပ်ဖို့ အဆင်သင့်ဖြစ်ကြရပါမယ်။ တပ်မတော်ဆိုတာ တပ်မှူးရှိမှ ဖြစ်လာတာမဟုတ်။ တပ်သား၊ တပ်မှူး ပူးပေါင်းဆောင်ရွက်မှ ဖြစ်ပေါ်လာတာဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ အထက်ကအမိန့်ကို နာခံသလို အောက်ခြေအဆင့် ရဲဘော်အထိ ခံစားချက်ကို နားလည်ပါတယ်။ ငတ်ပြတ်၊ ဆင်းရဲဒုက္ခ ခံစားနေတာတွေကို အတူမျှဝေကြောင်းကို ဒီနေ့ ပြန်ပြီး မှတ်ယူစေချင်ပါတယ်။

ကျွန်တော်တို့ တပ်မှူး၊ တပ်သားအားလုံး ပြည်သူ့အတွက် တစ်သွေး၊ တစ်သံ၊ တစ်မိနစ်နဲ့ လိုအပ်ရင် လိုအပ်သလို ပေးဆပ်ဖို့ အသင့်ပြင်ထားကြရပါမယ်။ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုဟာ အစပဲရှိပါသေးတယ်၊ မပြီးဆုံးသေးပါဘူး။ ကျွန်တော်တို့ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်ဖို့၊ ကိုယ့်ကြမ္မာကို ဖန်တီးခွင့်ရှိတဲ့ အမိချင်းပြည်နဲ့ ချင်းလူမျိုးအတွက် ဘဝ၊ အသက်များကို အတူတကွ ဆက်လက်ပြီး ပေးဆပ်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

❑❑❑❑❑

# (၂၈) နှစ်မြောက် ချင်းတော်လှန်ရေးနေ့တွင် တပ်ဦး၏ မဟာမိတ်နှင့် နိုင်ငံခြားရေးရာ အကြံပေး ပီးချင်းချင်းပက်ထန်း မှပြောကြားသော အမှာစကား

PDF Compressor Free Version



(၂၈)နှစ်မြောက် ချင်းတော်လှန်ရေးနေ့ အခါသမယမှာ ချင်းအမျိုးသားတပ်ဦး/တပ်မတော်မှ ခေါင်းဆောင်ကြီးများ၊ ရဲဘော်၊ ရဲမေများ၊ တပ်မိသားစုဝင်များနှင့် ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင် ….

ယခုလို နေ့ထူးနေ့မြတ်မှာ မိန့်ခွန်းပြောကြားခွင့် ရရှိတဲ့အတွက် အထူးပဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။ ယနေ့ နေ့ထူးနေ့မြတ်မှာ ရာသီဥတုကောင်းမွန်ပြီး သက်တောင့်သက်သာနဲ့ တော်လှန်ရေးနေ့ကို ဆင်နွှဲခွင့်ပေးတော်မူတဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်ကိုလည်း ချီးမွမ်းပါတယ်။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို အကောင်ထည်ဖော်ဆောင်နေချိန် ဖြစ်ပါတယ်။ တိုင်းပြည်အတွက် အင်မတန်အရေးကြီးတဲ့ သမိုင်းတကွေ့ကို ရင်ဆိုင်နေချိန်လည်း ဖြစ်ပါသည်။ ကမ္ဘာမှာ အရှည်ကြာဆုံး ပြည်တွင်းစစ်မီးလောင်ကျွမ်းနေပြီး တောမသတ်နိုင်အောင် ရင်ဆိုင်နေချိန်လည်း ဖြစ်ပါတယ်။

၁၉၄၇ ခုနှစ်မှာ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ကြားဖြတ်အစိုးရနဲ့ ဖေဖော်ဝါရီလ (၁၂) ရက်နေ့မှာ ချင်း၊ ကချင်၊ ရှမ်းနဲ့ ပင်လုံသဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါတယ်။ တန်းတူညီမျှမှုကို အခြေခံပြီး ပြည်ထောင်စုကြီးကို တည်ထောင်ဖို့ မျှော်မှန်းခဲ့ကြပါတယ်။ ဒီလိုနဲ့ပဲ ကမ္ဘာမှာ Union Of Burma ရယ်လို့ ပေါ်ပေါက်လာခဲ့ပါတယ်။ လွတ်လပ်ရေးရပြီး မကြာခင်မှာပဲ အာဏာခွဲဝေမှု မညီမျှခြင်း၊ အုပ်ချုပ်သူများရဲ့ လူမျိုးကြီးဝါဒ စွဲကိုင်လာမှုများကို မကျေနပ်မှု၊ နားကြည်းမှုများကြောင့် ပြည်တွင်းစစ်လည်း အတောမသတ်နိုင်အောင် လောင်ကျွမ်းလာပါတော့တယ်။ ပြည်တွင်းစစ် အကျိုးဆက်အနေနဲ့ အာဏာရှင်စံနစ် သက်ဆိုးရှည်လာပြီး လူ့အခွင့်အရေးချိုးဖောက်မှုလည်း များပြားလာပါတော့တယ်။ ဒီလိုနဲ့

PDF Compressor Free Version

တိုင်းရင်းသားလူနည်းစုတွေရဲ့ ခံစားချက်၊ နာကြည်းချက်များဟာ လက်နက်ကိုင်လမ်းစဉ်သို့ ပြောင်းလာပါတော့တယ်။ CNF အနေနဲ့ လက်နက်ကိုင်တိုက်ပွဲဝင်လာတာ (၂၈) နှစ်တင်းတင်း ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။

အနှစ် (၆၀) ကျော်ပြည်တွင်းစစ်ကို အနှစ်ချုပ်ပြီး ယနေ့ပြောကြားလိုပါတယ်။ ကျွန်မတို့ နိုင်ငံဟာ ကမ္ဘာမှာ အဆင်းရဲဆုံးနိုင်ငံမှာ ပါသလို၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုကျူးလွန်မှုမှာ ထိပ်ဆုံးမှာ ပါဝင်ပါကြောင်း၊ လူနေမှုအဆင့်အတန်းနဲ့ ပညာရေး အနိမ့်ဆုံးအဆင့်မှာ ကျရောက်နေပါတယ်။ ဒီလိုနဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအဆင့်ဆင့် ကျဆုံးလာခဲ့ပါတယ်။ အဲ့ဒီမှာ မေးခွန်းရှိပါတယ်၊ ဘာကြောင့် အချင်းချင်းတိုက်နေကြတာလဲ၊ ပြည်တွင်းစစ်မီး အနှစ် (၆၀) ကျော်အထိ ဘာကြောင့် မငြိမ်းနိုင်တာလဲ၊ မေးခွန်းရဲ့ အဖြေက ရှင်းပါတယ်။

စစ်ရေးနည်းဖြင့် ဖြေရှင်းမရနိုင်ဘူး ဆိုတာပါပဲ။ မြန်မာနိုင်ငံပြဿနာဟာ နိုင်ငံရေးပြဿနာဖြစ်တယ်။ နိုင်ငံရေးကို စစ်ရေးနဲ့ ဖြေရှင်းနေလို့ ကြာညောင်းရခြင်း ဖြစ်ပါတယ်။

နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းဖို့ လိုအပ်ပါတယ်။ နိုင်ငံရေးနည်းနဲ့ အဖြေရှာခြင်းဆိုတာ တွေ့ဆုံဆွေးနွေးခြင်း၊ Political Dialogue ပဲဖြစ်ပါတယ်။ CNF နေနဲ့ Political Dialogue မှာ ရှေ့တန်းက ပါဝင်ကြောင်း၊ အစိုးရသစ် ဦးသိန်းစိန်လက်ထဲမှာ တိုင်းရင်းသားများ ရင့်ကြားစေ့ရေး ထုတ်ပြန်ဖိတ်ခေါ်ချက်အရ အားလုံးပါဝင်ကြောင်း ပြည်သူများအသိပဲ ဖြစ်ပါတယ်ရှင်။ တိုင်းရင်းသားလက်ကိုင်များ အစဉ်တစိုက် တောင်းဆိုလာခဲ့တဲ့ အခွင့်အရေး၊ တွေ့ဆုံဆွေးနွေးမှုနဲ့ ပြည်သူများ ငြိမ်းချမ်းသာယာရေးကို ရှေ့ရှုပြီး အကောင်ထည်ဖော်မှုကြောင့် ယနေ့အအခြေအနေကို ရောက်ရှိနိုင်ခြင်းဖြစ်တယ် ဆိုတာ အားလုံးနားလည်ပြီး ဖြစ်ပါတယ်။ CNF ဟာ ချင်းတစ်မျိုးသားလုံးကို ကိုယ်စားပြုပြီး တစိုက်မတ်မတ်တိုက်ပွဲဝင်လာခဲ့ရာမှ ၂၀၁၆ ခုနှစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို တက်ရောက်ခဲ့ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပရခြင်းဟာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ စားပွဲဝိုင်းမှာ ဆွေးနွေးအဖြေရှာခြင်းပဲ ဖြစ်ပါတယ်။ ချင်းအမျိုးသားတရပ်လုံးအတွက် တာဝန်တစ်ခုအနေနဲ့ သတ်မှတ်ပြီးတော့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိနိုင်ဖို့နဲ့ ချင်းတမျိုးသားလုံးအတွက် ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက်၊ ချင်းတစ်မျိုးသားလုံး အနာဂတ်အတွက်၊ ချင်းအမျိုးသားတပ်ဦး နဲ့ ချင်းအမျိုးသားတရပ်လုံး လက်တွဲပြီး ရှေ့ဆက်ချီတက်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အယောက်စီတိုင်း ဘုရားရှင်ကောင်းကြီး ပေးပါစေ။

## (၂၈) နှစ်မြောက် ချင်းတော်လှန်ရေးနေ့တွင် ချင်းငြိမ်းချမ်းရေး အကျိုးဆောင်ကော်မတီ (CPTC) ဥက္ကဋ္ဌ Rev. Tluang Ceu မှ ပြောကြားသော အမှာစကား

PDF Compressor Free Version



ဦးစွာ (၂၈) နှစ်မြောက် ချင်းတော်လှန်ရေးနေ့မှာ အမှာစကား ပြောကြားခွင့်ရတဲ့အတွက် အထူးဝမ်းမြောက်ကြောင်း ဘုရားရှင်၏ ဘုန်းတော်အား ချီးမွမ်းပါ၏။

ကျွန်တော်သည် လက်ရှိ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌနဲ့ ဟားခါး ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ အတွင်းရေးမှူးတာဝန် ထမ်းဆောင်လျက် ရှိနေပါကြောင်း၊ ကျွန်တော်တို့ ချင်းလူမျိုးဟာ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ အခြားတိုင်းရင်းသားများနဲ့ မတူညီတဲ့ အချက်တွေရှိပါတယ်။ အဲဒါ ဘာလဲဆိုရင် ကျွန်တော်တို့ ဘာပဲလုပ်လုပ်၊ ဘာအစီအစဉ်ပဲရှိရှိ ဘုရားသခင်ရဲ့အလိုတော်၊ အစီအစဉ်ဆိုပြီး အလုပ်လုပ်ခြင်းပဲဖြစ်ပါတယ်။ ချင်းအမျိုးသားတပ်ဦး CNF ဟာလည်းပဲ (၂၈) နှစ်တိုင်တိုင် တော်လှန်ရေးဆင်နွဲတဲ့နေရာမှာ မိမိတို့ရဲ့ အရည်အချင်းနဲ့ အစွမ်းသတ္တိကို အားမကိုးပဲ ဘုရားသခင်ကိုအားကိုးပြီး တော်လှန်ရေးလုပ်နေတယ်ဆိုတာ ကျွန်တော်တို့ တွေ့မြင်ရတယ်။ အဲ့ဒါကြောင့် ဒီတော်လှန်ရေးဟာ အောင်မြင်မှာဖြစ်ကြောင်း ပထမအနေဖြင့် ပြောကြားလိုပါတယ်။

ချင်းအမျိုးသားတော်လှန်ရေး ဆင်နွှဲနေတဲ့နေရာမှာ အခြားတိုင်းရင်းသားများနဲ့ မတူပဲ ဆင်းရဲခက်ခဲတဲ့ ဒဏ်များကို ခါးစည်းခံစားရင်ဆိုင်နေရကြောင်း ကျွန်တော်တို့ နားလည်ပါတယ်။ ဘာကြောင့်လည်း ဆိုရင် အမိချင်းပြည်မှာ သဘာဝသယံဇာတများ မထွက်ရှိတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ စားသောက်နေထိုင်ရေးမှာ ခက်ခဲကြတယ်။ ကျွန်တော် စဉ်းစားခဲ့ဖူးပါတယ်၊ CNF/CNA ဟာ အဆင်ပြေ ဝလင်စွာ စားသောက်ချိန်ထက် ငတ်ပြတ်တဲ့ နေ့ရက်များက ပိုမိုများမှာဖြစ်ကြောင်း စဉ်းစားခဲ့ဖူးပါတယ်။ မီဇိုရမ်ပြည်နယ် Camp Victoria စခန်း တည်ရှိန်မှာ ကျွန်တော်ကိုယ်တိုင် လာရောက်တွေ့ဆုံခဲ့ဖူးပါသည်။ ယခု ဌာနချုပ်စခန်း ပြန်လည်တည်ထောင်တဲ့ နောက်ပိုင်းမှာလည်း ကျွန်တော်အကြိမ်ကြိမ် လာရောက်ခဲ့ပါတယ်။ CNF/CNA ဟာ ဝတ်စားဆင်ယင်မှု၊ စားသောက်ရေးအခက်ခဲအကြောင်းကို ချင်း

PDF Compressor Free Version

ပြည်တစ်ရပ်လုံးက မသိနိုင်ကြသော်လည်း ကျွန်တော်မျက်မြင်ကိုယ်တွေ့ဖြစ်ပြီး ပြည်သူအတွက် ပေးဆပ်မှုအနစ်နာခံမှုကို လေးစားဂုဏ်ပြုကြောင်း ပြောကြားလိုပါတယ်။ သို့သော် ဘယ်လောက် ခက်ခဲကြမ်းတမ်းသော်လည်း အရှုံးမပေးကြဘူး။ စိတ်ဓာတ်ကျပြီး နောက်ကြောင်းမလှည့်တဲ့ ချင်းအမျိုးသားတပ်ဦးဟာ ဘယ်သောအခါမှ မိဘအိမ်ကိုမပြန်ဘဲ ဆက်လက်တိုက်ပွဲဝင်ခဲ့ကြတယ်။

ဘယ်သူတွေက CNF/ CNA ဆိုပြီး မသိနားမလည်ဘဲ ပြောဆို၊ အမြင်မကြည်လင်မှုများ ရှိခဲ့ရင်လည်း နားလည်ခွင့်လွှတ်ပေးကြပါ။ ချင်းအမျိုးသားတပ်မတော်ဟာ အမိချင်းပြည်နဲ့ ချင်းပြည်အတွက် ဘဝပေးဆပ် အလုပ်လုပ်နေကြတဲ့ သူရဲကောင်းတွေဖြစ်ကြောင်း ပြောလိုပါတယ်။ အားအင်တောင်းတင်း အစွမ်းအစရှိပြီး ပညာအရည်အချင်း ပြည့်ဝသူတွေ ဖြစ်ပါတယ်။ ကျွန်တော့်အမြင် ပြောရရင် ချင်းလူမျိုးအတွက် ပညာတတ်၊ ပညာရှိ အင်အားရှိတဲ့သူတွေဟာ တော်လှန်ရေးကို ဆင်နွှဲနေတဲ့ ချင်းအမျိုးသားတပ်ဦးသာဖြစ်ကြောင်း ယုံကြည်ပါတယ်။

၂၈ နှစ်တာကာလအတွင်း တော်လှန်ရေးခရီးမှာ ခက်ခဲကြမ်းတမ်းတဲ့ အချိုးအကွေ့များစွာကို ကျော်လွှားနိုင်ပြီလို့ ယုံကြည်ပါတယ်။ CNF ရဲ့ ရည်မှန်းချက် ၆၀ ရာခိုင်နှုန်းအောင်မြင်ပြီလို့လည်း ခံယူပါတယ်။ အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့စည်းများလို CNF က လူအင်အား၊ လက်နက်အင်အား မရှိကြောင်း၊ အသိအမှတ်ပြုဖို့ မတန်ကြောင်း ပြောနေကြသော်လည်းပဲ လူအင်အား၊ လက်နက်အင်အားက အဓိကမဟုတ်ဘူး။ ဒီနေ့ အခြားတိုင်းရင်းသားတွေနဲ့အတူ နိုင်ငံရေးစားပွဲဝိုင်းမှာ တွေ့ဆုံကြတဲ့အခါ CNF က စားပွဲထိပ်မှာ ထိုင်ပြီး စကားပြောနေရတယ်လို့ ကျွန်တော်မြင်ပါတယ်။ CNF/ CNA ဟာ နိုင်ငံရေးစားပွဲဝိုင်းမှာ ထိပ်ပိုင်းမှာထိုင်ပြီး ဦးဆောင်နေခြင်းဖြစ်ကြောင်း မြင်ပါတယ်။ CNF နဲ့ အစိုးရတို့ ပထမဆုံးအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲတုန်းက ဟားခါးမြို့အဝင် ပြည်သူများရှေ့မှောက်မှာ အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ Dr.Sui Khar ပြောခဲ့တဲ့စကားကို ကျွန်တော် ဒီနေရာကနေ ပြန်လည်ပြောကြားလိုပါတယ်။ Dr. Sui Khar က ကျွန်တော်တို့ CNF အနေဖြင့် ဒီနေ့ ဒီအစိုးရကို ဘာမှတောင်းဆိုစရာမရှိဘူး၊ သူတို့သိမ်းခဲ့တဲ့ ကျွန်တော်တို့ ချင်းလူမျိုးများ ပိုင်ဆိုင်လာခဲ့တဲ့ မြေ၊ အခွင့်အရေး၊ ယဉ်ကျေးမှု၊ စာပေ စတာတွေကို ချင်းပြည်သူလက်ထဲ ပြန်လည်အပ်နှံဖို့ တောင်းဆိုဖို့အတွက် ရောက်ရှိလာခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်ဟာ ချင်းပြည်သူများရဲ့ ပိုင်ဆိုင်မှုကို ပြန်လည်အရယူရန် တော်လှန်ရေးဆင်နွှဲနေခြင်းသာ ဖြစ်ပါတယ်။ ချင်းပြည်သူများ မူလပိုင်ဆိုင်မှုများကို အပြည့်အဝအရယူပေးဖို့အတွက် ဆက်လက်ပြီး တိုက်ပွဲဝင်ကြဖို့ ထပ်ပြီး တိုက်တွန်းလိုပါတယ်။

PDF Compressor Free Version

ဤအချိန်အခါမှာ ချင်းငြိမ်းချမ်းရေး အကျိုးဆောင်ကော်မတီရဲ့ လုပ်ငန်းကို အနည်းငယ်ပြောကြား လိုပါတယ်။ ၁၉၉၆ ခုနှစ်မှာ အစိုးရနဲ့ ချင်းအမျိုးသားတပ်ဦးအကြား ကြားဝင်ဖြန်ဖြေရေးနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးနိုင်ဖို့ ချင်းငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (CPTC) ကို ဖွဲ့စည်းခဲ့ပါတယ်။ CNF ကိုသော်လည်းကောင်း၊ အစိုးရကိုသော်လည်းကောင်း ဆက်သွယ်ဖို့ ကြောက်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီကော်မတီအနေနဲ့ အရေးကြီးတဲ့အလုပ်ကို မဖြစ်မနေ ကြိုးစားပြီး လုပ်ဆောင်ခဲ့ကြပါတယ်။ ဒီလိုနဲ့ နှစ်ဖွဲ့လုံး ဆက်သွယ်ပြီး လုပ်ငန်းအကောင်ထည်ဖော်ဆောင်လာရခြင်းဖြစ်ပြီး၊ ကျွန်တော်တို့ဟာ ချင်းအမျိုးသားတပ်ဦးရဲ့ လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ခဲ့ပြီး CNF က အသိအမှတ်ပြုပေးကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်တဲ့အထိ လက်တွဲလာခဲ့တာ ယနေ့တိုင် ဖြစ်ပါတယ်။ ချင်းအမျိုးသားတပ်ဦးရဲ့ လုပ်ငန်း ၆၀ % အောင်မြင်ပြီဖြစ်ကြောင်း ရှေ့ကပြောခဲ့သလို ကျွန်တော်တို့လည်း အောင်မြင်ပြီဖြစ်ကြောင်း ပြောလိုပါတယ်။

၂၀၁၂ ခုနှစ် အစိုးရနဲ့ CNF ငြိမ်းချမ်းရေးဆွေးနွေးပွဲ စာချုပ်ချုပ်ဆိုရာမှာ ကျွန်တော်တို့ကိုလည်း ပါဝင်စေရုံမက အပစ်အခတ်ရပ်ဆဲရေး စောင့်ကြည့်ရေးအဖွဲ့ကို တာဝန်ပေးပြီး အလုပ်လုပ်ခဲ့တာ ၄ နှစ်ပြည့်ပြီ ဖြစ်တယ်။ ဒီအလုပ်ဟာ ကျွန်တော်တို့ ကျွမ်းကျင်တဲ့အလုပ် မဟုတ်သလို မြန်မာနိုင်ငံမှာ မရှိဖူးတဲ့ အလုပ်ဖြစ်ပြီး CNF ခေါင်းဆောင်များရဲ့ တာဝန်ပေးချက်အရ ကျွန်တော်တို့ ကြိုးစားလုပ်ဆောင်ခဲ့ကြပါတယ်။ ဘုရားရှင်ရဲ့ ကျေးဇူးတော်အားဖြင့် မြန်မာနိုင်ငံအတွင်း အပစ်အခတ်ရပ်စဲရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့မှာ ကျွန်တော်တို့ ချင်းလူမျိုးဟာ အောင်မြင်မှုအရှိဆုံးနဲ့ မြန်မာငြိမ်းချမ်းရေး စင်တာ (MPC) ထက်တောင် လုပ်နိုင်ကြောင်း ဂုဏ်ယူစွာ ပြောကြားလိုပါတယ်။ မကြာခင်မှာလည်း JMC မှာ CNF ကနေ တာဝန်ပေးရင် ဆက်လက်လုပ်ဖို့ အသင့်ရှိပါကြောင်းလည်း ပြောကြားလိုတယ်။

နိဂုံးချုပ်အနေနဲ့ CNF ဟာ ဆူးခင်းလမ်းကို ကျော်လွှားနိုင်ပြီးဖြစ်သော်လည်း ပန်းခင်းလမ်းကို မလျှောက်နိုင်သေးပါဘူး၊ ကတ္တာရာလမ်းလည်း မလျှောက်နိုင်သေးဘူး၊ ကျောက်ခင်းလမ်းကိုသာ လျှောက်နေရကြောင်းနဲ့ ဒီအချိန်မှာ CNF က စည်းလုံးညီညွတ်မှုကို ရှေ့တန်းတင်ပြီး ဆက်လက်ချီတက်ကြဖို့၊ ခါးပတ်ကို တင်းကြပ်စွာစည်းပြီး၊ ပန်းခင်းလမ်း ရောက်ပြီဆိုပြီး သတိမမေ့ဖို့နဲ့ အမိချင်းပြည်မှာ ကိုယ်ကြမ္မာကိုယ်ဖန်တီးခွင့် အပြည့်အဝရရှိတဲ့အထိ အားတင်းပြီး အချိန်တိုအတွင်း အရယူပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

CNF/ CNA အား ဘုရားရှင် စောင့်ရှောက်၍ ကောင်းကြီးပေးတော်မူပါစေ။

□□□□□

PDF Compressor Free Version

## (၂၈) နှစ်မြောက် ချင်းတော်လှန်ရေးနေ့တွင် တိုင်းရင်းသားလူမျိုးများ တိုးတက်ရေးဖွံ့ဖြိုးရေး ENDP ပါတီအတွင်းရေးမှူး ပူးဇန်ကျင် မှ ပြောကြားသော အမှာစကား



(၂၈) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ကို တက်လာကြတဲ့ ညီနောင်သည်တော်များအားလုံး မင်္ဂလာပါ ခင်ဗျား -

အခုလို အမှာစကားပြောခွင့်ရတဲ့အတွက် အထူးဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ချင်းအမျိုးသားတပ်ဦး အပေါ် ကျေးဇူးဥပကာရ တင်ရှိကြောင်း ပြောကြားလိုပါတယ်။

CNF/CNA နဲ့ ကျွန်တော် သိကျွမ်းခင်မင်လာပုံ၊ ထပ်တူထပ်မျှ မျှဝေခံစားလာပုံတွေကို အကျဉ်းချုပ်ပြီး အနည်းငယ်ပြောကြားလိုပါတယ်။

၁၉၈၉ ခုနှစ်မှာ ကျွန်တော် အိန္ဒိယနိုင်ငံ၊ ဆိုင်ဟားမြို့ကို ရောက်သွားတဲ့အချိန်မှာ မရာမျိုးနွယ် လူငယ်များဖြစ်တဲ့ Se Hu နဲ့ Ngun Cung Lian တို့ရောက်လာပြီး CNA သို့ ဝင်မည်ဖြစ်ကြောင်း ကျွန်တော့်ထံ အကြံတောင်းလာတော့၊ ကျွန်တော်က သူတို့ပညာအရည်အချင်းကို မေးလိုက်ပါတယ်။ သူတို့ရဲ့ အတန်းကိုအသီးသီးပြောကြပါတယ်။ မင်းတို့ ငယ်သေးတယ်၊ ပညာသာဆက်သင်ကြပါ။ ရှုပ်ရှုပ် ယှက်ယှက် မလုပ်ကြနဲ့လို့ တားမြစ်ခဲ့မိပါတယ်။ သူတို့က ကျောင်းလည်းပိတ်နေပြီ၊ လုပ်စရာမရှိဘူးလို့ ပြောကြပါတယ်။ အဲ့တော့ သူတို့ခံယူချက်နဲ့ ယုံကြည်ချက်အတိုင်း ချင်းအမျိုးသားတပ်မတော်ကို ဝင်ရောက်သွားခဲ့ကြတယ်။ အဲဒီအချိန်ကစပြီး CNF ဆိုတာ သိရှိပြီး ရင်ထဲမှာ သိမ်းဆည်းလျက် အမှတ်ရလာခဲ့ပါတယ်။

အဲ့ဒီနောက်မှာ ဆဲဟူးနဲ့ပြန်တွေ့ပြီး ဦးလေး ကျွန်တော်တို့ အခြေခံစစ်သင်တန်းကို အောက်မြင်ခဲ့ပြီဖြစ်ကြောင်းပြောလာပါတယ်။ ကျွန်တော်လည်း စိတ်ဝင်တစားနဲ့ နေထိုင်စားသောက်မှုတွေကို မေးမြန်းရင်း CNF နဲ့ ကျွမ်းဝင်လာခဲ့ပါတယ်။ မာရာနယ် မော်ဟာရေရွာနားမှာ Camp Victoria စခန်းတည်

PDF Compressor Free Version

ဆောက် အခြေချလာခဲ့ကြပါတယ်။ အဲဒီအချိန်မှာ နာဂတပ်ဖွဲ့တက်လာတော့ ကျွန်တော်လည်း MPP ပါတီပြုတ်သွားပြီး အားနေတာရယ်၊ ရယက ဉက္ကဋ္ဌ တာဝန်ထမ်းဆောင်နေချိန်လည်း ဖြစ်တာမို့ မော်ဟာရေရှာကို ရောက်ရင်း CNF လူကြီးများနဲ့တွေ့ဆုံဆွေးနွေးပြီး ပိုမို ခင်မင်ရင်းနှီးလာခဲ့ပါတယ်။ သူတို့ရဲ့ ပေါ်လစီများကိုလည်း နားလည်လာခဲ့ပါတယ်။ အစိုးရ တပ်မတော်ဖက်က ဖိနှိပ်နေတဲ့ကြားက CNF အနေနဲ့ စခန်းတွေကိုတည်ဆောက်ပြီး စစ်ရေးပြင်ဆင်မှုပြုလုပ်ကာ လုပ်အားပေးတွေ ခေါ်နေချိန်ဖြစ်တဲ့အတွက် သွားလာတိုင်း ဗမာ့တပ်မတော်ရဲ့ မေးမြန်းစစ်ဆေးမှုကို ခံရပါတယ်။ တစ်ချိန်တည်းမှာပဲ ဟားခါးတပ်ကုန်း ရှန်းတောင်မှာ သူငယ်ချင်းများ ထောင်ကျခဲ့ကြပါတယ်။ တစ်ညနှစ်ညလောက် ထောင်ကျပြီး လွတ်လာသူရှိသလို CNF နှင့် လျှို့ဝှက်ဆက်သွယ်ကောင်းလားဆိုပြီး နှိပ်စက်ညှင်းပန်းကာ တစ်လနှစ်လ ထောင်ကျနှိပ်စက်ခံခဲ့သူတွေလည်း ရှိပါတယ်။ ရာဆီးရွာနားမှာ စခန်းထိုင်တဲ့ဗမာ့တပ်မတော်က ကျွန်တော့အား ကြက်နှစ်ကောင်နှင့် ချက်ခြင်းလာတွေ့ရန် အမိန့်ပေးလိုက်ပါတယ်။ ဒီအချိန်မှာ ကျွန်တော် ခရီးလွန်နေကြောင်း၊ ဇနီးသည်က ဦးလေးကို အကူအညီတောင်းပြီး သွားပေးရာမှာ ဗမာတပ်မတော်က ပိုင်းကာ လူနှစ်ဦးဖမ်းပြီး တစ်ဦးကို သေဒဏ်ပေးခဲ့တယ်။ ကျွန်တော့ညီများကို ခေါ်ဆောင်ပြီး တစ်ရွာဝင်တစ်ရွာထွက် CNF ဘယ်သူဆိုတာ ပြခိုင်းခဲ့တယ်၊ ရှန်းတောင်မှာ ညှင်းပန်းမှုကြောင့် လွတ်လာချိန်မှာ စိတ်မမှန်တဲ့အထိ ဖြစ်ခဲ့ပါတယ်။ သူ့ကို အိုင်ဇောလ်အရှူး ဆေးရုံမှာ ကုသမှုခံယူစေခဲ့ပါတယ်။ အဲ့ဒီလိုဘဲ ကျွန်တော်တို့လည်း CNF နဲ့ထပ်တူ ခံစားပေးဆပ်လာခဲ့ကြတယ်။

သူပုန်၊ ဓားမြ သာသာလို့ ထင်ခဲ့ကြတဲ့ CNF ဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ဒီနေ့ဆိုရင် အောင်မြင်မှုနဲ့အတူ နိုင်ငံတကာမှာ ချင်းလူမျိုးများ ကိုယ်ပိုင်ပြဌာန်ခွင့် ရရှိရေးအတွက် ချင်းလူမျိုးကို ကိုယ်စားပြု လှုပ်ရှားနေနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ သူများတိုင်းပြည်တွေလို တိုက်ပွဲတွေမဖန်တီးဘဲ နိုင်ငံရေးဖက်ကို ဦးစိုက်လုပ်ကိုင်ခဲ့တဲ့ CNF လူကြီးများရဲ့ နိုင်ငံရေးအမြော်အမြင်ကို လေးစားကြောင်းနဲ့ တပ်မတော်သားများရဲ့ ဘဝနဲ့အသက်ပေးဆပ်မှုကို လေးစားအပ်ပါကြောင်း၊ ကျွန်တော်တို့ ချင်းပြည်မှာ တိုက်ပွဲရှောင် စစ်ပြေးဒုက္ခသည်တွေကို မဖန်တီးခဲ့ဘဲ နိုင်ငံရေးနည်းလမ်းဖြင့် လူမျိုးကို ဦးဆောင်နေတဲ့ အဖွဲ့ဖြစ်တဲ့အတွက် ချင်းအမျိုးသားတပ်ဦး/တပ်မတော်အား လေးစားဂုဏ်ပြုအပ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

❑❑❑❑❑

PDF Compressor Free Version

# ချင်းအမျိုးသားတပ်ဦး ဥက္ကဌ ပူး ဇင်ကျုံး၏ Chinland Club ဝင်များထံသို့ ပေးပို့သော အမှာစာ



**၂၀၁၆ ခုနှစ်၊ မတ်လ (၅) ရက်**

ချင်းလဲန်းကလပ်ဝင် အပေါင်းတို့ခင်ဗျား-

အားလုံးကို ချင်းလဲန်း မှ နှုတ်ဆက်လိုက်ပါတယ်။ Chinland Club ကို ၂၀၁၀ စက်တင်ဘာလကနေ စတင်တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၅ နှစ်ကုန်ပိုင်း ရောက်တဲ့အခါမှာတော့ ချင်းလဲန်းကို ချစ်မြတ်နိုးသူများဖြစ်ကြတဲ့ အဖွဲ့ဝင်ဦးရေ (၅၀၀၀) ထက်မနည်း ရောက်ရှိနိုင်ခဲ့ပါတယ်။ ရည်မှန်းချက်ပန်းတိုင် မရောက်သေးသော်လည်းပဲ Chinland Club ရဲ့ ပံ့ပိုးမှုကြောင့် ချင်းအမျိုးသားတပ်ဦး အနေဖြင့် အမျိုးသားနိုင်ငံရေး တိုက်ပွဲအဆင့်ဆင့်ကို ခွန်အားရှိရှိ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ချင်းလဲန်းနဲ့ ချင်းပြည်သူအတွက် Chinland Club အဖွဲ့ဝင်များရဲ့ ပူးပေါင်းပါဝင်မှုအပေါ် ချင်းအမျိုးသားတပ်ဦးက အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

၂၀၁၆ ဇန္နဝါရီလ ၂၅ ရက်မှ ၃၀ ရက်နေ့အထိ ကျင်းပပြုလုပ်တဲ့ ဆဋ္ဌမအကြိမ်မြောက် ချင်းအမျိုးသားတပ်ဦးရဲ့ ပါတီညီလာခံ ကျင်းပနိုင်ဖို့အတွက် လိုအပ်တဲ့ ဘတ်ဂျက်ငွေကို မိမိတို့နေထိုင်ရာ နေရာအသီးသီးကနေ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ညီလာခံကြီးကိုလည်း အောင်အောင်မြင်မြင် ကျင်းပပြုနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ အတူတကွ ပူးပေါင်းအားထုတ်မှုကြောင့် လာမယ့် ညီ

PDF Compressor Free Version

လာခံသတ်တမ်းအတွင်း ချင်းအမျိုးသားတပ်ဦးရဲ့ မဟာဗျူဟာ၊ လုပ်ငန်းစဉ်တွေကိုလည်း ဆွေးနွေးချမှတ်နိုင်ခဲ့ပါတယ်။ ဒါတွေအားလုံးဟာ စည်းစည်းလုံးလုံး ကြိုးစားအားထုတ်မှုရဲ့ အသီးအပွင့်တွေပဲဆိုတာ အားလုံးနားလည်ကြပြီး ဖြစ်ပါတယ်။ အဲဒါကြောင့် လာလတ့ံသော ကာလများမှာလည်း စည်းလုံးခြင်းဖြင့် ခွန်အား ပြန်လည်စိုက်ထုတ်ကြရအောင်လို့လည်း တိုက်တွန်းလိုပါ တယ်။

ချင်းအမျိုးသားတပ်ဦးရဲ့ ဆဋ္ဌမအကြိမ်မြောက် ပါတီညီလာခံကြီးကနေ ၂၀၁၆-၂၀၂၀ ခုနှစ်အတွင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) မှ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး (Political Dialogue) ပြုလုပ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖို့အတွက် ရည်ရွယ်ထားပါတယ်။ အဲ့ဒီလမ်းကြောင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ရွေးချယ်ထားတဲ့အတွက် မိမိတို့ အမျိုးသားရည်မှန်းချက်ဖြစ်တဲ့ “ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး” စစ်မှန်သော လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနေဆဲ ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

❑❑❑❑❑

PDF Compressor Free Version

# ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌ (၂) ဒေါက်တာ လျန်မှုန်ဆာခေါင်း၏ Chinland Club ဝင်များထံသို့ ပေးပို့သော အမှာစာ



Chinland Club အဖွဲ့ဝင် ညီအစ်ကို မောင်နှမများ ခင်ဗျား ၂-၄-၂၀၁၆

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြမယ်လို့ မျှော်လင့်ပါတယ်။ ချင်းပြည်နဲ့ ချင်းလူမျိုးအတွက် ကာယ၊ ဉာဏ၊ ဓန အားဖြင့် တတတ်တအား ပံ့ပိုးအားထုတ်မှုအပေါ် ချင်းအမျိုးသားတပ်ဦးက အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ အယောက်စီတိုင်းအပေါ် အဖဘုရားသခင်က ပြန်လည်၍ ကောင်းကြီးချပေး သနားတော်မူပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း အားလုံးကို လက်ဆက်နှုတ်ဆက်အပ်ပါတယ်။

ကျွန်တော်တို့ ဗမာပြည်ဟာ ခင်ဗျားတို့နဲ့ ကျွန်တော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှု၊ မိမိတို့ရဲ့ တရားသော စစ်ကြောင့် တရွေ့ရွေ့ပြောင်းလဲရာကနေ အခုဆိုရင် ပြုပြင်ပြောင်းလဲမှုတွေ အလျင်အမြန် ဖြစ်ပေါ်လာတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲ့ဒီလို ပြောင်းလဲမှုရဲ့ အဓိက အခြေခံအကျဆုံး အချက် (၂) ချက်ရှိပါတယ်။ ပထမအချက်ကတော့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု (Democratization Process) နဲ့ ဒုတိယအချက်ကတော့ ငြိမ်းချမ်းရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု (Peace Process) ဖြစ်ပါတယ်။

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုဟာဆိုရင် NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်တယ်လို့ ဆိုနိုင်ပါတယ်။ ၂၀၁၅ နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲမှာ အပြတ်အသတ် အနိုင်ရသွားပြီးနောက် အခုဆိုရင် အစိုးရသစ်ကို ဖွဲ့စည်းလိုက်ပြီဖြစ်တဲ့အပြင် ကျွန်တော်တို့ ချင်းလူမျိုးစစ်စစ်ဖြစ်တဲ့ ဟင်နရီဗန်ထီယိုး ကိုယ်တိုင် နိုင်ငံတော်အကြီးအကဲရာထူးဖြစ်တဲ့ ဒုတိယသမ္မတ ရာထူးကို ရရှိတဲ့အတွက်လည်း ဘုရားသခင်ရဲ့ နာမတော်ကို ချီးမွမ်းပါတယ်။

ဒါပေမဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု တစ်ခုတည်းကြောင့် ကျွန်တော်တို့ ချင်းလူမျိုးနဲ့ တိုင်းရင်းသား ညီအစ်ကိုများလိုလားတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို ရရှိသွားမှာ မဟုတ်ပါ။ အဲ့ဒါကြောင့် မြန်မာနိုင်ငံမှာ ဒီမိုကရေစီစံနစ် တစ်ခုတည်း ထွန်းကားရုံနဲ့ မလုံလောက်နိုင်ဘူးဆိုတာကို ခေတ်ကာလအဆက်ဆက် ကြွေးကြော်လာခဲ့ခြင်း ဖြစ်ပါတယ်။ ဒီမိုကရေစီ တစ်ခုတည်းအတွက်ဆိုရင် တိုင်းရင်းသားတွေ

PDF Compressor Free Version

လက်နက်ကိုင်နေစရာ မလိုပါဘူး။ ကချင်၊ ကရင် နဲ့ အခြားတိုင်းရင်းသားညီအစ်ကိုများဟာ ပါလီမန် ဒီမိုကရေစီခေတ်ကတည်းက လက်နက်စွဲကိုင်တိုက်ပွဲ ဝင်လာခဲ့ကြပြီး ဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် ဒီမိုကရေစီစံနစ်တစ်ခုတည်းနဲ့ မလုံလောက်လို့ပါဘဲ။

အဲ့ဒါကြောင့်မလို့ ငြိမ်းချမ်းရေးကို ပြုလုပ်ရခြင်းဖြစ်တယ်။ အဲ့ဒီ ငြိမ်းချမ်းရေးလုပ်ငန်းမှာ အဓိကဆောင်ရွက်ရမယ့် အချက်ကတော့ နိုင်ငံရေးဆွေးနွေးမှု Political Dialogue ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် NCA ကနေ အစပျိုးခဲ့ပါတယ်။ အဲ့ဒီကနေတဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ တိုင်းပြည်ကို ဘယ်လိုတည်ဆောက်မယ်၊ ဖွဲ့စည်းပုံကို ဘယ်လိုပြင်ဆင်မလဲ စတာတွေအားလုံး လွှတ်တော်ပြင်ပမှာ ဘယ်အနှောင်အဖွဲ့မှမရှိဘဲ လွတ်လွတ်လပ်လပ် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဲ့ဒါကြောင့် တိုင်းပြည် ပြန်လည်တည်ဆောက်ရေးအတွက် လွှတ်တော်အတွင်း ဆွေးနွေးမရတဲ့အချက်အလက်တွေကအစ အသေးစိတ် ဆွေးနွေးသွားမယ်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဖက်ဒရယ်ပြည် ထောင်စုတည်ဆောက်ရေး စသဖြင့် အားလုံး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ လက်နက်ကိုင် တိုက်ပွဲကို ဆင်နွှဲရခြင်းရဲ့ အဓိကဦးတည်ချက်တွေလည်း ဖြစ်တယ်။ ဒါကို တပ်ဦးရဲ့ ဥက္ကဌ ပူးဇင်ကျုံးက “နောက်ဆုံးတိုက်ပွဲ” လို့ သမုတ်ထားပါတယ်။ သိပ်မှန်ကန်ပါတယ်။ ဤနောက်ဆုံးတိုက်ပွဲမှာ ကျွန်တော်တို့ ရှုံးနိမ့်သွားမလား?၊ လုံးဝအရှုံးမပေးပါ၊ အားလုံးပူးပေါင်းပြီး အောင်မြင်မှုရရှိတဲ့အထိ တိုက်ပွဲဝင်သွားကြမယ်။

ဒီလို နိုင်ငံရေးတိုက်ပွဲကို ဆင်နွှဲတဲ့နေရာမှာ သတိထားရမယ့် အချက်တစ်ခုရှိတယ်။ အဲ့ဒါကတော့ နိုင်ငံရေးစားပွဲဝိုင်းမှာ တိုက်ပွဲဝင်ရမယ့် နိုင်ငံရေးဆွေးနွေးပွဲမှာ ငါတို့ရဲ့ ပြိုင်ဖက်ဟာ စစ်မြေပြင်မှာ တိုက်ရတဲ့ ရန်သူလိုပဲ အန္တရာယ်ရှိပြီး၊ ခက်ခဲမယ်။ အဲ့ဒါကြောင့် အားလုံးအတူလက်တွဲပြီး ဘုရားရှင်ထံဆုတောင်းခြင်းအားဖြင့် တိုက်ပွဲဝင်ကြရအောင်၊ ကျွန်တော်တို့ ဆက်ပြီး ကြိုးစားဖို့ လိုပါသေးတယ်၊ ချင်းပြည်နဲ့ ချင်းလူမျိုးကိုချစ်သော မျိုးချစ်ပုဂ္ဂိုလ်များအားလုံး လက်တွဲမဖြုတ်ဘဲ သတိရှိရှိနဲ့ ခွန်အားသစ်တွေ မွေးထားကြရအောင်လို့ တိုက်တွန်းနှိုးဆော် အပ်ပါတယ်။

အမိချင်းလဲန်းနဲ့ ချင်းပြည်သူအတွက် သင့်ရဲ့ ရဲဘော်ရဲဘက်

ဒေါက်တာလျန်မှုန်ဆာခေါင်း
ဒုတိယဥက္ကဌ (၂)
ချင်းအမျိုးသားတပ်ဦး

PDF Compressor Free Version





PDF Compressor Free Version





PDF Compressor Free Version






PDF Compressor Free Version






PDF Compressor Free Version

# ငါ့ကို ရိုက်မယ့်သူကို ငါမရွေးနိုင်ဘူး

တစ်ခုသော တောရွာလေးတစ်ရွာမှာ ကျေးရွာအတွင်း မူးယစ်ရမ်းကားပြီး၊ အိမ်မွေးတိရိစ္ဆာန်တွေကို ခိုးစားတတ်တဲ့ ပေါက်ကြားတို့အဖွဲ့ (၉) ဦးရှိသတဲ့၊ တောရွာလေးမို့ သူတို့ (၉)ဦးကို ထိန်းမရသိမ်းမရ ဖြစ်နေကြသလို ကျေးရွာလေးဟာလည်း မငြိမ်မသက်ဖြစ်လာတယ်။

အဲ့တော့ ကျေးရွာရဲ့ သာရေး၊ နာရေးကိစ္စအဝဝကို ဖြေရှင်းဆောင်ရွက်ဖို့အတွက် လူငယ်အသင်းကို ဖွဲ့စည်းကြပါတယ်။ အဲ့ဒီလူငယ်အသင်း ဖွဲ့စည်းပြီးတဲ့နောက်မှာတော့ ပေါက်ကြားတို့ (၉) ဦးဟာလည်း အနေအထိုင်ပိုပြီး ကြပ်လာသလို၊ တခါတရံမှာ လူငယ်အသင်းတွေရဲ့ ဖမ်းဆီးရိုက်နှက်၊ ဆုံးမမှုတွေ တွေကို ခံခဲ့ကြပါတယ်။ ဒါပေမဲ့ သူတို့ကတော့ ဆိုးနေကြအတိုင်းပဲ ဆက်ပြီး လုပ်နေကြတယ်။

တစ်နေ့ကျတော့ အဲ့ဒီလူငယ်အသင်းရဲ့ ခေါင်းဆောင်တွေကို အများဆန္ဒနဲ့ ရွေးချယ်ရမယ့်နေ့၊ ရွာသူကြီးအိမ်မှာ လူငယ်ခေါင်းဆောင်တွေ ရွေးချယ်ဖို့အတွက် ရပ်မိရပ်ဖနဲ့ လူငယ်တွေက စုံနေသလောက်ရှိနေပြီ (ပေါက်ကြားက) လွဲလို့ပေါ့။ ပေါက်ကြားတစ်ယောက်ကတော့ တမင်တကာ အရွက်တိုက်ပြီး ရွာဘေးက အိမ်တစ်အိမ်မှာ အရက်သောက် မူးနေပြီ။ လူငယ်တွေကို တစ်ယောက်ပြီးတစ်ယောက် လွှတ်ခေါ်ခိုင်းပေမဲ့ ခေါ်မရတဲ့အဆုံး သူ့တစ်ပည့်ထဲက တစ်ယောက်ကို ခိုင်းရင် ပိုအဆင်ပြေမယ်ဆိုပြီး လူငယ်ခေါင်းဆောင်တစ်ယောက်က ပေါက်ကြားတပည့်တွေထဲက တစ်ယောက်ကို လွှတ်လိုက်တယ်။ သူ့ Boss ထံရောက်မှတော့ ပြန်ပေါ်မလာတော့ဘူး။ အဲ့တော့ နောက်တစ်ယောက် ခိုင်းပြန်ရော၊ အဲ့ဒီအကောင်လည်း ပြန်မပေါ်ပြန်၊ အဲ့လိုနဲ့ (၈)ဦးစလုံး လွှတ်ပြီးပြီ၊ လူငယ်ခေါင်းဆောင်က မဖြစ်တော့ဘူးဆိုပြီး ပေါက်ကြားတို့အဖွဲ့ကို ဖမ်းဖို့အတွက် သူတို့နေတဲ့အိမ်ကို လူငယ်တွေနဲ့ သွားကြတယ်။

သူတို့ နေတဲ့အိမ်ရောက်တော့ လူငယ်ခေါင်းဆောင်က "ဒီနေ့ လူငယ်ခေါင်းဆောင်ရွေးရမယ်၊ မင်းတို့ မရှိရင် မဖြစ်ဘူး၊ ရပ်မိရပ်ဖတွေလည်း စုံနေပြီ" လို့ ပေါက်ကြားကို ပြောလိုက်တယ်။ ပေါက်ကြားက ဘယ်လိုပြန်ပြောလိုက်လဲသိလား "**ငါ့ကို ရိုက်မယ့်ကောင်ကို ငါကိုယ်တိုင် ရွေးရမလား၊ လုံးဝမရွေးနိုင်ဘူး**" တဲ့။

□□□□□

PDF Compressor Free Version
## အင်တာဗျူး

မေး။ ဒီဌာနရောက်တာ ဘယ်လောက်ကြာပြီလဲ
ဖြေ။ အလုပ် စဝင်ကတည်းကပါပဲ။

မေး။ လုပ်သက်တစ်လျှောက်မှာ ခွင့်ယူဖူးသလား၊ ဘယ်လိုခွင့်တွေလဲ
ဖြေ။ ဟုတ်.. ယူဖူးပါတယ်။ လုပ်ပိုင်ခွင့်၊ အခွင့်ကောင်း၊ အခွင့်အရေး အားလုံး ယူဖူးပါတယ်။

မေး။ အလုပ်နဲ့ပတ်သက်လို့ ငြင်းဖူး၊ ရှောင်ဖူးတာရှိသလား
ဖြေ။ နိုင်ငံခြားသွားမယ့် ကိစ္စတွေမှာ တစ်ခါမှ မငြင်းဖူး၊ မရှောင်ဖူးပါဘူး။

မေး။ ဘာတွေ တက်ထားပြီးပြီလဲ
ဖြေ။ လူကြီးအိမ်တွေ၊ သင်တန်းတွေ၊ ပြဿနာတွေ … အကုန်တက်ထားပြီးပါပြီ။

မေး။ အလုပ်နဲ့ပတ်သက်လို့ အတက်၊ အကျ ဘာတွေကြုံခဲ့ဘူးသလဲ
ဖြေ။ အမိက တက်တာကတော့ ရာထူး ပါပဲ။ အကျပိုင်းမှာတော့ လူလည်ကျတတ်ပါတယ်။

မေး။ အလုပ်နဲ့ပတ်သက်လို့ အကျွမ်းကျင်ဆုံး ဘာလုပ်တတ်သလဲ
ဖြေ။ ပြဿနာ လုပ်တတ်ပါတယ်။

မေး။ အခုခေတ်က IT ခေတ်ဆိုတော့၊ အဲ့ဒီ Information Technology ဆိုတာကို ဘယ်လိုနားလည်ထားသလဲ။ အဲဒါကို ကိုယ့်ရဲ့တက်လမ်းအတွက် ဘယ်လိုအသုံးချမလဲ
ဖြေ။ ဟုတ်.. သူများမကောင်းကြောင်း၊ ကိုယ့်ကောင်းကြောင်း သတင်းအချက်အလက်တွေကို သူများတွေ၊ အထူးသဖြင့်လူကြီးတွေသိအောင် နည်းပေါင်းစုံနဲ့လုပ်တဲ့ ပညာပါ။ ဒါကို ပိုင်ပိုင်နိုင်နိုင်အသုံးချနိုင်ရင် ကိုယ့်ရဲ့ တက်လမ်း ကောင်းမွန်တတ်ပါတယ်။

မေး။ အလုပ်နဲ့ပတ်သက်ပြီး သိထားတာ (၂) ခုလောက် ပြောပြပါလား
ဖြေ။ လူကြီးတွေနဲ့ သိပါတယ်၊ အလိုက် သိပါတယ်။

မေး။ နောက်ဆုံး အနေနဲ့အရေးအကြီးဆုံး မေးခွန်းတစ်ခုမေးမယ်၊ အခုရာထူး မရရင် ဘာလုပ်မယ်လို့ ဆုံးဖြတ်ထားသလဲ
ဖြေ။ ပြဿနာလုပ်ဖို့ ဆုံးဖြတ်ထားပါတယ်။

(တိနိ)

PDF Compressor Free Version

# ငါ့ဘ၀ ကဗျာတစ်ပုဒ်

တိုင်းပြည် မငြိမ်းချမ်း၊ လက်နက်မချ
အသက်ရှိနေသရွေ့၊ သွေးချွေးမစဲ
တော်လှန်မြဲ၊ ငါ့လူမျိုးတွက်
ငါ့တိုင်းပြည်တွက်
အသက်ပေးရလည်း၊ ကျေနပ်ပီတိ
ရင်မှာရှိ၏။

ငါ့အတွက် တမ်းတ
ငြိမ်းချမ်းရေး ဆက်ကာနင်ဆဲ
တော်လှန်ရေးဘ၀၊ ငါ့လက်ထဲမှာ
ငါ့သေနတ်၊ ငါ့ဓား
ငါ့လူမျိုးတွက် မားမားမတ်မတ်
ရပ်တည်ဆဲ။

ဤသည်သာလျှင် ငါ့ဘ၀၊ ငါ့ယုံကြည်ချက်
မနက်ဖြန်တိုင်းမှာ နိုးထဆဲ၊ စောင့်မျှော်ဆဲ
လွတ်လပ်နယ်မြေ၊ အလင်းရောင်ပွင့်ခါစ
သွေးစည်းညီညာ ရှေ့သို့ချီလျက်
တိုးခဲ့မယ်။

တိုင်းပြည် ငြိမ်းချမ်း၊ လွတ်လပ်လေမှ
ငါသည် ပီတိဖြစ်ရာဝယ်
လက်နက်စွန့်ကာ ဘ၀တည်ဆောက်ဖို့
မိခင်အိမ်ကို
ပြန်ခဲ့မည်။

**ဆလိုင်း ချစ်သူ (ရွှင်းမြေသား)**

PDF Compressor Free Version

# မျှော်လင့်မိသော ဆန္ဒလေး တစ်ခု

ရှင်သန်နေတဲ့
အသက်လေး တစ်ခုနဲ့
နေ့ရက်လေးတွေတိုင်းမှာ
မိုင် ကိုသတိရနေမိတယ် .. ..

နေ့နေ့ ညည အချိန်တွေကို
မိုင်နဲ့ အတူ ဖြတ်သန်းရင်း
မျှော်လင့်သော ဆန္ဒတစ်ခုကို
စိတ်ကူးထဲမှာ ပုံဖော်နေမိတယ် . . . . .

ခံစားနေရတဲ့
အလွမ်းရက်တွေ
သတိရတဲ့ အချိန်တွေကို
မိုင် သိလောက်မယ် ထင်မိပါ ရဲ့. .. . . .. ..

ချစ်ရက်နဲ့ ဝေးကွာနေရတဲ့ အချိန်တွေ
နေ့ရက်တွေကို ဖြတ်ကျော်ရင်း
သတိရတဲ့ စိတ်တွေ
တိုးတိုး လာမိတယ် .... .... ..

တကယ်ပါ
ဘဝမှာ တစ်ကြိမ်သာ
ဆုတောင်းခွင့် ရှိမယ်ဆိုရင်
မိုင် နဲ့ နီးဖို့ ဆလိုင်း ဆုတောင်းမိမှာပဲ ..

ဝေးရတဲ့ အချိန်တွေ မိုင် နဲ့ အမြန် နီးစေဖို့
ဆလိုင်း နှလုံးသားထဲက
တိတ်တိတ်ကလေး
မျှော်လင့်တောင့်တရင်း ......

**ဆလိုင်း ဘွေလေး(နရိန်း)**

PDF Compressor Free Version

# တို့ချင်းပြည်တော်

ဟိုး အမြင့်က
တို့ချင်းပြည်တော် စိမ်းလက်ထင်းရှူး
အလှဆင်လို့၊ နေညိုဂုန်းမှာ ရောင်စုံမိုးတိမ်
တောင်တန်းထက်ဝေ အလှဆင်လို့.
မက်စဖွယ်အလှ အနှိုင်းမဲ့ပါ..

အေးချမ်းရာသီ ဆောင်းကုန်နွေကူး
လေပြည်ညင်းတွေ တိုက်ခတ်လို့နေ
တောင်တန်းလေးကို အလှဆင်လို့
ဖူးပွင့်ဝေဆာ တောင်ဇလပ်ပန်းများ
ကြွေကာကျနေ မြေနီထက်မှာ..

ကြေးငှက်တေးသံ
ဟိုးတောင်တန်းက ကြားနေခိုက်မှာ
ဆလိုင်း မိုင် တို့
အဝေးရောက်တဲ့ ကိုယ့်ချစ်သူကို
လွမ်းဆွတ်တမ်းတ သတိရနေ
ခိုင်မြဲသစ္စာ အောက်ချင်းမောင်နံ

ထင်းရှားပါပေ တို့ချင်းပြည်တော်
နွားနောက်နဲ့ ရိဒ်ရေကန်
ပန်းတောင်ဇလပ် ရယ်
အောက်ချင်းမောင်နံ
ဂိတ်ိရိတောင် နဲ့ ရိုးရာအက
ရောင်စုံ ဂုတ်စုံများနဲ့
လိုက်ဖက်ပါပေ ဆလိုင်း မိုင်များ

သမိုင်းစာမျက်မှာ
တို့ချင်းလူငယ် တိုက်ပွဲတွေဝင်
အရှုံးမပေး၊ အောက်ချင်းငှက်ရဲ့
စိတ်ဓါတ်သစ္စာ

PDF Compressor Free Version

ဖော်ဆောင်လို့နေ မှင်ရည်မဟုတ်
တို့ ချင်း သွေးနဲ့ ရေး၍...

လွင့်ထူကြမယ် အောင်အလံကို
သီဆိုကြမယ် အောင်ပွဲသီချင်း
သံပြိုင်ဟစ်အော် တောင်တန်းတလျှောက်
ကြားပါစေသား အောင်ပွဲသံမြိုင်
ကမ္ဘာ့မြေပြင် လွှမ်းမိုးသွားအောင်
သီဆိုကြိုကြမယ် ဆလိုင်း မိုင် တို့ ..

**ဆလိုင်း နီပဲန်လီန်း**

---

## တောင်ဇလပ်နီ မောင်နှင့် မေ ပိတောက်ဂါ

အေးချမ်းတဲ့ ဆောင်းနှင်းရာသီကို
ချစ်မြတ်နိုးတဲ့ တောင်ဇလပ်နီ
မောင့်အမျိုးဂုဏ်လက္ခဏာကို ပုံဖော်ပေးတဲ့သူ
တောင်ဇလပ်နီမောင်
အမျိုးသားသစ္စာတရားအတွက်
ကြယ်စင်လို ကြွေကျ
ပြည်သူ့သားကောင်း
တောင်ဇလပ်နီ မောင်
ခြောက်သွေ့တဲ့ ဂိမာန်နွေ
ရွက်ပြတ်တောမှာ ဖူးပွင့်လာတဲ့
မေ ပိတောက်ဂါ
ဂမ်းနည်းခြင်း၊ ကြေကွဲခြင်း
ဒုက္ခဝေဒနာကို ဖန်တီးပြီး
သွေးစွန်းသော လက်ဖြင့်
ရာဇပလ္လင်ပေါ် တက်ထိုင်
ရှင်ဟာ အာဏာရူးသူမို့ လမ်းခွဲရရှာသတဲ့

**Chimthli**

PDF Compressor Free Version

## "ချင်း"

ချင်းမျိုးအသွယ်သွယ်
စည်းလုံးရန်မလွယ်
စကားတွေကွဲ၊ လူမျိုးစုတွေခွဲလို့
နင်ကတောင်ပိုင်း ငါကမြောက်ပိုင်းသား
နင်ကအရှို ငါက ဇို ဟု
ခွဲခြားစကား ဤအဖြစ်များက
ရင်းတွင်းမျက်ရည် ကျစေခဲ့၏။

ဘယ်သူဘယ်ချင်း
ဘာချင်းမဆို ယုံကြည်လက်တွဲ
စိတ်မယိုင်ပဲ
ချင်းဟူသည့်ဂုဏ် ချစ်မျက်စုံနဲ့
ပျူပျူငှာငှာ သူငါ မခွဲတမ်း
ဖေးမကူညီ ရိုင်းပင်းကာ ထူလို့
အောင်ပွဲဆင်နွှဲ ချင်းကမ္ဘည်းကို
ရင်းတွင်းမှတ်တိုင် မဏ္ဍိုင်ထူလို့
ကမ္ဘာသိစေ ချင်းတွေ ဟုလေ။

**ချင်းလေး {ထိန်လိန်း}**

## ချင်းမြစ်တဲ့

ချင်းမြစ်တဲ့
သဏ္ဍာတဘာသာအရ
ချင်းတွင်းမြစ်
ခွန်အားကြီးတယ်၊ သာမန်တယ်
ထွားကြိုင်းတယ်၊ ဖွဲ့ လုံ့လ ဂိရိယကြီးတယ်
အာဘာရဂတ်ရုံကို လွှမ်းခြုံထားတယ်။

အားကောင်းမောင်းသန် စွမ်းအားတွေ
ကချင်ကဖတ်စာ
ကချင်ရိုးရာ ပုံပြင်တစ်ပုဒ်ထဲမှာတော့
အင်ဂေါင်မဂဂမ်
နတ်မင်းကြီး ဖန်ဆင်းလိုက်တဲ့ မြစ်။

**ရဲဘော် အောင်နိုင်ထွန်း**

□□□□□

PDF Compressor Free Version

# အမိမြေကို ချစ်စမြဲပါ

မွေးရပ်ဌာနီ အမိချင်းလဲန်း
တို့ ချင်းလဲန်းရဲ့ ဆင်းရဲဒုက္ခ
ငတ်မွတ်ဒဏ်နဲ့
မိဘပြည်သူ မျက်ဝန်းတွေက
မျက်ရည်တစ်စုံ လျှစ်လျှူရှုပြီး
အမိမြေကို မစွန့်ခွာပါနဲ့
အမိမြေကို ချစ်စမြဲပါ။

တောင်စွယ် မြိုင်ကြား
အချစ်နဲ့ အဖော် ကင်းလို့
ပုန်းအောင်းနေလည်း
အမိမြေကို ချစ်စမြဲပါ။

မိဘမျက်ရည် ခြောက်သွေ့စေဖို့
မိဘရှိုက်သံ ငြိမ်းစေဖို့ဌာ
အချိန်ကုန် မဖြုန်းလိုက်ပါနဲ့
ရွှေရတနာ တန်ဖိုးထက်
လွတ်လပ်ရေးက ပိုတန်ဖိုးရှိ၏။
ဆုပူမှုနဲ့ သွေးထွက်သံယိုမှုထက်
ငြိမ်းချမ်းရေးသာ ပိုမှန်မြတ်၏။

လာကြပေ့...ချင်းပြည်သစ်အတွက်
စွမ်းစွမ်းတမံ ထမ်းရွက်ကြစို့.....

အမိမြေကို ချစ်စမြဲပါ။

**ရဲဘော် ဆလိုင်းသိန်းရွှေ (ခေါ်) အိုက်လိန်**

PDF Compressor Free Version

# အမှန်တရားကို ရှာဖွေခြင်း

သေခြင်းတရားဟာ အမှန်တရားဖြစ်လို့
သေမင်းကို မရှာဖွေပါနဲ့
သေမင်းက သင့်ကို ရှာတွေ့လိမ့်မယ်
မွေးခြင်း၊ သေခြင်းဟာ ဓမ္မတာပါ။

ဘဝဆိုတာ ပင်လယ်ပြင်ကို ဖြတ်ကျော်ခြင်းပါပဲ
သေးငယ်ကျဉ်းမြောင်းတဲ့ သင်္ဘောထဲမှာ
ကျုပ်တို့တွေ တွေ့ဆုံကြရတယ်..
ဘဝဆိုတာ ဆုံးရှုံးရတဲ့ အချစ်ကြောင့်
ပိုပြီး ရင့်ကျက်၊ အသိဉာဏ် ကြွယ်ဝလာလို့
လောကအမြင် ကျယ်လာတတ်တာ ဓမ္မတာပါ

တော်လှန်ရေးဆိုတာ
အတိတ်နဲ့ အနာဂတ် တိုက်ခိုက်ခြင်း
တော်လှန်ရေးဆိုတာ နှင်းဆီမွေ့ရာ မဟုတ်သည်မို့

သက်ရှိ တော်လှန်ရေးသမားတွေကို
ရှိသေလေးစားရမယ်
တော်လှန်ရေးတွက်နဲ့ အသက်ပေးသူတွေထံ
အမှန်တရားကို ရှာဖွေကြစို့....

**ရဲဘော် ကျော်စိန်**
(၂-၂၁-၂၀၁၆)

PDF Compressor Free Version

## သတင်းတိုထွာ

## ၆၈ နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပခြင်း



၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ကျရောက်သော ၆၈ နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ချင်းပြည်နယ် မြို့တော်ဟားခါး၊ ဂမ္ဘသူးမောင် အားကစားကွင်းတွင် ချင်းအမျိုးသား တပ်ဦးနှင့် ချင်းပြည်နယ်အစိုးရတို့ ပူးတွဲကျင်းပခဲ့ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်သော သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ဦးဝင်းထွန်း၊ သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဦးအုန်းမြင့်၊ ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ချင်းအမျိုးသားတပ်ဦးမှ ပါတီရေးရာအတွင်းရေးမှူး ပူးအိပ်ချ်စီ ရာလ်နင်း၊ ထန်တလန်ဆက်ဆံရေးရုံး ဒုတိယတာဝန်ခံ ပူးဘီလ်ကျုံး၊ ခိုနမ်သုမ်ကုမ္ပဏီ တာဝန်ခံ ပူးပိုင်ကြားထန်း တို့ တက်ရောက်ပြီး၊ မြို့မိမြို့ဖ ပြည်သူလူထုများဖြင့် စည်းကမ်းသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ အခမ်းအနားကို သမ္မတရုံးဝန်ကြီး ဦးစိုးသိန်း က ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတ ၏ ချင်းအမျိုးသားနေ့သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

၆၈ နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ချင်းအမျိုးသားများ ရောက်ရှိနေထိုင်သော ပြည် တွင်းပြည်ပ နိုင်ငံအသီးသီးနှင့် နေရာဒေသအသီးသီးတွင် ပျော်ရွှင်စွာ ကျင်းပဆင်နွှဲခဲ့ကြသည်။

PDF Compressor Free Version

# ၂၈ နှစ်မြောက် ချင်းတော်လှန်ရေးနေ့ အောင်မြင်စွာ ကျင်းပပြီးစီး




ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီ၊ ဖက်ဒရယ်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရရှိနိုင်ရေးအတွက် ချင်းအမျိုးသားတပ်ဦးကို ၁၉၈၈ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် မျိုးချစ်ပုဂ္ဂိုလ်တချို့က စတင်တည်ထောင်ခဲ့ပြီး အမျိုးသားရေးတိုက်ပွဲ ဆင်နွှဲလာခဲ့သည်မှာ ၂၀၁၆ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် (၂၈) နှစ်မြောက် ပြည့်ခဲ့ပြီ ဖြစ်ပါသည်။ သို့ဖြစ်၍ ဤ နေ့ထူးနေ့မြတ်ကို ချင်းတော်လှန်ရေးဟု သတ်မှတ်ခဲ့ကြသည်။

ဤ (၂၈) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ အခမ်းအနားကို ချင်းအမျိုးသားတပ်ဦး၏ ဗဟိုဌာနချုပ်၊ ဂိတ်ဗိုရိယစခန်းတွင် ချင်းအမျိုးသားတပ်ဦး နာယက၊ ဒုတိယဥက္ကဌ (၁) နှင့် လက်ထောက်အထွေထွေအတွင်းရေးမှူးများ၊ တပ်ဦးခေါင်းဆောင်များနှင့် ချင်းအမျိုးသားတပ်မတော်မှ စစ်ဦးစီးချုပ်၊ ဒုတိယစစ်ဦးစီးချုပ်နှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ ရဲဘော်များ၊ မိသားစုဝင်များနှင့် ချင်းနိုင်ငံရေးပါတီခေါင်းဆောင်များ၊ သတင်းမီဒီယာများ၊ ရပ်မိရပ်ဖများနှင့်အတူ စည်းကမ်းသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် ချင်းအမျိုးသားတပ်ဦး ဒုတိယဥက္ကဌ (၁) ပူး ထန်နန်လျန်းထန်မှ အဖွင့်မိန့်ခွန်းပြောကြားပြီး၊ ENDP အတွင်းရေးမှူး ပူးဗန်ကျင်၊ ချင်းအပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေးကော်မတီမှ

သိက္ခာတော်ရဆရာ တလှာကဲ့အို၊ ချင်းအမျိုးသားတပ်ဦး၏ မဟာမိတ်နှင့် နိုင်ငံခြားရေးရာအကြံပေး ပီးချင်းချင်း ပက်ထန်း တို့က အမှာစကား ပြောကြားခဲ့ပါသည်။

PDF Compressor Free Version

အခမ်းအနားအစီအစဉ်ပြီးဆုံးပြီးနောက် (Fiakfai Rock Band) တီးဝိုင်းနှင့် ချင်းအဆိုတော်များဖြစ်သည့် ဓမီလီပါရ်၊ ပါလိန် တို့က တပ်မတော်သားများနှင့် ညှော့ပရိသတ်များကို တေးသီချင်းအားဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

❑❑❑❑❑

## တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်




တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက် အဖွဲ့အစည်း (၈) ဖွဲ့၏ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၆ မတ်လ (၂၄) ရက်မှ (၂၆) ရက်နေ့အထိ ထိပ်သီးခေါင်းဆောင်များ၊ လေ့လာသူများ၊ နည်းပညာအကြံပေး များ စုစုပေါင်း (၇၉) ဦးဖြင့် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ကြသည်။

PDF Compressor Free Version

၄င်း ထိပ်သီးအစည်းအဝေးတွင် ချင်းအမျိုးသားတပ်ဦးမှ ဒုတိယဥက္ကဌ (၂) ဒေါက်တာလျန်မှုန်ဆာခေါင်း၊ အထွေထွေအတွင်းရေးမှူး ပူးထလာဟေး၊ လက်ထောက်အထွေထွေအတွင်းရေးမှူး (၁) ဒေါက်တာရှေခါရ်၊ မဟာမိတ်နှင့်နိုင်ငံခြားရေးရာဌာန အတွင်းရေးမှူး ပူးပေါလ်ဆီထာ၊ စီးပွားရေးဌာန အတွင်းရေးမှူး ဆလိုင်းရမ်ကုလ်ကျုံးနှင့် ရုံးဂန်ထမ်းများအဖြစ် မိုင်ဇကေရီ၊ မိုင်ဆွီဆွီ နှင့် ဆလိုင်းငွန်လျန်ဆန်း၊ ဗိုလ်ပန်သွီး တို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (EAO Peace Process Steering Committee – EAO PPSC) ကို ဖွဲ့စည်းခဲ့ကြသည့်အပြင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး အစိုးရသစ်လက်ထက်တွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် "ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ" သို့ ပါဝင်တက်ရောက်ရန် နှင့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အင်အားစုများအားလုံး အတူတကွ ပါဝင်ရေး/ကိုယ်စားပြုရေးသည် မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည့် ဦးစားပေးကိစ္စရပ်ဖြစ်ကြောင်း ထိပ်သီးအစည်းအဝေးက လမ်းညွှန် ချမှတ်ခဲ့ကြပါသည်။

❑❑❑❑❑

# ချင်းအမျိုးသားတပ်ဦး၏ ဥပဒေရေးရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်

ချင်းအမျိုးသားတပ်ဦး/တပ်မတော်၏ တရားစီရင်ရေး စံနှစ်တကျလည်ပတ်နိုင်ရေးကို အဓိကဦးတည်၍ ချင်းအမျိုးသားတပ်ဦး၏ ဥပဒေရေးရာ အလုပ်ရုံဆွေးနွေးပွဲကို ဗဟိုတရားသူကြီးအဖွဲ့၏ ဦးစီးဦးဆောင်မှုဖြင့် ၂၀၁၆ ခုနှစ်၊ မတ် (၂၂) ရက်နေ့မှ (၂၆) ရက်နေ့အထိ ဗဟိုဌာနချုပ်၊ ဂိတ်ိရိယစခန်းတွင် ချင်းအမျိုးသားတပ်မတော်မှ တပ်မှူးများ၊ ချင်းအမျိုးသားတပ်ဦး ဆက်ဆံရေးရုံးနှင့် စီးပွားရေးရုံးမှဂန်ထမ်းများ စုစုပေါင်း (၃၀) ဦးဖြင့် အောင်မြင်စွာ ပြုလုပ်ခဲ့သည်။


PDF Compressor Free Version

၄င်းအလုပ်ရုံဆွေးနွေးပွဲတွင် အဓိကအားဖြင့် ချင်းအမျိုးသားတပ်ဦး၏ တရားစီရင်ရေးဆိုင်ရာ ကျင့်ထုံးဥပဒေ၊ ပါတီတည်ဆောက်ရေး နည်းဥပဒေ၊ ချင်းအမျိုးသားတပ်ဦး၏ စစ်ဖက်ဆိုင်ရာ လမ်းညွှန်ဥပဒေနှင့် ချင်းအမျိုးသားတပ်မတော်၏ စစ်ဥပဒေများကို ဗဟိုတရားသူကြီးဥက္ကဌ ပူးသောမတ်(စ်)ထန်နိုးနှင့် ဗဟိုတရားသူကြီးအဖွဲ့ဝင် ပူးလာလ်ရမ်းလော်မာ တို့က ရှင်းလင်းပို့ချခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ နောက်ဆုံးနေ့တွင် ချင်းအမျိုးသားတပ်ဦး၏ တရားစီရင်ရေးအဆင့်ဆင့်ဖြစ်သော ဗဟိုတရားသူကြီးအဖွဲ့၊ ဗဟိုစစ်တရားသူကြီးအဖွဲ့နှင့် တိုင်းစစ်တရားသူကြီးအဖွဲ့တို့၏ တရားစီရင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လက်တွေ့ လေ့ကျင့်သင်ကြားမှု ပြုလုပ်ခဲ့သည်။

❑❑❑❑❑

PDF Compressor Free Version

# ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ မြန်မာနိုင်ငံအထွေထွေရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က အပြတ်အသတ်အနိုင်ရရှိပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၀ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) နှင့် (ခ)တို့ပါ ပြဋ္ဌာန်းချက်အရ ၂၀၁၆ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့ပါ ကြေညာချက်နှင့် ဧပြီလ (၅) ရက်နေ့ ကြေညာချက်အမှတ် ၅/၂၀၁၆ ပါ ပြည်ထောင်စုအစိုးရအဖွဲ့ ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းခြင်းအရ အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့သည်။

| | |
|---|---|
| (၁) ဦးထင်ကျော် | နိုင်ငံတော်သမ္မတ |
| (၂) ဦးမြင့်ဆွေ | ဒုတိယသမ္မတ |
| (၃) ဦးဟင်နရီဗန်ထယိုး | ဒုတိယသမ္မတ |
| (၄) ဒေါ်အောင်ဆန်းစုကြည် | ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သမ္မတရုံးဝန်ကြီးဌာန၊ |
| (၅) ဦးဖေဇင်ထွန်း | ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (၆) ဒေါက်တာမျိုးသိမ်းကြီး | ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန |
| (၇) ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန |
| (၈) ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း | ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန |
| (၉) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် | ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၁၀) ဒေါက်တာဖေမြင့် | ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန |
| (၁၁) သူရဦးအောင်ကို | ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၁၂) ဒေါက်တာအောင်သူ | ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၁၃) ဦးသန့်စင်မောင် | ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |

PDF Compressor Free Version

| | |
|---|---|
| (၁၄) ဦးအုန်းဝင်း | ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန |
| (၁၅) ဦးသန်းဆွေ | ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန |
| (၁၆) ဦးခင်မောင်ချို | ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန |
| (၁၇) ဒေါက်တာသန်းမြင့် | ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| (၁၈) ဒေါက်တာမြင့်ထွေး | ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန |
| (၁၉) ဦးကျော်ဝင်း | ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂၀) ဦးဝင်းခိုင် | ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၂၁) ဒေါက်တာဝင်းမြတ်အေး | ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| (၂၂) ဦးအုန်းမောင် | ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန |
| (၂၃) နိုင်သက်လွင် | ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားရေးဝန်ကြီးဌာန |
| (၂၄) ဦးထွန်းထွန်းဦး | ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့ချုပ်ရုံး |
| (၂၆) ဦးကျော်တင် | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး |

❑❑❑❑❑

PDF Compressor Free Version

# ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရသစ်ဖွဲ့စည်း အာဏာလွှဲအပ်ပြီးနောက် နိုင်ငံတော်အစိုးရ သစ်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်သော အမိန့်အရ ချင်းပြည်နယ် အစိုးရ ဝန်ကြီးများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပြဌာန်းချက်နှင့်အညီ ချင်းပြည် နယ်ဝန်ကြီးချုပ်က ရွေးချယ်တင်ပြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များ၏ ပြန်နယ်ဝန်ကြီးများဖြင့် နိုင်ငံ တော်အစိုးရက အတည်ပြုခန့်အပ်ခဲ့သည်။

| | |
|---|---|
| (၁) ဆလိုင်း လျန်လွေး | ပြည်နယ်ဝန်ကြီးချုပ် |
| (၂) ဗိုလ်မှူးကြီး ကျော်ကျော် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး |
| (၃) ဦးဂီကော | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး |
| (၄) ဦးမန်ဟင်းဒါလ် | စိုက်ပျိုး၊ မွေးမြူရေး၊ သတ္တုနှင့်သစ်တော်ဝန်ကြီး |
| (၅) ဦးဆွိုထီယိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး |
| (၆) ဆလိုင်းအိုက်ဇက်ခင် | စည်ပင်၊ လျပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီးဌာနဝန်ကြီး |
| (၇) ဦးပေါင်လွန်းမင်ထန် | လူမှုရေးဝန်ကြီးဌာန ဝန်ကြီး |
| (၈) ဆန်နီထန်ကျုံး | ပြည်နယ်ဥပဒေချုပ် |

ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှာ ပူးဇိုဘွေးဖြစ်ပြီး၊ ပြည်နယ်စာရင်းစစ်ချုပ်မှာ လာလ်သင်မန် ဖြစ်သည်။ ချင်းပြည်နယ်အစိုးရ အတွင်းရေးမှူးမှာ ဦးမြင့်တင် ဖြစ်သည်။ ပြည်နယ်အစိုးရအတွင်းရေးမှူးများသည် ဂန်ကြီးချုပ်၏ ခွင့်ပြုချက်ဖြင့် ပြည်နယ်အစိုးရ၏ အစည်းအဝေးများတွင် ပါဝင်တက်ရောက်သော်လည်း အစိုးရတွင်သော်လည်းကောင်း၊ လွှတ်တော်အတွင်းတွင်သော်လည်း မဲပေးပိုင်ခွင့်မရှိပေ။

PDF Compressor Free Version

## မှတ်တမ်းဓါတ်ပုံများ



၂၈ နှစ်မြောက် ချင်းတော်လှန်ရေးနေ့ အခမ်းအနားမြင်ကွင်း

PDF Compressor Free Version



၂၈ နှစ်မြောက် ချင်းတော်လှန်ရေးနေ့ ဂုဏ်ပြုတပ်ဖွဲ့များ နေရာယူစဉ်



လုပ်အားပေးနေသည့် ရဲဘော်၊ ရဲမေများ

PDF Compressor Free Version

# ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာပုံ

**ဆလိုင်း ချစ်သူ (ရွှင်းမြေသား)**
ခေတ္တ - မလေးရှား

ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသားတို့၏ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ပြန်လည်ရရှိရေး၊ လွတ်လပ်မှု၊ တန်းတူညီမှုတို့ ရရှိရေးအတွက် နှစ်ပေါင်း ၆၀ ကျော် ရုန်းကန်လှုပ်ရှား တိုက်ပွဲဝင်လာခဲ့ကြရာမှ ပေါ်ပေါက်လာခဲ့သည်။ ချင်းအမျိုးသားနေ့သည် လွတ်လပ်ရေးနဲ့ ဒီမိုကရေစီကို အခြေခံပြီး ပေါ်ပေါက်လာသည့်အတွက် ပြောမကုန်၊ ရေးမကုန်အောင် ရှည်လျားနက်နဲသော သမိုင်းကြောင်း၊ သမိုင်းဝင် နေ့ထူးနေ့မြတ် ပင်ဖြစ်သည်။ ချင်းအမျိုးသားနေ့ကို ပိုင်ဆိုင်ခြင်းအားဖြင့် ကမ္ဘာမှာ လူမျိုးတစ်မျိုးအဖြစ် ယနေ့အထိ ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာရခြင်း၏ သမိုင်းအထောက်အထားများကို ယနေ့ခေတ် ချင်းလူငယ်များ သိရှိနားလည်ရန် အထူးလိုအပ်ပေသည်။

ချင်းအမျိုးသားနေ့သည် သမိုင်းဝင်နေ့ရက်များ တိုက်ဆိုင်မှုဖြစ်သည့်အလျောက် အထူးပင် စိတ်ဝင်စားစရာ ကောင်းလှပါသည်။ ၁၉၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ဧမြို့၊ အင်္ဂလိပ်စစ်တပ်တွင် တာဝန်ထမ်းဆောင်သည့် ချင်းအမျိုးသားများက ဖွဲ့စည်းထားသော "ချင်းအမျိုးသား ပညာရေး မြှင့်တင်ရေးအဖွဲ့" ပေါ်ပေါက်သော နေ့ဖြစ်ပါသည်။ ချင်းအမျိုးသားများ၏ ပထမဦးဆုံးသော လူမှုရေးအဖွဲ့အစည်းလည်း ဖြစ်ပါသည်။ ဥက္ကဋ္ဌ ဦးအွမ်ပိုင်း၊ ဒုဥက္ကဋ္ဌ ဦးဝမ္မသူးမောင်း၊ အတွင်းရေးမှူး ရက်လောင်းလိန်း၊ လူရှေ၊ အရှို၊ တောင်းပိုင်းမြောက်ပိုင်း ချင်းအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းခဲ့ကြပါသည်။ ၁၉၂၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်ကတော့ မင်းတပ်နယ်၊ လိုယုံးရွာတွင် ချင်းအမျိုးသားများ၏ ပထမဦးဆုံးသော နိုင်ငံရေးအဖွဲ့အစည်းဖြစ်သည့် "ချင်းတောင်ညီညွတ်ရေးအဖွဲ့" ပေါ်ပေါက်သောနေ့ ဖြစ်ပါသည်။ ဥက္ကဋ္ဌ ဦးဟာထန်းအွမ်၊ ဒုဥက္ကဋ္ဌ ဦးဝမ္မသူးမောင်း၊ အတွင်းရေးမှူး ဝရဲလောဟာ တို့နှင့် အဖွဲ့ဝင် (၁၂) ဦး ကော်မီတီဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၃၃ ခုနှစ်၊ မတ်လ (၂၄-၂၅) ရက်၊ မသုံ့နူးရွာ (မင်းတပ်နယ်) ညီလာခံကနေ "ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့" ဟူ၍ အမည်ပြင် ဆင်ပြောင်းလဲခဲ့ပါသည်။ ပြင်ဆင်ရသည့်အကြောင်းရင်းမှာ ချင်းတောင်တန်း၊ လူရှေတောင်တန်း၊ နာဂတောင်တန်း၊

PDF Compressor Free Version

မြေပြန့်ချင်း စသည်ဖြင့် အင်္ဂလိပ်အစိုးရက ကွဲပြားစွာ ခေါ်ဝေါ်အုပ်ချုပ်နေသည့်အတွက် တောင်ပေါ်မြေပြန့် ချင်းအမျိုးသားများအားလုံး သွေးစည်းညီညွတ်ရေးကို ဦးတည်ပြီး ပြန်လည်ပြင်ဆင်ကြောင်း သိရှိရပါသည်။ ၎င်း ချင်းအမျိုးသား ညီညွတ်ရေးအဖွဲ့ (ခမညဖ)၏ ၁၉၃၄ စက် တင်ဘာလ (၂၉)ရက်၊ ဝရဲရွာ (မင်းတပ်နယ်) ညီလာခံမှ အင်္ဂလိပ်အစိုးရကို ရာဇသံ (၉) ရပ် ပေးပို့ ထားပါသည်။

၎င်း ရာဇသံ (၉) ရပ်မှာ -

၁။ ချင်းတောင်ဒေသ အုပ်ချုပ်ရေးကို ပြည်မနှင့် တန်းတူအခွင့်အရေးပေးရန်
၂။ ချင်းတောင်အုပ်ချုပ်ရေးတွင် ချင်းအမျိုးသားကိုယ်စားလှယ်များ ပါဝင်ရေးဆွဲသော ဥပဒေကိုသာ ကျင့်သုံးရန်
၃။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေး ပြုပြင်ဆောင်ရွက်ပေးရန်
၄။ ချင်းတောင်ပညာရေးစံနစ် အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးရန် (အင်္ဂလိပ်စာအပြင် မြန်မာစာကိုပါ သင်ကြားခွင့်ပြုရန်)
၅။ ဘာသာရေး လွတ်လပ်ခွင့် ပေးရန်
၆။ ချင်းတောင်တန်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် အမြန်ဆုံး ဖောက်လုပ်ပေးရန်
၇။ ပြည်မနှင့် ချင်းတောင်တန်းဒေသ လွတ်လပ်စွာ ကူးလူးဆက်ဆံခွင့်ပေးရန်
၈။ ချင်းလူမျိုးတို့အား မည်သည့်လူမျိုးနှင့်မဆို တန်းတူရည်တူ ဆက်ဆံခွင့်ပေးရန်
၉။ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသောအခါ ချင်းတောင်ကိုပါ တပါတည်း လွပ်လပ်ရေးပေးရန် တို့ဖြစ်ပါသည်။

၁၉၃၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့သည် ၎င်း (ခမညဖ) ၏ တောင်းဆိုချက် (၉) ရပ်နှင့်ပတ်သက်ပြီး အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ်များနှင့် (ခမညဖ) ဦးစီးသော ချင်းလူထုသုံးထောင်ကျော်တို့ တောင်ပိုင်းချင်းပြည်၊ ကန်ပက်လက်မြို့တွင် တွေ့ဆုံသည့်နေ့၊ တောင်းဆိုချက် (၉) ရပ်ကို အင်္ဂလိပ်အစိုးရက တခုမျှမလိုက်လျောနိုင်ကြောင်း ကြေငြာသည်နှင့် ချင်းလူထုက ချက်ချင်းထကာ သပိတ်မှောက် မောင်းထုတ်သောနေ့ ဖြစ်ပါသည်။ အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ်များ ညတွင်းချင်းဆောမြို့(မကွေးတိုင်း) သို့ ထွက်ပြေးခဲ့ကြရပါသည်။ ၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်သည် အင်္ဂလိပ်အစိုးရက (ခမညဖ) ကို မတရားအသင်းကြေညာပြီး ဦးဝမ္မသူးမောင် အပါအဝင် (ခမညဖ) ခေါင်းဆောင် (၉) ဦး စတင်ဖမ်းဆီးသည့်နေ့ ဖြစ်ပါသည်။ ကန်ပက်လက်မြို့တွင် အင်္ဂလိပ် အစိုးရ ကိုယ်စားလှယ်များကို သပိတ်မှောက်မောင်းထုတ်သည့် ကိစ္စနှင့်ပတ်သက်ပြီး အင်္ဂလိပ်အစိုးရက တစ်

နှစ်ခန့် အချိန်ယူပြင်ဆင်ပြီး အသုတ် (၅) သုတ်၊ လူပေါင်း (၇၉) ဦးအား နိုင်ငံရေးအကျဉ်းသားများ အဖြစ် ဖမ်းဆီးထောင်ချခဲ့ရပါသည်။ ဤအကြောင်းကို ၁၉၄၀ ခုနှစ်၊ ဇွန်လ(၂)ရက်နေ့ ဇလွန်ဒေါင့် ကြီး လူထုအစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက ထုတ်ဖော်ပြောကြားသည့်အတွက် ငါးကျပ် တန် ဝရမ်းထုတ်ခံရပြီး ပြည်ပကို ထွက်ခွာခဲ့ရသည်။

PDF Compressor Free Version

မြောက်ပိုင်း ချင်းတောင်၊ ဖလမ်းမြို့တွင် ၁၉၄၈ ဖေဖော်ဝါရီလ (၁၉-၂၂)အထိ ကျင်းပ သော ချင်းဝိသေသတိုင်းလုံးဆိုင်ရာ ညီလာခံတွင် "တိုက်သူကြီးများ ဖြုတ်ချပြီး လူထုရွေးချယ်သည့် ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်ရန်" ဆိုသည့် အဆိုအမှတ် (၄) ကို ထောင်ဇကိုင်း (တီးတိန်) က တင် သွင်းပြီး၊ ဆွန်မန်း(ဖလမ်း)နှင့် ထန်းမောင်း (ကန်ပက်လက်) တို့က ထောက်ခံကြရာ၊ မဲခွဲဆုံးဖြတ်ရာ တွင် ထောက်ခံမဲ ငါးထောင်ကျော်နှင့် ကန့်ကွက်မဲ (၁၇) မဲဖြင့်၊ "တိုက်သူကြီးများ ဖြုတ်ချပြီး လူထုက ရွေးချယ်သည့် ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်ရန်" အဆိုကို အတည်ပြုသည့်နေ့ ဖြစ်ပါသည်။ တ နည်းပြောရလျှင် ချင်းတောင်အုပ်ချုပ်ရေးတွင် ဒီမိုကရေစီစံနစ်ကို မွေးဖွားပေးသည့် နေ့လည်း ဖြစ် သည်။

၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့၊ ရန်ကုန်မြို့ ချင်းရေးရာကောင်စီမှ ကျင်းပ သော ချင်းအမျိုးသားနေ့ သတ်မှတ်ရေးအစည်းအဝေးတွင် အထက်ကတင်ပြခဲ့သည့် သမိုင်းနောက်ခံ များရှိသော ဖေဖော်ဝါရီလ (၂၀)ရက်နေ့ကို ရွေးချယ်ကြပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစံနစ် ချမှတ်ရန် ဆို သည့် အဆိုအမှတ် (၄) အား တင်သွင်း၊ ထောက်ခံ၊ ဆုံးဖြတ်သည့်နေ့ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ရန် တညီတညွတ်တည်း ဆုံးဖြတ်ကြပြီးနောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့၌ တောင်ပိုင်းချင်း တောင်ခရိုင်၊ မင်းတပ်မြို့တွင် ပထမဦးဆုံးအကြိမ် ကျင်းပခဲ့ပါသည်။ ဖလမ်းမြို့တွင် ကျင်းပသည့် ချင်း ဝိသေသတိုင်းလုံးဆိုင်ရာညီလာခံကို နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက် တက်ရောက်ပြီး၊ ပထမဦးဆုံး သော ချင်းအမျိုးသားနေ့ အခမ်းအနားကို နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင် တက်ရောက်ခဲ့သည်။

တဆက်တည်းမှာပင် ချင်းအမျိုးသားနေ့၊ ချင်းဝိသေသတိုင်းနေ့၊ ချင်းပြည်နယ်နေ့၊ စသဖြင့် မတူကွဲ ပြားကြောင်းကိုလည်း တင်ပြလိုပါသည်။ ချင်းအမျိုးသားနေ့သည် အမျိုးသားရေးကြိုးပမ်းမှု နောက်ခံသမိုင်းနှင့်အတူ ဆင်းသက်ပေါ်ပေါက်လာသည့် ဖေဖော်ဝါရီလ (၂၀) ရက်နေ့ပင် ဖြစ်ပါ သည်။ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် အတည်ပြုခဲ့သည့် နိုင်ငံတော် ဖွဲ့စည်းပုံအ ခြေခံဥပဒေအရ ချင်းဝိသေသတိုင်းဖြစ်လာသည့်အတွက် စက်တင်ဘာလ (၂၄) ရက်နေ့သည် ချင်းဝိ

PDF Compressor Free Version

သေသတိုင်းနေ့ ဖြစ်ပါသည်။ ထို့နောက် ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့တွင် အတည်ပြုခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအရ ချင်းဂိသေသတိုင်းမှ ချင်းပြည်နယ် ဖြစ်လာပါသည်။ ဒါကြောင့် ဇန်နဝါရီလ (၃) ရက်နေ့သည် ချင်းပြည်နယ်နေ့ ဖြစ်ပါသည်။

အမျိုးသားနေ့ဟူသည် ချင်းတမျိုးသားလုံးနှင့်သက်ဆိုင်ပြီး ချင်းဝိသေသတိုင်းနေ့၊ ချင်းပြည်နယ်နေ့များသည် ၄င်းအတိုင်းအတာ ဧရိယာအတွင်းတွင် နေထိုင်ကြသော လူများနှင့်သာ သက်ဆိုင်ပါသည်။ နောက်တခု တင်ပြလိုသည်မှာ ဗမာအစိုးရ အဆက်ဆက်လက်ထက်တွင် အစိုးရကိုယ်တိုင် ချင်းအမျိုးသားနေ့ကို သေးတိမ်ပပျောက်အောင်၊ ဦးတည်ချက် လမ်းလွဲအောင်၊ အဓိပ္ပါယ်အနှစ်သာရ ပျက်ပြယ်သွားအောင် ကြိုးပမ်းလုပ်ဆောင်ချက်များကို တွေ့ကြုံခဲ့ကြရပါသည်။ ၁၉၅၆၊ ၁၉၅၇၊ ၁၉၅၈ ခုနှစ်ကာလများမှာ ချင်းအမျိုးသားနေ့ကို ပါလီမန်က ပယ်ဖျက်ဖို့ ကြိုးပမ်းဖူးသည်။ ၁၉၆၆ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရကလည်း ချင်းဝိသေသတိုင်းနေ့လို့ ပြောင်းလဲကျင်းပဖို့ စီစဉ်ခဲ့သည်။ ဖဆလ အစိုးရက ၁၉၇၆ ကနေ ၁၉၈၀ ခုနှစ်ထိ ချင်းအမျိုးသားနေ့နှင့် ချင်းပြည်နယ်နေ့ဆိုပြီး အဓမ္မတွဲဖက် ကျင်းပခိုင်းသည်။ ဗမာအစိုးရက ၁၉၈၁ ခုနှစ်စပြီး ချင်းပြည်နယ်နေ့လို့ ကျင်းပခိုင်းပြန်သည်။ ၁၉၈၈ နောက်ပိုင်း နဝတ၊ နအဖ စစ်အစိုးရလက်ထက်မှာတော့ ကျင်းပခွင့်မပြုပဲနေလာခဲ့ရာ ၂၀၁၂ခုနှစ်၊ ချင်းအမျိုးသားတပ်ဦး (CNF)နှင့် မြန်မာအစိုးရကြား ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းအပြီး သဘောတူချက် - "ချင်းအမျိုးသားရေးဆိုင်ရာ သဘောတူညီချက်" (နံပါတ်- ၂)တွင် ချင်းအမျိုးသားတို့၏ အမြတ်တနိုးတန်ဖိုးထားသည့် နေ့ရက်ဖြစ်သော ဖေဖော်ဝါရီလ (၂၀) ရက်နေ့ကို ချင်းအမျိုးသားနေ့ အဖြစ် ပြန်လည်သတ်မှတ်ရန်နှင့် ချင်းပြည်နယ်တွင် ယင်းနေ့ရက်အား တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရန်တို့ကို ပြည်နယ်အစိုးရမှ ဆက်လက်ဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ ထို့ကြောင့် နှစ်ပေါင်း (၃၀) ကျော်ကြာ ပိတ်ပင်ခံရသည့် ချင်းအမျိုးသားနေ့ကို ၂၀၁၃ ခုနှစ်တွင် ချင်းအမျိုးသားတပ်ဦး (CNF)နှင့် မြန်မာအစိုးရပူးပေါင်းပြီး မြို့တော်ဟားခါးတွင် စည်းကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးနောက် ယခုတိုင် လွတ်လွတ်လပ်လပ် အနှစ်သာရပြည့်ဝစွာ ကျင်းပလာခဲ့သည်။

ချင်းအမျိုးသားနေ့ကျင်းပခြင်းအားဖြင့် မျိုးဆက်သစ်ချင်းလူငယ်များ၏ ဇာတိသွေးဇာတိမာန် မြင့်တက်စေပြီး အနာဂတ် ချင်းလူမျိုး၊ ချင်းပြည်နယ်အရေးမှာ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက် ကာကွယ်ရန် ဖြစ်သည်။ လူမျိုးတစ်မျိုးဆိုရာတွင် အမျိုးသားနေ့ မရှိလျှင် လူမျိုးတစ်မျိုးအဖြစ် ရေရှည်ရပ်တည်နိုင်ဖို့မှာ ရာခိုင်နှုန်း နည်းပါးသွားသည်။ ထို့ကြောင့် မိမိချင်းလူမျိုးများသည် ရှေးချင်းခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမှုကြောင့် အမျိုးသားနေ့ကို ပိုင်ဆိုင်သော လူမျိုးဖြစ်ရသည်မှာ ဝမ်းသာစရာ၊ ဂုဏ်ယူစရာ၊ ဆက်လက်ထိန်းသိမ်းဖို့ တာဝန်ကြီးမြင့်ပါသည်။ ဤနေရာတွင် ချင်းအမျိုးသား

PDF Compressor Free Version

နေ့ကို မိမိတို့ အမျိုးသားခေါင်းဆောင်များက မည်မျှအထိ ကာကွယ်ကြောင်းကို တင်ပြလိုပါသည်။ ၁၉၆၆ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရက ချင်းအမျိုးသားနေ့ကို ချင်းဝိသေသတိုင်းနေ့အဖြစ် ပြောင်းလဲကျင်းပရန် စီစဉ်စေသည့်အတွက် ချင်းအမျိုးသား ခေါင်းဆောင်ကြီး ဦးဝမ္မသူးမောင်း ကိုယ်တိုင် သူ့ဇာတိ ဝမ္မသူးရွာမှ မင်းတပ်ပါတီယူနစ်ကို လာရောက်ကန့်ကွက်ခဲ့ပါသည်။ ချင်းအမျိုးသားနေ့ အခမ်းအနားအပြီး (၂၃၊ ၂၊ ၁၉၆၆) ရက်နေ့ ရွာအပြန်လမ်းတွင် ကံမကောင်းစွာဖြင့် ကားမှောက်ပြီး အသက်ဆုံးသွားခဲ့ရသည်။ ချင်းအမျိုးသားနေ့ကို အသက်နှင့်ရင်းပြီး ကာကွယ်သွားပါသည်။ တနည်းအားဖြင့် ချင်းအမျိုးသားနေ့၏ ဖခင်ကြီးမှာ ဦးဝမ္မသူးမောင် အဖြစ်လည်းဆိုရပါမည်။ အဘယ်ကြောင့် ဤသို့ ပြောနိုင်သည်မှာ အထက်ပါအဖွဲ့အစည်းများ ပေါ်ထွက်လာရန် ဦးဆောင်ဖွဲ့စည်းသူမှာ သူသာဖြစ်ကြောင်း သမိုင်းက သက်သေပြနေပါသည်။ ယနေ့ ချင်းအမျိုးသားများအနေဖြင့် မိမိတို့၏ အမျိုးသားနေ့ကို ဆက်လက်ထိန်းသိမ်းကြဖို့ အလွန်ပင်အရေးကြီးပါသည်။ မိမိတို့ ဘိုးဘွားများ အားသွန်ခွန်စိုက် ရဲရင့်ချွန်ထက်၊ စည်းလုံးညီညွတ်စွာပြီး အမျိုးသားရေးတိုက်ပွဲဝင်ခြင်း၊ အနာဂတ်မျိုးဆက်သစ်များအတွက် အမြော်အမြင် ကြီးမြင့်ခြင်းအားဖြင့်သာ ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ယနေ့ခေတ် ချင်းလူငယ်များအနေဖြင့် ဘိုးဘွားများ၏ စည်းလုံးညီညွတ်ခြင်း၊ ရဲရင့်ပြတ်သားခြင်း၊ အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း စသည့် စရိုက်များကို နည်းနာခံယူပြီး ချင်းအမျိုးသားနေ့ကို လက်ဆင့်ကမ်း ထိန်းသိမ်းကြဖို့ လိုအပ်ပါသည်။ ချင်းအမျိုးသားတို့၏ တောတောင်ရေမြေ၊ ရိုးရာဓလေ့၊ ထုံးတမ်းစဉ်လာ၊ စာပေယဉ်ကျေးမှုများ ဆက်လက်ထိန်းသိမ်းရန်လည်း အရေးကြီးပါသည်။ ချင်းအမျိုးသားနေ့ ကျင်းပခြင်းအားဖြင့် မိမိတို့ရဲ့ သွေးစည်းခြင်း၊ ကမ္ဘာမှာ လူမျိုးတစ်မျိုးဖြစ်ခြင်းများကို ဂုဏ်ယူကြရန် လိုအပ်ပါသည်။ အနာဂတ်မျိုးဆက်သစ်များ ဆင့်ပွားသိရှိနိုင်ရန်နှင့် မိမိအမျိုးသားနေ့ကို တန်ဖိုးထား ဆက်လက်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းချုပ်ကို မှုဂေတင်ပြခြင်း ဖြစ်ပါသည်။

❑❑❑❑❑

PDF Compressor Free Version

# ချင်းအမျိုးသားနေ့ အနှစ်သာရ

HC. Ral Hnin

ဒီနှစ် ဟားခါးမြို့တော်တွင် ကျင်းပသည့် ၆၈ ကြိမ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို အစိုးရက ချင်းအမျိုးသားတပ်ဦးမှ (၃)ဦးကို ဖိတ်ကြားခဲ့သည်နှင့်အညီ ပါတီဗဟိုမှ တာဝန်ပေးအပ်ချက်အရ အိပ်ချ်စီရာလ်နှင်း၊ ပူးဘီလ်ကျုံး နှင့် ပူးဝိုင်ကြားထန် တို့ ချင်းအမျိုးသားတပ်ဦး ကိုယ်စား ၆၈ ကြိမ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတရုံးဝန်ကြီး ဦးစိုးသိန်းနှင့် ဦး ဝင်းထွန်း .. အစရှိသဖြင့် တက်ရောက်ခဲ့၍ သမ္မတ၏ ချင်းအမျိုးသားနေ့သဝဏ်လွှာကို ဦးစိုးသိန်း မှ ဖတ်ကြားခဲ့ပြီး သဘာပတိ ဒေါ်ရွှေတလွှဲလိမ်း မှ ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာပုံသမိုင်းကြောင်းကိုလည်းကောင်း၊ ဝန်ကြီးချုပ်မှ ချင်းအမျိုးသားနေ့ ပြန်လည် ကျင်းပနိုင်ရခြင်းနှင့်ပတ်သက်၍ အစိုးရ၏ လုပ်ဆောင်ပုံအဆင့်ဆင့်နှင့် တစ်နှစ်တာအတွင်း အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြခဲ့ပါသည်။

အခမ်းအနားကို နံနက် ၉ းဝဝနာရီတွင် စတင်ပြီး အခမ်းအနားအပြီးတွင် လူကြီးများအနေဖြင့် ပြခန်း လှည့်လည်ကြည့်ရှုခြင်း၊ ရိုးရာ စုပေါင်းအကပဒေသာများတွင် ပါဝင် ကပြခြင်း၊ ကြည့်ရှုအားပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ တဖက်တွင် အခမ်းအနားပြီးသည်နှင့် ရိုးရာနပန်းသတ်ပွဲနှင့် ခေါင်ကျွဲအကများဖြင့် ပျော်ပွဲလာ ပရိသတ်များကို စတင်ဖျော်ဖြေပေးခဲ့ပါသည်။

အကျဉ်းချုပ်၍ သုံးသပ်မည်ဆိုလျှင် ဒီနှစ် (၆၈) ကြိမ်မြောက် ချင်းအမျိုးသားနေ့သည် ယခင်နှစ်များနှင့်စာလျှင် အနှစ်သာရများစွာ ပျောက်ပျက်သွားသည်၊ လျော့နည်းသွားသည်ဟု ခံစားမိပါသည်။ ကျွန်တော်ကဲ့သို့ ခံစားမိသည့် ပုဂ္ဂိုလ်များလည်း များစွာရှိလိမ့်မည်ဟု ယူဆရပါသည်။ အကြောင်းမှာ အခမ်းအနားမစတင်မီ ပရိသတ်များကို ဖျော်ဖြေပေးသည့် "ရွှေမြို့တော်ပွဲတော် ပါသည်" ဆိုသည့် "ချင်းအမျိုးသားနေ့ အနှစ်သာရ လုံးဝမပါသော သီချင်းကအစ ပြောကြားခဲ့သည့် မိန့်ခွန်းများတွင် ချင်းအမျိုးသားများ၏ ဒီမိုကရေစီကို ချစ်မြတ်နိုးပုံ၊ သူ့ကျွန်မခံလိုသည့် စိတ်ဓါတ်နှင့် ဇာတိသွေး ဇာတိမာန်များကို တက်ကြွနိုးဆော်ပေးသည့် မိန့်ခွန်းများ တစ်ခွန်းတပါဒါးမျှ မပါဝင်ခဲ့ပေ။

PDF Compressor Free Version

နောက်တစ်ခု အရေးကြီး ချန်ထားခဲ့သည်မှာ လွှတ်တော်သစ်မှ ဥက္ကဌ များ၏ သဝဏ်လွှာများ အများပြည်သူသိရှိအောင် ဖတ်မပေးခြင်းနှင့် သတင်းမီဒီယာများမှာ မဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ လွှတ်တော်ဥက္ကဌများ၏ သဝဏ်လွှာဆိုသည်မှာ သက်ဆိုင်ရာပြည်သူများအပေါ် အနာဂတ်၌ ဖြစ်စေကောင်းစေလိုသောဆန္ဒများကို ဖော်ပြခြင်းဖြစ်ပြီး ၄င်းကို သက်ဆိုင်ရာပြည်သူများမှ လုံးဝသိရှိသင့်သည်ဟု ယူဆရပါသည်။

နောက်ပြီး ထူးဆန်းသည်ဟု သုံးသပ်ထားသည်မှာ ယခင် ချင်းအမျိုးသားနေ့ ပွဲတော်များတွင် ပြည်သူလူထု စိတ်ဓါတ်တက်ကြွအောင် မျိုးချစ်ပုဂ္ဂိုလ်များမှ သီဖွဲ့ထားသည့် အမျိုးဂိုဏ်၊ ဇာတိဂိုဏ်ကို ဖော်ကျူးထားသော သီချင်းများဖြင့် ဖျော်ဖြေလျှက် ရှိခဲ့ပါသည်။ ဤသို့ ဖျော်ဖြေခြင်းဖြင့် လူငယ်များ၏ စိတ်ထဲတွင် မျိုးချစ်စိတ်ဓါတ်များ အလိုလိုရိုက်သွင်းပြီး ဖြစ်ပါသည်။ တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး မပျောက်မပျက် တည်တံ့ဖို့အရေးအရာတွင် မျိုးချစ်စိတ်ဓါတ်သည် အဓိကအရင်းခံ ဖြစ်ပါသည်။

သို့သော် ဒီနှစ်  ချင်းအမျိုးသားနေ့တွင် ပရိသတ်အား ဖျော်ဖြေပေးသည် သီချင်းများမှာ တခါမှ မကြားဖူးသော၊”ရွှေမြို့တော်ပွဲတော်သီချင်း” ဖြစ်ပါသည်။ ချင်းအမျိုးသားနေ့ အနှစ်သာရ လုံးဝမပါသော၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်လည်း လုံးဝမနိုးဆော်ပေးသည့်  သီချင်း ဖြစ်ပါသည်။ ချင်းအမျိုးသားနေ့နှင့် လုံးဝ သက်ဆိုင်ခြင်းမရှိသည့် ဤသီချင်းများဖြင့် အဘယ်ကြောင့် ယခုနှစ် ချင်းအမျိုးသားနေ့တွင် လူထုကို ဖျော်ဖြေပေးသနည်း၊ တစ်ခု ရှိနိုင်သည်မှာ တက်သစ်စလူငယ်များမှ ချင်းအမျိုးသားနေ့၏ အနှစ်သာရမှန်ကို သိရှိနားမလည်အောင်၊ ချင်းအမျိုးသားနေ့ အနှစ်သာရကို တဖြည်းဖြည်း မေ့ပျောက်လာအောင် ရည်ရွယ်ချက်မှတပါး အခြားနည်းလမ်း စိုးစဉ်းမျှ မရှိပါ။ နောက်နောင် လူငယ်များမှ အထူးသတိထားရန် အထူး လိုအပ်သွားမည် ဖြစ်ပါသည်။

❑❑❑❑❑

လူတိုင်း ကမ္ဘာကြီးကို ပြောင်းလဲရန်

စဉ်းစားကြသော်လည်း မည်သူမျှ မိမိကိုယ်ကို

ပြောင်းလဲရန် မကြိုးစားကြပေ။

**Leo Tolstoy**

PDF Compressor Free Version

# ချင်းအမျိုးသားရေး လှုပ်ရှားမှုတွင် ပါဝင်ရန် အရေးပေါ် ဖိတ်ခေါ်လွှာ

*ဆလိုင်းထလာပေား*
*ဖဟိုဌာနချုပ်၊ Chinland*

၂၀၁၆ ခုနှစ်၊ မတ်လအထိ ကမ္ဘာပေါ်ရှိ လူဦးရေအရေအတွက်သည် ၇.၄ ဘီလျံ (၇,၄၀၀,၀၀၀,၀၀၀.၀၀) ခန့်အထိ ရှိမည်ဟု မှန်းဆကြသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ တွက်ဆချက်အရ တွင်မူ လာမည့် ၂၁၀၀ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် ၁၁.၂ ဘီလျံအထိ တိုးပွားလာမည်ဟု တွက်ဆထားသည်။ တစ်နေ့ပြီးတစ်နေ့၊ တစ်နှစ်ပြီးတစ်နှစ် ကမ္ဘာ့လူဦးရေပမာဏ တိုးပွားလာသည်နှင့်အမျှ နောင်အနာဂတ်တွင်လည်း ဆက်လက် တိုးတက်ပွားများလာမည် ဖြစ်ပါသည်။

ကမ္ဘာ့လူဦးရေ ပမာဏသည် တိုးတက်ပွားများလာမည်ဖြစ်သော်ငြားလည်း ကျွန်ုပ်တို့ လူသားများ အသက်ရှင်မှီတင်းနေထိုင်သော ကမ္ဘာမြေကြီးနှင့် မြေနေရာဒေသများမှာမူ ထပ်မံပြီး ကျယ်ပြန့်လာနိုင်မည်မဟုတ်ပါ။ အခြားကမ္ဘာတွင် သွားရောက်ကာ မြေနေရာအသစ် ရှာဖွေခြင်းမှတပါး ယခုမိမိတို့ နေထိုင်ကြသော ကမ္ဘာတွင် နယ်မြေသစ်များ မရှိတော့ပေ။ ကမ္ဘာ့လူဦးရေ တိုးပွားလာခြင်းကြောင့် လက်ရှိရှိနေသော မြေနေရာများကို သူထက်ငါ အပြိုင်လက်ဦးမှုများ ရယူခြင်း၊ လုယူခြင်းများ ဖြစ်ပွားလာမည်ဖြစ်သည်။ အင်အားတောင့်တင်းသော လူမျိုးက ၎င်းတို့၏ နိုင်ငံနှင့် ပိုင်နက်မြေနေရာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပြီး အင်အားနည်းသော/ချိနဲ့သော လူမျိုးနှင့် ကြိုတင် ပြင်ဆင်မှုမရှိသောလူမျိုးများအတွက်မူ ပိုင်နက်မြေနေရာများမရှိဘဲ တိုင်းတစ်ပါးသား၏ စီမံအုပ်ချုပ်မှု အောက်တွင်သာ နေထိုင်သွားရမည် ဖြစ်ပါသည်။

ချင်းလူမျိုးများအနေဖြင့်လည်း ၂၁ ရာစုအတွင်းတွင် လွတ်လပ်ပြီး လုံခြုံအေးချမ်းမှုကိုရှာရန် ကမ္ဘာ့ဒေသ မြေနေရာအသီးသီးသို့ ရောက်ရှိခဲ့ကြပါသည်။ လူမှုဘ၀ နေထိုင်ရေးအတွက် ငွေကြေးရှာဖွေရန် လိုအပ်သော်လည်း ချင်းလူမျိုးအများစု တိုင်းတစ်ပါးသောနိုင်ငံသို့ ထွက်ခွာသွားရသည့် အဓိက အ

PDF Compressor Free Version

ကြောင်းအရင်းမှာ လုံခြုံအေးချမ်းမှုနှင့် လွတ်လပ်မှုကို ရှာဖွေရန် ဖြစ်ပါသည်။ ထိုသို့ လုံခြုံအေးချမ်းမှု ရှိပြီး လွတ်လပ်သောနိုင်ငံများတွင် ရောက်ရှိပြီးဖြစ်သော ချင်းလူမျိုးများ အားလုံးအနေဖြင့် အမိချင်း ပြည်နှင့် ချင်းလူမျိုးထုတစ်ရပ်လုံး ဘေးရန်ကင်းရှင်းရေးအတွက်လည်း အထူးတာဝန် ရှိပါသည်။ Chin land တွင်ရှိနေသော ကျွန်ုပ်တို့ ချင်းလူမျိုးတိုင်းအပေါ်တွင်လည်း မိမိ၏ အမျိုးဂုဏ် ထိန်းသိမ်းစောင့် ရှောက်ရေးတာဝန်သည် အားလုံးတွင် ရှိပါသည်။

လုံခြုံမှု နှင့် လွတ်လပ်မှုသည် အလွန်အရေးပါသောကြောင့် ကမ္ဘာ့နိုင်ငံတိုင်းက ၎င်းတို့၏ နိုင်ငံ လွတ် လပ်ပြီး လုံခြုံအေးချမ်းစေရန် နည်းလမ်းအဖုံဖုံဖြင့် ကြိုးပမ်းအားထုတ်ကြပြီး လိုအပ်လျှင် အသက်၊ သွေး၊ ချွေးစတေးကာ တော်လှန်ရေးများကို ပြုလုပ်ခဲ့ကြရုံမျှမကပဲ ယနေ့ထက်ထိတိုင်အောင် ထို လွတ်လပ်ရေးကို အမြတ်တနိုး ထိန်းသိမ်းစောင့်ရှောက်နေကြပြီး ၎င်းတို့၏ ပေးဆပ်မှု၊ ထိန်းသိမ်း စောင့်ရှောက်မှု၏ အသီးအပွင့်များကို လက်ရှိတိုင်းတစ်ပါးသို့ ရောက်ရှိနေသည့် ချင်းလူမျိုးများ ခံစား နေကြရသော လွတ်လပ်မှုနှင့် လုံခြုံအေးချမ်းမှုတို့ပင် ဖြစ်ပါသည်။

အဖိုးတန်သော မည်သည့်အရာကိုမဆို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါသည်။ မိမိတို့ လူမျိုးသော်လည်းကောင်း၊ မိမိတို့ ပစ္စည်းဥစ္စာသော်လည်းကောင်း မိမိတို့ အိမ်ယာများသော် လည်းကောင်း၊ မိသားစုသော်လည်းကောင်း အဖိုးတန်သည်ဟု မှတ်ယူလျှင် ကျွန်ုပ်တို့အနေဖြင့် ထိန်း သိမ်းစောင့်ရှောက်ရမည် ဖြစ်ပါသည်။ ခန္ဓာကိုယ် ကျန်းမာရေးနှင့်ပတ်သက်၍လည်း နာမကျန်း ဖြစ် သည့်အခါများတွင် နေကောင်းကျန်းမာလာစေရန်အတွက် ဆေးဝါးမှီဝဲကာ ပြန်လည်ကျန်းမာလာ အောင် စောင့်ရှောက်ရသည်ပင် ဖြစ်သည်။

သို့သော် ချင်းလူမျိုးများအနေဖြင့် မသန်စွမ်း၊ နာမကျန်းဖြစ်နေသော မိမိလူမျိုးကို ကျန်းမာသန်စွမ်း လာစေရန်အတွက် ကျွန်တော်တို့အားလုံး၏ အင်အားကို မထုတ်နိုင်ကြသေးပါ။ အဘယ်ကြောင့်ပါ နည်း။ ချင်းလူမျိုး၊ ချင်းပြည်နှင့် ချင်းပြည်နယ်ပိုင်နက်နယ်မြေများ၏ တန်ဖိုးကို ရှင်းလင်းစွာ မသိသေး၍များ ဖြစ်နေမည်လော (သို့မဟုတ်) ကျွန်ုပ်တို့သည် မိမိ၏လူမျိုးကို အမှန်တကယ် မချစ်သော ကြောင့်များလော့။

ဖန်ဆင်းရှင်က ကျွန်ုပ်တို့အား ချင်းပြည် (Chinland) ကိုပေးပါသည်။ ဖန်ဆင်းရှင်လက်မှ ပေးသော မွန်မြတ်သည့်အမွေ ချင်းပြည် (Chinland) ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တိုးတက်စေရန် အ တွက်လည်း တာဝန်ပေးအပ်ထားပါသည်။ ဘိုးဘေးများလက်ထက်ကတည်းကပင် အသက်၊ သွေး၊ ချွေးပေးဆပ်ကာ ချင်းပြည်အား ကာကွယ်ခဲ့ပါသည်။ မည်သည့်လူမျိုးကိုမျှ မရှောင်မဖယ်ဘဲ ကြောက်

PDF Compressor Free Version

လန့်ခြင်း အလျဉ်းမရှိခဲ့ချေ။ အမျိုးဂုဏ်စောင့်ရှောက်ရေးတွင် အမျိုးသားများသာမက အမျိုးသမီး များကလည်း ရှံ့ရှံ့ချွန်ချွန် တိုက်ပွဲဝင်ကြကာ တစ်သက်နှင့်တစ်ကိုယ် အမျိုးသားရေး၊ တန်းတူညီမျှရေး၊ လွတ်လပ်ရေးနှင့် လုံခြုံရေးအတွက် အသက်ရင်းခဲ့ကြပါသည်။

မပြီးစီးသေးသော ခေတ်သစ် အမျိုးဂုဏ်စောင့်ထိန်းရေးတာဝန်အတွက် အသင်နှင့် အကျွန်ုပ်တို့ လက်ထက်တွင် ချင်းအမျိုးသားတပ်ဦး(CNF) မှ (၂၈)နှစ်တိုင်အောင် ဦးလည်မသုံ ထမ်းဆောင်ခဲ့ပါသည်။ မျိုးချစ်လူငယ်မောင်မယ်များ၏ အသက်၊ သွေး နှင့် ချွေးစက်များစတေးကာ ထမ်းဆောင်လာခဲ့သလို ကျန်ရစ်သူ မိသားစုများအနေဖြင့်လည်း လွမ်းဆွတ်တမ်းတခြင်း၊ ဝမ်းနည်းခြင်းများစွာနှင့် ရှိနေကြဆဲပင်ဖြစ်သည်။ ယင်းကဲ့သို့သော ဝတ္တရားများအတွက် ချင်းအမျိုးသားရေးသမားများမှ သေသေရှင်ရှင် ဆက်လက်ထမ်းရွက်မည်ဟူကာ တာဝန်ယူ လျှောက်လှမ်းနေကြဆဲပင် ဖြစ်သည်။ သင်နှင့် ကျွန်ုပ်သည်လည်း ဤအမျိုးသားရေးတာဝန် ထမ်းဆောင်မှုတွင် ပါဝင်ရန် ဖိတ်ခေါ်လျက် ရှိနေပါသည်။

ယနေ့ ကျွန်ုပ်တို့၏ ချင်းပြည်နှင့် လူမျိုးအကြောင်း ပြန်လည်သုံးသပ်သည့်အခါတွင် အချို့သော ချင်းအမျိုးသားများမှ တိုင်းပြည်ပြောင်းလဲနေပြီ၊ လွတ်လပ်စွာ သွားလာနိုင်ပြီ၊ ရွေးကောက်ပွဲလည်း အောင်မြင်စွာ ပြီးမြောက်ပြုလုပ်နိုင်ခဲ့ပြီဖြစ်ပြီး လူထုမှရွေးကောက်သည့် ခေါင်းဆောင်များ လည်းရှိနေသည့်အပြင် မိမိတို့ ချင်းလူမျိုးမှလည်း မြန်မာနိုင်ငံတွင် ဒုတိယသမ္မတတာဝန်ကို ထမ်းဆာင်နေပြီ၊ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦး(CNF)ကိုလည်း ဆက်လက်ကူညီရန် မလိုအပ်လှတော့ပါ။ Chinland Club တွင်လည်း ငွေများထည့်ဝင်စရာမလိုတော့ပါ၊ ဟူသော အတွေးများ တွေးမိသူများလည်း ရှိနိုင်ပါသည်။ ပကတိအခြေအနေမှာ စင်စစ်မပြောင်းလဲသေးပါ။ မိမိတို့ လိုလားသော စစ်မှန် သည့်ပြောင်းလဲမှုသည် မနီးသေးပါ၊ အလှမ်းဝေးလျက် ရှိနေဆဲပင် ဖြစ်ပါသည်။ ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေလျှင် ညှိနှိုင်းဆွေးနွေး၍ မရသောကြောင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအဆင့်တွင်ပင် ရောက်ရှိနေပါသေးသည်။ ထိုသို့တိုင်အောင် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သော အပစ်အခတ် ရပ်စဲရေးအား ဖော်ဆောင်နိုင်ခြင်း မရှိသေးပါ။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၂၁) ဖွဲ့အနက် (၈)ဖွဲ့မှသာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) အား လက်မှတ်ရေးထိုးထားခြင်း ဖြစ်သည်။ သတင်းကောင်းတစ်ရပ်မှာ ကျွန်ုပ်တို့သည် အလွန်အရေးကြီးသော အပြောင်းအလဲကာလတွင် ရောက်ရှိနေသည်ဖြစ်၍ အားလုံး ပိုင်းဂန်းစုပေါင်း လက်တွဲကြိုးပမ်းဆောင်ရွက်လျှင် မိမိတို့ လိုလားသည့် စစ်မှန်သောအပြောင်းအလဲကို ဖော်ဆောင်ရောက်ရှိနိုင်မည် ဖြစ်သည်။

PDF Compressor Free Version

အမျိုးသားလုံခြုံရေးနှင့် လွတ်လပ်ရေးအတွက် ချင်းအမျိုးသားတပ်ဦးမှ ဆဋ္ဌမအကြိမ်မြောက် ညီလာခံကြီးအား ၂၀၁၆ ခုနှစ်၊ ဇန္နဝါရီလတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကာ ချင်းပြည် (Chinland) အနယ်နယ်အရပ်ရပ်မှ ခေါင်းဆောင်များစွာ ပါဝင်တက်ရောက်နိုင်ခဲ့သည်သာမက နောက်လာမည့် ကာလ (၄) နှစ်အတွက် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည့် CNF ဗဟိုကော်မတီ (CNF Central Committee) တွင်ဖြစ်စေ၊ CNF ဗဟိုအလုပ်အမှုဆောင်ကော်မတီ (CNF Central Executive Committee) တွင်ဖြစ်စေ၊ ချင်းပြည် (Chinland) အနယ်နယ်အရပ်ရပ်က ခေါင်းဆောင်များလည်း ပါဝင်ကြပါသည်။ ရွေးကောက်ခံ ခေါင်းဆောင်သစ်များနှင့် ချင်းပြည်၊ ချင်းလူမျိုးများအတွက် တာဝန်ပေးခြင်း ခံရသော ပုဂ္ဂိုလ်များအနေဖြင့်လည်း ယခုလိုအရေးကြီးသော အချိန်အခါသမယတွင် ကျွန်ုပ်တို့ချင်း လူမျိုးများက လိုလားတောင့်တနေသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ စစ်မှန်သော ဖယ်ဒရယ်ပြည် ထောင်စုစံနစ် နှင့် အုပ်ချုပ်မှုများကို ပြည့်စုံစွာ ရရှိနိုင်ရေးအတွက် ချင်းပြည် (Chinland) ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်တွင်ရှိသော ပုဂ္ဂိုလ်များမှ မိမိတို့၏ လူမျိုးအတွက် ကြိုးပမ်းအားထုတ်ခြင်းအားဖြင့် အမျိုးသားရေးတာဝန်ကို ဆက်လက်ထမ်းဆောင်ရန် ရည်ရွယ်ထားကြပါသည်။

အဆိုပါ တာဝန်ထမ်းဆောင်မှုများ အထမြောက် အောင်မြင်နိုင်စေရေးအတွက် ပြည်တွင်းပြည်ပတွင်ရှိသော ချင်းလူမျိုးများအနေဖြင့် မိမိတို့တတ်အားသရွေ့ ပါဝင်ဆောင်ရွက်ရန်မှာ လွန်စွာမှ အရေးကြီးပါသည်။ ပြည်ပတွင်မူ (Chinland Club- CC) ဟုဆိုကာ ၂၀၁၀ ခုနှစ် စက်တင်ဘာလမှ စတင် စုစည်းကာ ယခုအချိန်တွင် အဖွဲ့ဝင်ပေါင်း (၅၀၀၀) ကျော်ရှိပြီ ဖြစ်သည်။ CC ၏ အဖွဲ့ဝင်များသည် တစ်နှစ်လျှင် အနည်းဆုံးထည့်ဝင်ငွေ $150.00 ဖြင့် ပါဝင်ရခြင်း ဖြစ်သည်။ အချို့ အဖွဲ့ဝင်များမှုကား တစ်နှစ်လုံးအတွက် $2500.00၊ $2000.00၊ $1500.00 အစရှိသဖြင့် ထည့်ဝင်သူများလည်း ရှိပါသည်။ သို့သော် ချင်းအမျိုးသားထုတစ်ရပ်လုံး ပါဝင်ထည့်ဝင်နိုင်ရေးအတွက် ရည်ရွယ်ကာ တစ်နှစ်လျှင် $150.00 ဖြင့် သတ်မှတ်ကောက်ခံရခြင်း ဖြစ်သည်။ ယခု ၂၀၁၆ ခုနှစ်မှ စတင်ကာ ပြည်တွင်း (မြန်မာနိုင်ငံ)တွင်လည်း Chinland Club အား စတင်ဖွဲ့စည်းနိုင်ရန် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပါသည်။ ထို့အတူ လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေပေါ်မူတည်ကာ Chinland Club အဖွဲ့ဝင်များ အနေဖြင့် တစ်နှစ်လျှင် (၅၀၀၀၀/-ကျပ်) ဖြင့် ထည့်ဝင်ရန် သတ်မှတ်ချက် ထားရှိပြီးဖြစ်သည်။

ချင်းအမျိုးသား၊ အမျိုးသမီးများခင်ဗျား.. သင်ကိုယ်တိုင်၏ ပါဝင်ပေးဆပ်မှုကို ချင်းပြည်နှင့် ချင်းလူမျိုးက လိုအပ်လျက် ရှိပါသည်။ သင်၏ လူမျိုး ဘေးကင်းလုံခြုံစေရန်နှင့် အဓွန့်ရှည်စေရန်အတွက် သင်သည် ပြည်တွင်းတွင် နေထိုင်သည်ဖြစ်စေ၊ ပြည်ပတွင် နေထိုင်သည်ဖြစ်စေ Chinland Club တွင် အမျိုးသားရေး စိတ်ဓာတ်အပြည့်ဖြင့် ပါဝင်အားဖြည့်ရန် ဖိတ်ခေါ်အပ်ပါသည်။ မိမိတို့ နေထိုင်ရာ ဒေသ

အသီးသီးမှ Chinland Club တွင် ပါဝင်နိုင်ရန်အတွက် အောက်ဖော်ပြပါ ပုံစံအား ဖြည့်စွက်ကာ အဖွဲ့ဝင် ဖြစ်လာရေးအတွက် ဖိတ်ခေါ်အပ်ပါသည်။

PDF Compressor Free Version

**ချင်းလဲန်းကလပ် အသင်းဝင် ပုံစံ ( Chinland Club Membership Form)**

ဘုရားသခင်က ချင်းလူမျိုးတစ်စုအဖြစ် ဖန်ဆင်းရာတွင် လွတ်လပ်သော အခွင့်အရေးကိုလည်း ပေးထားပြီးဖြစ်သည်။ ယင်းသည် ချင်းလူမျိုးများတွင်ရှိသော အမျိုးသားရေး အခွင့်အရေးပင်ဖြစ်ပြီး လူတစ်ဦးတစ်ယောက်ချင်းစီတွင်ရှိသော လူအခွင့်အရေးလည်း ဖြစ်သည်။ ယင်းအခွင့်အရေးအား ရှေးယခင် ချင်းဘိုးဘွားများက အသက်နှင့်ရင်းကာ ရယူစောင့်ရှောက်သကဲ့သို့ ယနေ့ မျက်မှောက်ခေတ်တွင်လည်း ချင်းလူမျိုးတိုင်းက ထိုအခွင့်အရေးများအား ဆက်လက်ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြပါသည်။

လွတ်လပ်မှုဆိုသည်မှာ အဖိုးအခမပေးဘဲ ရရှိနိုင်သည့်အရာ မဟုတ်သည့်အတိုင်း အခြားသော လူမျိုးများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း အသက်၊ သွေး၊ ချွေးနှင့် ငွေကြေးမြောက်မြားစွာ ရင်းနှီးကာ ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြပါသည်။ ကျွန်ုပ်တို့ ချင်းအမျိုးသားရေးကို ရှေ့တန်းတင်သူများအနေဖြင့်လည်း မိမိ၏ ချင်းပြည်၊ မိမိ၏ ချင်းပိုင်နက်နယ်မြေနှင့် မိမိလူမျိုးကို ထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်သည်။ ကမ္ဘာ့လူဦးရေ တိုးပွားလာသော်လည်း မြေနေရာတိုးလာမည် မဟုတ်ပေ။ ထို့ကြောင့် ကျွန်ုပ်တို့ နိုင်ငံ၊ ကျွန်ုပ်တို့၏ ပြည်နယ်နှင့် ပိုင်နက်နယ်မြေများကို မထိန်းသိမ်း မစောင့်ရှောက်၊ မတည်မြဲ၊ မခိုင်ခံ့စေလျှင် ပြည်နယ်ပိုင်နက်နယ်မြေမရှိသော လူမျိုးများ၏ ကျူးကျော်ခြင်းကို ခံရသော လူမျိုးအဖြစ်သို့ ရောက်ရှိသွားနိုင်ပါသည်။

ချင်းလူမျိုးများအနေဖြင့် မိမိကြမ္မာဖန်တီးနိုင်ခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် လူ့အခွင့်အရေးများအား ပြည့်စုံစွာ ပြန်လည်ရရှိနိုင်ရေးအတွက် Chinland Club အား ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ခဲ့ပြီးဖြစ်ကာ မိမိတို့ လူမျိုးအနေဖြင့် မိမိတို့၏ ရပိုင်ခွင့်အပြည့်အဝ မရရှိသေးသရွေ့ကာလပတ်လုံး လူမျိုး ဘေးကင်းလုံခြုံရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ကို ဆက်လက်ဆောင်ရွက်ဖို့ ရည်ရွယ်ထားပါသည်။ ထို့ကြောင့် ဘုရားသခင်ပေးအပ်ထားသော သင့်ပြည်နယ်၊ လူမျိုးနှင့် ယုံကြည်မှုကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် Chinland Club (CC) မှ မိမိ၏ လူမျိုးကိုချစ်သော မျိုးချစ်ပုဂ္ဂိုလ်သင်ကိုယ်တိုင် ပါဝင်ဖို့ လေးစားစွာဖြင့် ဖိတ်ခေါ်ပါသည်။ အနည်းဆုံး တစ်နှစ်တွင် အမေရိကန်ဒေါ်လာ (၁၅၀) တိတိ ထည့်ဝင်ရန်၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်း

PDF Compressor Free Version

တာဝန်တွင် ပါဝင်မည်သူများအနေဖြင့် အောက်ဖော်ပြပါအသင်းဝင်ပုံစံအား ပြည့်စုံစွာ ဖြည့်စွက်ရေးပေးရမည် ဖြစ်ပါသည်။ Chinland Club (CC) နှင့် ပတ်သတ်၍ သိရှိနားလည်လိုသူများအတွက် (chinlandclub.cnf@gmail.com) သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

အမည် : ……………………………………………. လက်မှတ် : ……………………………………

ဖုန်းနံပါတ် (Home) : ……………………… ဖုန်းနံပါတ် (Mobile) : ……………………………

Email : ……………………………………………………………………….

လိပ်စာ (Address) (လက်ရှိ) : …………………………………………………………………………………

…………………………………………………………………………………………………………………

အလုပ်အကိုင်: ……………………………… လုပ်ငန်းအချိန် (Shift) …………………………………………

မွေးရပ်မြေ : ……………………………………………………………………………………………………

နေ့ရက် : …………………………………………………………………………………………………………

❑❑❑❑❑

အမှားကြီးကြီး ဖြစ်မှာစိုးလို့ ဆုံးဖြတ်ချက်ကြီးကြီး
မချဘူးဆိုရင်တော့
သင်မျှော်လင့်ချက်ကြီးကြီးလည်း ထားစရာ မလိုတော့ပါ။

PDF Compressor Free Version

# စည်းလုံးညီညွာ အောင်ကြောင်းဖြာ

**ဆလိုင်း ချိုမနားထန်း**

ချင်းညီအစ်ကိုတွေကို ပြောချင်တာက ဒီနေ့ ကျွန်တော်တို့တွေဟာ လူမျိုးစုတစ်မျိုးစီနဲ့ ဖြစ်တဲ့ ပြဿနာကို အရင်ဖြေရှင်းမှာလား။ ချင်းလူမျိုးအားလုံးနဲ့ တောင်ပေါ်တိုင်းရင်းသားတွေ လိုလားနေတဲ့ ဖက်ဒရယ်ကို အရင်ပိုင်းပြီး တိုက်ယူမှာလား။ လူမျိုးနွယ်စု အချင်းချင်းဖြစ်နေတဲ့ အသေးစားပြဿနာကိုချည်းပဲ နောက်ကြောင်းပြန်လှည့် ဖြေရှင်းနေ၊ တိုက်ခိုက်နေကြရင် ချင်းတစ်မျိုးသားလုံးရဲ့ အရေးက နောင့်နေးကြန့်ကြာနေမှာ ဖြစ်တယ်။ စစ်အစိုးရရဲ့ သွေးခွဲအုပ်ချုပ်နေတာကို တစ်ချက်က လေးသတိရရင် ကျွန်တော်တို့ လူမျိုးနွယ်စုအရေးက ပြဿနာမဟုတ်ပါဘူး။ တစ်ခြားလူမျိုးတွေမှာလည်း လူမျိုးနွယ်စုတွေ အများကြီး ရှိပါတယ်။ ယနေ့ ကျွန်တော်တို့ ချင်းတစ်မျိုးသားလုံးအရေးနဲ့ တိုင်းရင်းသားညီအစ်ကိုအားလုံးရဲ့ အရေးကို ဒီစစ်ထွက် လူလိမ် အာဏာရှင်အစိုးရကနေ တော်လှန်ရယူနိုင်အောင် ကြိုးစားကြရအောင်ပါ။ ဘာသာကွဲ၊ ဂိုဏ်းဂနကွဲကို အရင်စဉ်းစားမှာလား၊ ချင်းတစ်မျိုးသားလုံးလွတ်မြောက်ဖို့ အရင်ကြိုးပမ်းမှာလား။ လူမျိုးနွယ်စုအရေးကို ရှေ့တန်းတင်မှာလား။ ချင်းတစ်မျိုးသားလုံးအရေးကို အရင်ရှေ့တန်း တင်မှာလား။

ဒီနေ့ ကျွန်တော်တို့ ကျဆုံးနေတာ အဓိကနဲ့သာမညကို သေချာခွဲခြားပြီး မလုပ်နိုင်သေးလို့ပဲ။ ကျွန်တော်တို့အားလုံး ညီနေရင် ဒီစစ်အာဏာရှင်အစိုးရကို အသေအချာ တွန်းလှန်ဖယ်ရှားနိုင်ပါတယ်။ ကျွန်တော်တို့ ညီညွတ်ကြရအောင်ပါ။ ချင်း လူမျိုးနွယ်စုအားလုံးညီရင် ချင်းတစ်မျိုးသားလုံး လွတ်မြောက်နိုင်မယ်။ ဒီနေ့ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ မိမိမျိုးနွယ်စုတွေကို တယူသန် သိပ်ချစ်မြတ်နိုးလွန်းတာက အန္တရာယ်ရန်သူ ဖြစ်နေတယ်။ ကျွန်တော်တို့ရဲ့ ချစ်ခြင်းမေတ္တာတွေက အဆိပ်တစ်ခွက်ဖြစ်နေပြီ။ မျက်ကန်းမျိုးချစ်ဘဂကို ပိုင်ဆိုင်နေကြပြီ၊ အခွင့်အရေးတွေတရားမျှတမှုတွေ နေှင့်နေးကြန့်ကြာ နေကြရပြီ။

ကျွန်တော်တို့ရဲ့ မေတ္တာတွေဟာ တဖက်သတ် ဆန်လွန်းနေကြလို့ လွတ်မြောက်မှုကို ရှာမတွေ့ ဖြစ်နေကြရပြီ။ စစ်အစိုးရဆီက တစ်မျိုးသားလုံးလွတ်မြောက်ဖို့ အရင်မလုပ်ဘဲ အချင်းချင်း သူတစ်လူငါတစ်မင်း လွတ်မြောက်ဖို့ ကြိုးပမ်းနေကြတယ်။ တစ်မျိုးသားလုံး လွတ်မြောက်နိုင်မှ လူမျိုး

PDF Compressor Free Version

နွယ်စုတစ်စုစီ လွှတ်မြောက်နိုင်မယ်။ တစ်ယောက်မကျန် တစ်မျိုးသားလုံးရဲ့ အခွင့်အရေးကို ပိုင်းတိုက်နိုင်မှ လူမျိုးနွယ်စုတစ်စုစီ လွှတ်မြောက်နိုင်မယ်။ ဥပမာ- လိုင်မျိုးနွယ်က လွှတ်မြောက်ပြီး ကျန်တဲ့ အရှို၊ ချိုး၊ ခူမီး၊ မီဇို၊ ဇို စသဖြင့် ကျန်နေရင် ချင်းဆိုတဲ့ ပင်မအမျိုးသားက ဘာအဓိပ္ပာယ်ရှိတော့မလဲ။ ဒီတော့ ညီအစ်ကိုတို့ အားလုံးလွှတ်မြောက်ဖို့ ချင်းတစ်ယောက်မကျန် အားလုံး တစ်လုံးတစ်ဝတည်း ကြိုးစားကြရအောင်။

ဒီနေ့ ကျွန်တော်တို့ အချောင်ခိုချင်တဲ့ စိတ်ဓာတ်တွေကြောင့် ကျွန်တော်တို့ လူမျိုးတွေ ပျောက်ကွယ်ဆုံးရှုံးနေပြီ။ ကျွန်တော်တို့ရဲ့ ညံ့ဖျင်း၊ သဘာထား သေးတိမ်ကြတဲ့အတွက် ဒီနေ့ ကျွန်တော်တို့ စစ်ထွက်လူလိမ် အစိုးရအောက်က ရုန်းမထွက်နိုင်ကြသေးဘူး။ ကျွန်တော်တို့ ရုန်းထွက်နိုင်အောင် ကျွန်တော်တို့ရဲ့ သေးတိမ်လွန်းတဲ့ စိတ်ဓာတ်တွေ၊ စာတန်ချည်နှောင်ထားတဲ့ အမိုက်မှောင်တွေ တစ်စက်မကျန် လွှင့်ပစ်လိုက်ကြရအောင်။ ကျွန်တော်တို့ ယုံကြည်တဲ့ ဘုရားသခင်ရဲ့ နိုင်ငံတော်မှာ ချိုးလည်း မရှိ၊ ခူမီးလည်းမရှိ။ လိုင်လည်းမရှိ၊ အရှိုလည်းမရှိ၊ ဇိုလည်းမရှိ၊ မီဇိုလည်းမရှိပါဘူး။ ဘုရားသခင်ရဲ့ နိုင်ငံတော်မှာ စာတန်နဲ့တူတဲ့အရာ လုံးဝမရှိပါဘူး။ ဒီနေ့ ကျွန်တော်တို့ စာတန်နဲ့တူတဲ့ ဗမာစစ်အစိုးရအာဏာရှင်တွေကို အရင်တိုက်ထုတ်ကြပါစို့။ တွန်းလှန် ကြပါစို့။

ကျွန်တော်တို့တွေဟာ ခံစားချက်တူ၊ ပန်းတိုင်တူနေကြပါတယ်။ တစ်ဦးနဲ့တစ်ဦး ကူညီရိုင်းပင်းပြီး ချစ်ခင်စွာ လျှောက်လှမ်းကြမယ်ဆိုရင် ချင်းတောင်တန်းလည်း ချင်းလူမျိုးအားလုံးအတွက် ဖြစ်စေရပါမယ်။ တစ်ဦးနဲ့တစ်ဦး မားယွင်းကြတာကိုပဲ ပြန်လည်ပြောကြ။ နောက်ကြောင်းပြန်နေမယ်ဆိုရင် ချင်းတောင်တန်းလည်းပျောက်၊ ကျွန်တော်တို့ လူမျိုးနွယ်စုအားလုံးလည်း ပျောက်၊ ဗမာလူမျိုးကြီးဝါဒအောက်မှာ လုံးလုံးပျောက်ကွယ်သွားကြလိမ့်မယ်။ မြန်မာနိုင်ငံမှာ စစ်မှန်သော ဒီမိုကရေစီစံနစ်ဖြင့် လူ့အခွင့်အရေးပြည့်ဝပြီး တန်းတူညီမျှ၍ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်ရှိသော ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ထောင်ချင်တယ်ဆိုရင် ချင်းအမျိုးသားများအားလုံး တစ်မိသားစုတည်း သိုက်သိုက်ဝန်းဝန်း နေကြရအောင်လို့ တိုက်တွန်းပါရစေ။

**မှတ်ချက်**။ အင်တာနက်ပေါ်တွင်ရရှိသော အမည်မသိစာရေးသူ၏ စာကို မှီငြမ်းလျက် ချင်းအမျိုးသားများအတွက် စုစည်းညီညွတ်ရေးကို ဦးတည်ပြီး ပြန်လည်ပြင်ဆင် ရေးသားဖော်ပြပါသည်။

❑❑❑❑❑

PDF Compressor Free Version

# သံချောင်းခေါက်သံ ၂၈ ချက်

**ထက်နီ**

ဘဝ အခြေခြားတော့ နလုံးသားချင်းလည်း မဝေး ချင့် ဝေးချင်အဆုံး ဝေးရတယ်၊ တိုက် ဆိုင်ချင်တော့ မထင်ချင်မှာ မထင်မှတ်ပဲ တချိန်က မထင်တော့တဲ့ သူနဲ့ ပြန်တွေ့လိုက်တော့ ခြေမကိုင် မိ လက်မကိုင်မိ၊ တုံဏှိဘဝေ၊ အဟောင်းတွေက ရေးရေးပေါ်လာပြီး အသစ်ပြန်ဖြစ်ရ၊ ဒုတိယပွဲ တဒင်္ဂ ခံစားခဲ့ရပေါ့၊ စိတ်ကြမ်းအနေကြမ်း၊ ရုပ်တွေ ကြမ်းခဲ့ပေမဲ့ ပုထုဇဉ် လူသားပေမို့ နလုံးသား တော့ နတတ်ပါတယ်၊ သို့သော်.. သို့သော်.. အဖေရေ အမေ ခေါ်နေတယ်၊ အေးအေး - သမီးရေ လာ ပြီ၊ ခုတော့ လွန်လေပြီးသောအခါ ဖြစ်သွားခဲ့ပြီ ဆိုရုံကလွဲလို့ အားလုံးသော အဖြစ်သနစ်တွေဟာ နလုံးသား ကဗ္ဗည်းမှာ ထင်ကျန်ရုံသာ၊ သိနေတယ်၊ တဖက်ကလည်း ဒီလိုဖြစ်မှာပါလေ၊

မမြင်ယောင်ဆောင်ပဲလျက် အိမ်သူကို အမှတ်မထင်ငေးကြည့်မိတယ်၊ အိမ်သူသက်ထားရဲ့ မျက်နှာတချက် ညိုသွားလေရဲ့၊ ကိုယ်လည်း တချက်တော့ အနေရကြပ်သွားတာပေါ့၊ အိမ်သူရေ၊ မောင်ကြီး အားလုံးကို သင်ပုန်းချေလိုက်ပြီလို့ စိတ်ထဲကနေ နှစ်သိမ့်ခဲ့ရတယ်၊ ဒါတွေဟာ အတိတ်မှာ ကျန်ခဲ့ပါပြီ၊ အခင်ဆုံး သူငယ်ချင်းအဖြစ် အသိအမှတ်ပြုခွင့်တော့ ပေးလိုက်ပေါ့၊ အိမ်သူသက်ထားရေ လို့ စိတ်ထဲကနေပဲ မေတ္တာရပ်ခံလိုက်တယ်၊ သမီးနဲ့ ချစ်ဇနီးရဲ့ နွမ်းလျှမျက်နှာနဲ့ ယီးလေးခို မျက်ရည် ကို မြင်ယောင်နေသေးတော့ နောက်ပြန်လှည့် နှုတ်မဆက်ရက်တော့ပြီ၊ ဒါက ဖြတ်သန်းခဲ့ရ၊ ဖြတ် သန်းဆဲ၊ ဖြတ်သန်းနေရအုံးမယ့် ဘဝ စာမျက်နှာတွေ၊ ရွေးတာမှားလား၊

ရွေးတဲ့လမ်းက ကြမ်းမှတော့ ခရီးတလျှောက်မှာ ငတ်ရတယ်၊ ပြတ်ရတယ်၊ မွဲရတယ်၊ သေ ရတယ်၊ ကြေရတယ်၊ မတတ်နိုင်မှတော့ ခရီးတဝက်ကနေ ပြန်ခေါက်သူတွေလည်း တပုံတပင်၊ သူတို့ ရဲ့ နောက်ကျောကို ငေးရုံကလွဲလို့ မတားရက်ပြီ၊ သွားနေပေမဲ့ ခရီးဆုံးကိုတော့ မှန်းလို့မရပါ၊ သို့ သော် မှန်းနိုင်တာ တခုတော့ရှိတယ်၊ ကြုံနေကျမို့ ခရီးလမ်းမှာ မိုးကြီးမယ်၊ ရေကြီးမယ်၊ လေကြီးမယ်၊ မုန်တိုင်းကျမယ်၊ ဒီအတွက် ပြင်ဆင်ရအုံးမယ်၊ ကြင်ဖော် သက်ထားရေ… ကျောပိုးအိတ် ခြောက် ပြီလား၊ ဖိနပ်၊ ခြေအိတ်ကော စုံသလား၊ အပ်ချည်လုံးကို ထည့်ပေးဖို့ မမေ့နဲ့၊ အကျီအိတ်ထဲ နှိုက်

ကြည့်တယ်၊ သွားလေရာ ထပ်ချပ်မကွာ ပါသွားလေ့ရှိတဲ့ အသက်မဲ့ မိသားစုဓါတ်ပုံ ထည့်ထားပါတယ်၊ ကဲ... စခန်းဆီက သံချောင်း ခေါက်နေပြီ။

PDF Compressor Free Version

ယနေ့ ချင်းအမျိုးသားတပ်ဦး၊ တပ်မတော် ဆင်နွှဲနေတဲ့ တော်လှန်ရေးသည် အလုပ်သမားတော်လှန်ရေးမဟုတ်ပါ၊ စက်မှုတော်လှန်ရေး မဟုတ်သလို၊ တောင်သူလယ်သမား တော်လှန်ရေးလည်းမဟုတ်ပါ၊ လူမှုတော်လှန်ရေးလား၊ ဂေလာဂေး၊ ကဲ ဘာတော်လှန်ရေးလဲ၊ ချင်းအမျိုးသားများကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရေး၊ ပင်လုံစာချုပ်အရ ဖြစ်တည်လာခဲ့တဲ့ မြန်မာနိုင်ငံကို ဖက်ဒရယ် ပြည်ထောင်စုအဖြစ် ပြန်လည်တည်ထောင်ရေးနဲ့ ဒီမိုကရေစီရရှိရေးအတွက် ဘဂတူ၊ ရင်ခုန်သံချင်းတူ၊ ခံစားချက်ချင်းတူတဲ့ တိုင်းရင်းသားညီအစ်ကိုများနဲ့ ၂၈ နှစ်တာ လက်တွဲပြီး ဆင်နွှဲနေရတဲ့ အမျိုးသား လက်နက်ကိုင်တော်လှန်ရေးပါ၊ အခု နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုပြုလုပ်နေပြီ၊ ဒါတွေဖြစ်မလာရင်.... ဖြစ်မလာခဲ့သော်.... ဒီအတွက် ပြင်ထား ဟေ့။

ရွေးပြီး၊ လျှောက်ပြီး၊ ဖြစ်ပြီးမှတော့ နောက်ဆံမတင်းတော့ပြီ၊ ရှေ့သို့သာ......

စခန်းဆီက သံချောင်း ခေါက်သံ ၂၈ ချက် ရှိပြီနော်

**၂၈ နှစ်မြောက် ချင်းတော်လှန်ရေးနေ့ကို ဂုဏ်ပြုလျက်**

**ချင်းအမျိုးသားရေးရာစာစောင်ကို ချင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌာနမှ သုံးလတစ်ကြိမ် ထုတ်ဝေလျက်ရှိပြီး၊ စာစောင်များကို ချင်းအမျိုးသားတပ်ဦး၊ ပြည်တွင်း ဆက်ဆံရေးရုံးနှင့် စီးပွားရေးရုံးများမှတဆင့် ထုတ်ဝေဖြန့်ချိနေပါသည်။**

**စာဖတ်သူများ၏ ဝေဖန်အကြံပြုမှုများကို လှိုက်လှဲစွာကြိုဆိုလျက်ရှိသကဲ့သို့ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကိုလည်း အောက်ပါလိပ်စာများသို့ အချိန်မရွေး ဆက်သွယ်ပေးပို့ နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။**

cnfinfo88@gmail.com
+91 8415 851 622

PDF Compressor Free Version

# ချင်းပကာတိ၊ ချင်းစစ်စစ် အလိုရှိသည်

Dr.Sui Khar

ယနေ့မြန်မာနိုင်ငံနှင့်ဆိုင်သော အင်တာနက်သတင်းများကို ကြည့်မည်ဆိုပါက အသစ်တက်လာသော NLD အစိုးရအကြောင်းများဖြင့် ပြည့်နက်ဖုံးလွှမ်းနေသည်ကို တွေ့ရှိရသည်။ ပြည်ထောင်စုအစိုးရ အဖွဲ့တွင် မည်သူတွေ ပါဝင်သနည်း၊ ယင်းပုဂ္ဂိုလ်များ၏ ရာဇဝင်အကျဉ်း၊ တိုင်းနှင့်ပြည်နယ်အစိုးရများ တွင် မည်သည့်ပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းသနည်း၊ ယင်းပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဆောင်ပါးများကိုကြည့်ရှုပါက ယနေ့ အစိုးရသစ်တက်လာသော NLD နှင့် တပ်မတော်သည် မည်သို့ ရှေ့ဆက်လုပ်မကြမည်နည်း၊ အစိုးရသစ် တက်လာသောနေ့မှစ၍ ရက်ပေါင်း (၁၀၀)အတွင်း (honey moon period) မည်သည့်လုပ်ငန်းများ လုပ်ဆောင်မည်နည်း စသည့် အကြောင်းအရာများဖြင့် ပြည့် နက်နေသည်ကို တွေ့ရှိရသည်။ ထို့အပြင် လွှတ်တော်ဖက်ကို ကြည့်ပါကလည်း ဥပဒေသစ်များ ပြဋ္ဌာန်းခြင်းနှင့် ယင်းဥပဒေသစ်များ ပြဋ္ဌာန်းခြင်းအပေါ် တပ်မတော် နှင့် NLD အကြားသဘောထား ကွဲလွဲမှုများ စသည့်သတင်းများဖြင့် ပြည့်နက်ဖုံးလွှမ်းနေသည်ကို တွေ့ရသည်။ မိမိတို့ တိုင်းရင်းသား လူမျိုးများနှင့်ပတ်သက်၍ အစိုးရအဖွဲ့တွင်ပါဝင်သော တိုင်းရင်းသားလူမျိုးများအကြောင်း၊ တိုင်း ရင်းသားနိုင်ငံရေးပါတီနှင့် NLD အစိုးရသစ်အကြားရှိသော ကိစ္စရပ်နှင့်ပတ်သက်သော သတင်းများ ဖြင့် အင်တာနက်စာမျက်နှာအပေါ် ပြည့်နက်နေသည်ကို တွေ့ရသည်။ ယင်းသတင်းများသည် ပြည် သူအားလုံး သိချင်ကြားချင်သော သတင်းများဖြစ်သည်နှင့်အမျှ အင်တာနက်စာမျက်နှာအပေါ် ပြည့် နက်နေသည်မှာ မထူးဆန်းပေ။

ယနေ့ NLD အစိုးရသည် နှစ်ပေါင်း (၅၀) ကျော် တိုင်းပြည်ကိုအုပ်ချုပ်ခဲ့သော စစ်အုပ်ချုပ်မှုစံနစ်မှ ပထမဦးဆုံး အရပ်သားအုပ်ချုပ်မှုစံနစ်ဖြစ်သဖြင့် ပြည်သူအားလုံးမှ ဝမ်းပန်းတသာ ကြိုဆိုကြသည်။ အစိုးရသစ်အဖွဲ့ကို ကြည့်ပါကလည်း ချင်းအမျိုးသားတစ်ဦးအား ဒုတိယသမ္မတ ခန့်အပ်သည့်အပေါ် အထူးသဖြင့် ချင်းလူမျိုးများအနေဖြင့် ပိုပြီးဝမ်းသာပီတိ ဖြစ်ခဲ့ကြသည်။ ခရစ်ယာန်ဘာသာဝင်များ ဖက်မှ ကြည့်ပါကလည်း အမျိုးသားလွှတ်တော်တွင် ဥက္ကဌနေရာ ရရှိသည်သာမကပဲ တိုင်းနှင့်ပြည် နယ်ဝန်ကြီးချုပ် (၁၄) ဦးအနက် (၅) ဦးသည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်ကို ဝမ်းသာ

PDF Compressor Free Version

ပီတိဖြစ်ရုံမျှမကပဲ ကျေနပ်ဂုဏ်ယူကြသည်။ တပ်မတော် ကိုယ်စားလှယ်များ ကန့်ကွက်သည့်ကြားမှ နိုင်ငံတော်အတိုင်ပင်ခံဥပဒေကို ရဲရဲတင်းတင်း ရေးဆွဲပြဌာန်း အတည်ပြုခြင်းအပေါ် ပြည်သူများအနေဖြင့် NLD အပေါ် နှစ်ထောင်းအားရဖြစ်ကြသည်။ သမ္မတမိန့်ခွန်းတွင် သော်လည်းကောင်း၊ နိုင်ငံတော်အတိုင်ပင်ခံဥပဒေတွင်သော်လည်းကောင်း မြန်မာနိုင်ငံသည် ဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်မည်ဟု ဖော်ပြခြင်းအတွက်လည်း အစိုးရသစ်အပေါ် ယုံကြည်မှုနှင့် အားကူးမှု ပိုမိုရှိလာသည်။

လူပုဂ္ဂိုလ်ဖြစ်စေ၊ ပစ္စည်းအရာဝတ္ထုဖြစ်စေ အားသာချက်များရှိသကဲ့သို့ အားနည်းချက်များလည်း ရှိသည်။ ထိုနည်းတူ NLD မှာလည်း အားသာချက်များရှိသကဲ့သို့ အားနည်းချက်များ ရှိနေသည်ကို တွေ့ရသည်။ ယခု အင်တာနက်သတင်းများတွင် NLD အားနည်းချက်များ ရေးသားပါက "ထောင်ချောက်မှန်းသိသော်လည်း ဆင်ကန်းတောတိုးခြင်း" နှင့် အတူတူပင်ဖြစ်သည်။ NLD ၏ အားနည်းချက်များ ရေးသားပြောဆိုမိပါက လူတွေအားလုံးဝိုင်းပြီး ဆံမျှင်တစ်ချောင်းမကျန် ဆွဲနုတ်ခံရမည့်အခြေအနေထိ ဖြစ်သည်။ သို့သော် မိမိတို့တိုင်းပြည်နှင့် လူမျိုးအတွက် လိုအပ်ပါက လူတွေမုန်းတီးရှုတ်ချခြင်းခံရပြီး ပြောဆိုရေးသားရမည်သာ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် မိမိတို့ မြန်မာနိုင်ငံ ဒီမိုကရေစီရရှိနိုင်ရေးအလို့ငှာ နှစ်ပေါင်း (၃၀)နီးပါး ဆင်းရဲဒုက္ခပေါင်းစုံခံကာ ရုန်းကန်ခဲ့ရသည်။ သူမ၏ ဦးဆောင်မှုအောက်တွင် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီရရှိရေးအတွက် အသက်စွန့်ခဲ့သူများလည်း နည်းသည်မဟုတ်ပေ။ ယနေ့အစိုးရသစ်သည် Democracy Principle ကိုအမှန်တကယ်လိုက်နာမှု ရှိသလားဟူသော မေးခွန်းထုတ်စရာ ဖြစ်လာသည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် တိုင်းရင်းသားနိုင်ငံရေးပါတီများမှ အနိုင်ရရှိခဲ့သော်လည်း ယင်းအနိုင်ရရှိမှုကို အသိအမှတ်ပြုလေးစားခြင်းမပြုပဲ NLD မှ ဦးဆောင်ကာ အစိုးရဖွဲ့စည်းသည်ကို တွေ့ရှိရသည်။ ယင်း လုပ်ဆောင်ချက်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့်ရှိသဖြင့် မှန်ကန်သည်ဟု ဆိုနိုင်သော်လည်း ဒီမိုကရေစီပေတံအရမူ လုံးဝ ဉသုံမှားနေသည်ကို တွေ့ရသည်။ ဒေါ်အောင်ဆန်းစုကြည်သည် မသိနားမလည်၍ ပြုလုပ်ခြင်းမဟုတ်ဘဲ ရည်ရွယ်ချက်ရှိရှိဖြင့် တမင်တကာပြုလုပ်ခြင်း ဖြစ်သည်ဟု မိမိအနေဖြင့် ထင်မြင်သုံးသပ်သည်။ ဒီမိုကရေစီစံနစ်ကျင့်သုံးသော အာရှနိုင်ငံများတွင် ပါတီစုံစံနစ် (multi-party system) ကျင့်သုံးကြသော်လည်း တစ်ပါတီအုပ်ချုပ်မှုစံနစ်ကဲ့သို့ အုပ်ချုပ်သော နိုင်ငံများလည်း ရှိကြသည်။ အိန္ဒိယနိုင်ငံသည် နှစ်ပေါင်း (၃၀) ကျော် Congress Party မှ အုပ်ချုပ်ခဲ့သည်။ မလေးရှားနိုင်ငံသည် BN Party မှ ယနေ့အထိ အုပ်ချုပ်သည်။ စင်္ကာပူနိုင်ငံသည်လည်း အလားတူဖြစ်သည်။ ဂျပန်နိုင်ငံတွင်လည်း ပါတီတစ်ခုတည်းမှ နှစ်ပေါင်းကြာမြင့်စွာ အုပ်ချုပ်ခဲ့သည်။ Cambodia နိုင်ငံသည်လည်း Hunsen ဦး

PDF Compressor Free Version

ဆောင်သောပါတီမှ ယနေ့အထိ အုပ်ချုပ်သည်။ ထိုင်းဝန်ကြီးချုပ်ဟောင်း Taksin Sinawatra အား စစ်တပ်မှ မောင်းထုတ်ခံရသည့် အကြောင်းရင်းမှာ အုပ်ချုပ်မှုအာဏာကို ၎င်းပါတီတစ်ခုတည်းမှ အမြဲတမ်း အစိုးရဖွဲ့စည်းနိုင်ရန် ကြိုးပမ်းခဲ့ခြင်းကြောင့် ဖြစ်သည်။ ယနေ့အစိုးရသစ်ကို ကြည့်မည်ဆိုပါက "တိုင်းရင်းသားလူမျိုးနိုင်ငံရေးပါတီများမှ မည်သို့ပင် အနိုင်ရရှိသော်လည်း မိမိတို့တိုင်းနှင့်ပြည်နယ်များတွင် အစိုးရဖွဲ့စည်းခွင့် ရရှိမည်မဟုတ်ပါ" ဟူ၍ အသိပေးအကြောင်းကြားမှု ပြုလုပ်သကဲ့သို့ ဖြစ်နေသည်။ တနည်းအားဖြင့်ဆိုလျှင် တိုင်းရင်းသားလူမျိုး နိုင်ငံရေးပါတီများ ပျောက်ကွယ်သွားအောင် စံနစ်တကျ အစီအစဉ်ရှိရှိ ပြုလုပ်သကဲ့သို့ ဖြစ်နေသည်။ ဤကဲ့သို့ ရှေ့ဆက်သွားပါက နောင် (၁၅-၂၀) နှစ်တွင် တိုင်းရင်းသားနိုင်ငံရေးပါတီများ ပျောက်ကွယ်သွားနိုင်သည်။ တိုင်းရင်းသား နိုင်ငံရေးပါတီများရှိပါကလည်း အမည်သာရှိပြီး မလေးရှား BN Party ကဲ့သို့ ဖြစ်မလာနိုင်ဘူးဟု ပြောလို့မရပေ။

သမ္မတမိန့်ခွန်းတွင်သော်လည်းကောင်း၊ နိုင်ငံတော်အတိုင်ပင်ခံဥပဒေတွင် သော်လည်းကောင်း ဖက်ဒရယ်ပြည်ထောင်စုဟူသော စကားလုံးအား ရဲရဲတင်းတင်းသုံးနှုန်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ဖက်ဒရယ်စံနစ်အား အလေးထားမှုရှိပါက လက်တွေ့လုပ်ဆောင်မှုဖြင့် ပြသရမည်ဖြစ်သည်။ သရဲမကြောက်ဟူ၍ မောင်းထုကြေညာပြီး ညအချိန်တွင် သုသာန်သို့မသွားရဲပါက မည်သူတစ်ယောက်ကမျှ ယင်းပုဂ္ဂိုလ်အပေါ် သရဲမကြောက်ကြောင်း အသိအမှတ်ပြု ယုံကြည်နိုင်မည် မဟုတ်ပေ။ ဖက်ဒရယ်စံနစ်ဟု လက်သီးလက်မောင်းတန်းကာ သုံးနှုန်းပြောဆိုသော်လည်း မိမိပါတီအတွင်းတွင်မှ ဗဟိုချုပ်ကိုင်မှုစံနစ်အား တင်းကျပ်စွာ ကျင့်သုံးခြင်း၊ တိုင်းနှင့်ပြည်နယ် ဝန်ကြီးချုပ်များ ခန့်အပ်ရာတွင်လည်း သက်ဆိုင်ရာတိုင်းနှင့် ပြည်နယ်များအလိုက် မိမိတို့ကိုယ်တိုင်ရွေးချယ်ခွင့် မပြုပဲ ဗဟိုမှ စာအိတ်ဖြင့်ပေးပို့သောစံနစ်ကို အသုံးပြုခြင်း စသည့်စံနစ်များကို ကျင့်သုံးသော ပါတီအနေဖြင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မည်ဆိုသည်မှာ ယုံရခက်ချည်းရဲ့။ ပြောရမည်ဆိုပါက ဒုန့်ဒေး ရှိသေးသည်။

ဗမာလူမျိုး ခေါင်းဆောင်များအနက် လူကောင်းများရှိသော်ငြားလည်း စစ်အုပ်ချုပ်မှုအောက်တွင် ရှိခဲ့ရခြင်းကြောင့် သို့မဟုတ် လုပ်ပိုင်ခွင့်မရှိခြင်းတို့ကြောင့် တိုင်းရင်းသားလူမျိုးများ တောင်းဆိုခဲ့သော ဖက်ဒရယ်နှင့် ဒီမိုကရေစီ ရရှိရေးအတွက် လုပ်ဆောင်နိုင်ခြင်းမရှိဟု ယခင်ကာလများတွင် ယူဆခဲ့ရသော်လည်း ယခုအခါတွင်မူ ယင်းအယူအဆများကို ပြန်လည်စမ်းစစ်ရန် လိုအပ်သည်။ ဗမာလူမျိုးများသည် တိုင်းရင်းသားလူမျိုးများအပေါ် ချစ်ခင်ကြင်နာသည်ဟုဆိုရာတွင် ၎င်းတို့၏ လိုအင်ဆန္ဒပြည့်ဝနိုင်ရန်အတွက်သာ အသုံးချပြီး ယင်းတို့၏ လိုအင်ဆန္ဒပြည့်သွားလျှင် နင်ချခံရစမြဲ ဖြစ်သည်။ မှန်းတီးနေကြသော ဗမာလူမျိုးအချင်းချင်းအကြားမှာရှိသော ခင်မင်တွယ်တာမှုသည် ဗမာလူမျိုးများမှ

PDF Compressor Free Version

တိုင်းရင်းသားလူမျိုးလုပ်ဖော်ကိုင်ဖက် မဟာမိတ်များအပေါ် ထားရှိသော ခင်မင်တွယ်တာမှုထက် ပို၍ ချိုသာပြီး ကြီးမားလှပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ရှိ ဦးသူရရွှေမန်းနှင့် ပတ်သက်ရာ ပတ်သက်ကြောင်းရှိသော ဂန်ကြီးအရေးအတွက်ကြည့်ပါက သက်သေအထင်အရှား ရှိနေသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် ချင်းအမျိုးသားနှင့် Chinland ကို ထူထောင်ရန်သော်လည်းကောင်း၊ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ရန်အတွက်သော်လည်းကောင်း ချင်းပကတိ၊ ချင်းစစ်စစ်ဖြစ်ရန် လိုအပ်သည်။ ချင်းပကတိ၊ ချင်းစစ်စစ်ဖြစ်သော အဖွဲ့အစည်းကသာ ပြုလုပ်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့သော အဖွဲ့အစည်းများကိုသာ ယုံကြည် အားထားရမည်ဖြစ်သည်။

❑❑❑❑❑

**သင့်အား မည်သူကမျှ အပေါ်အမြင့်သို့ရောက်အောင် ကြိုးဖြင့်ဆွဲမတင်နိုင်ပါ။ ကြိုးကို ကြာကြာဆုတ်ကိုင်မထားနိုင်သော အကြောင်းကြောင့်ပင် သင်ပြုတ်ကျမည်ဖြစ်သည်။ သို့သော် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်၍ တက်လျှင်ကား အမြင့်ဆုံးတောင်ထိပ်သို့ ရောက်အောင်ပင် သင်တက်နိုင်မည် ဖြစ်၏။**

**ဘရန်ဒိုက်စ်**

# ချင်းလူမျိုး ၅၃ မျိုး ရှိသည်ဟု ရေးသားပြောဆိုမှု မမှန်ကန်ကြောင်း ချင်းအဖွဲ့မှ ထောက်ပြချက်အပေါ် ဆွေးနွေးခြင်း

PDF Compressor Free Version

ဆလိုင်းချင်းဖြူ ( ပလက်ဂ )

ဆလိုင်း ကျော်မိုး၏ အထက်ပါ "ချင်းလူမျိုး ၅၃ မျိုး ရှိသည်ဟု ရေးသားပြောဆိုမှု မမှန်ကန်ကြောင်း ချင်းအဖွဲ့ထောက်ပြ" ဟူသော ဆောင်းပါးကို စာရေးသူ သေချာစွာ လေ့လာဖတ်ရှုခဲ့ပါသည်။ အမှန်မှာ ဆလိုင်းကျော်မိုး၏ "ချင်းလူမျိုး ၅၃ မျိုး" အစား "ချင်းမျိုးနွယ်စု ၅၃ စု" ဟု ရေးသားသည်က ပိုများ ဆီလျော်လေမလားဟု ဆိုချင်ပါသည်။ အကြောင်းမှာ ချင်းမျိုးနွယ်စုများ ပါဝင်ဖွဲ့စည်းထားသောအမည်ကို "ချင်းလူမျိုး" ဟု ခေါ်တွင်ရခြင်းကြောင့်ပင်။

ဆလိုင်းကျော်မိုးအနေဖြင့် မိမိ၏ အယူအဆကို တင်ပြခြင်းမဟုတ်ဘဲ၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းဆိုင်ရာ ချင်းအမျိုးသား အထောက်အကူပြုကော်မတီ၏ ထုတ်ပြန်ချက်အား အများသူငါ ဖတ်ရှုသိရှိနိုင်စေရန် ပြန်လည်တင်ပြခြင်းသာ ဖြစ်မည်ဟု ယူဆပါသည်။ ၎င်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းဆိုင်ရာ ချင်းအမျိုးသား အထောက်အကူပြုကော်မတီ၏ ထုတ်ပြန်ချက် အဘယ်ကြောင့် ပေါ်ပေါက်လာသနည်းဆိုသော် ၁၉၈၂ ခုနှစ် မဆလ အစိုးရလက်ထက်တွင် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံသားဥပဒေတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅၊ ချင်းမျိုးနွယ်စု ၅၃ အားအတည်ပြုခဲ့သည်ကို ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သော ချင်းအမျိုးသားညီလာခံမှ ပြန်လည်အတည်ပြုချက် ထွက်ပေါ်လာခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ၎င်းချင်းအမျိုးသား ညီလာခံမှ ၃-၄ ရက်တာကာလအတွင်း တိကျမှန်ကန်စွာ ပြုစုအတည်ပြုရန် မဖြစ်နိုင်သောကြောင့် ပိုမိုကျယ်ပြန့်စွာ လေ့လာရန် ဆိုင်းငံ့ထားခဲ့ခြင်းဖြစ်ပါသည်။

ဤအကြောင်းနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရလက်ထက် ၁၈၉၁ ခုက ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းအစီရင်ခံစာတွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို မူရင်းအတိုင်း တင်ပြပါမည်။

In the Burma Census Report of 1891, Chin ethnology is dismissed with the remark that the Chins or Kyins are a group of hill tribes, all talking various dialects of the same Tibeto-Burman speech, and calling themselves by various names.

B.S.Carey and H.N.Tuck,*The Chin Hills*, Vol.I.1896,p-2,para.5

PDF Compressor Free Version

အထက်ပါမှတ်ချက်အရ ချင်းတို့သည် မိမိတို့ ပြောဆိုသုံးစွဲသည့် ဒေသိယ ဘာသာစကားကိုယ်စီဖြင့် မိမိတို့ မျိုးရိုးအမည်ကို ထုတ်ဖော်လေ့ရှိကြောင်း ထင်ရှားနေပါသည်။ ဝေါဟာရစကားလုံး မကြွယ်ဝခြင်းကြောင့် လူမျိုး ( Nation )၊ မျိုးနွယ်စု (Tribes )၊ ဆွေမျိုးစု ( Clans ) အမည်ဟူ၍ အဆင့်ခွဲ၍ မပြောဘဲ ရောထွေး သုံးစွဲနေကြခြင်းကြောင့် နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ဝေခွဲမရနိုင်စရာအကြောင်းများ ရှိနိုင်ကောင်းပါသည်။ အပြစ်ဆိုစရာမရှိပါ၊ ကွေ့န္တ ချင်းတို့တွင် ဘုံယဉ်ကျေးမှု ထွန်းကားခဲ့ပြီး၊ ထီးဆက် မင်းဆက်နိုင်ငံသာ ထူထောင်နိုင်ခဲ့မည်ဆိုပါက ယခုဖြစ်ပေါ်နေသော အမျိုးသား (သို့မဟုတ်) လူမျိုးအမည်ဆိုင်ရာ ဂိုဏ်းဂဏကွဲပြားမှုမျိုး ပေါ်မည် မဟုတ်ပါချေ။

ဤသို့သော အမည်အမျိုးမျိုးဖြင့် မိမိတို့မျိုးရိုးကို ဖော်ထုတ် ပြောဆိုနေကြခြင်းကြောင့် သုတေသီများက ချင်းတို့အား ကူကီး-ချင်း ( Kuki-Chin ) တည်းဟူသော ဘုံနာမည်ကို ပေးခဲ့ကြခြင်းဖြစ်သည်ကို အောက်ပါမှတ်တမ်းအရ သိနိုင်ပါသည်။

The words Kuki and Chin are thus synonymous and are both primarily used for many of the hill tribes in general. Therefore, the word Kuki-Chin was coined and employed by early researchers. G.A.Grierson, *The Linguistic Survey of India*. 1904,Vol.III, Part III, p.1,2,3, ( Calcutta: Gov't. Printing Press,126 )1904.

အာသံ၊ ဘင်္ဂလားနှင့် မြန်မာနိုင်ငံများအကြားရှိ တောင်တန်းသားများအား အနောက်ဖက်ရှိ အိမ်နီးချင်းက ကူကီး ဟူ၍လည်းကောင်း၊ အရှေ့ဖက်ရှိ အိမ်နီးချင်းများက ချင်း ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်ကို သုတေသီများက သင်္ကေတအဖြစ် ကူကီး-ချင်း ဟု ကင်ပွန်းတပ်ပေးကြခြင်း ဖြစ်သည်။ ဤ ကူကီး-ချင်း အုပ်စုကြီးတွင် မျိုးနွယ်စု ရာပေါင်းများစွာ ရှိနေသည်ကို ရိပ်မိကြပြန်သောအခါ မှတ်ရလွယ်ကူစေရန် ရှေးရိုးကူကီး (Old Kuki)၊ နာဂ-ကူကီး (Naga-Kuki )၊ မြောက်ပိုင်းချင်းအုပ်စု (Northern Chins)၊ အလယ်ပိုင်းချင်းအုပ်စု (Central Chins)၊ တောင်ပိုင်းချင်းအုပ်စု (Southern Chins) နှင့် ကသည်းချင်းအုပ်စု (Meitei) ဟူ၍ အုပ်စု (၆) ခုဖြင့် ခွဲခြား သတ်မှတ်ပေးခဲ့ကြသည်ကို တွေ့ရပါသည်။ (Naga-Kuki တွင် နာဂအားလုံး မပါဝင်သည်ကို သတိပြုရပါမည်။)

G.A.Grierson, *The Linguistic Survey of India*. 1904,Vol.III, Part III, p.1,2,3, ( Calcutta: Gov't. Printing Press,126 )1904.

ကွေ့န္တအမှန်အတိုင်း ဖော်ပြမည်ဆိုလျှင် နာဂဟူသည် တောင်ပေါ်သားလူရိုင်းစု၊ မျိုးရိုးအဆက်အနွယ်မျိုးစုံအား ရည်ညွှန်းခြင်းဖြစ်ပြီး Bodo, Dimasa, Garo, Kachari, Khasi, Kuki, Mikir, Mishmi,

Shan စသည့်များ ပေါင်းစည်းထားသည် အမည်သာ ဖြစ်သည်။ Kuki ဆိုရာတွင်လည်း ကသည်းအပါ အဝင် ချင်းမျိုးနွယ်စုအမျိုးမျိုး ပေါင်းစပ်ထားပြီး၊ နာဂခံနေကြသဖြင့် ၄င်းတို့အား နာဂ-ကူကီး ဟု တင်စားခေါ် ဆိုကြရသူများလည်း ရှိပါသေးသည်။

PDF Compressor Free Version

ဆရာ ဦးရှိဆန်း၏ *CASE STUDY ON CLASSIFICATION OF CHIN ETHNICITY IN MYANMAR* တွင် Lusei နှင့် Mizo ကို ထပ်တူသုံးနှုန်းထားကြောင်း တွေ့ရသည်။ ( စာ-၉ ) ထိုကြောင့် အောက်ပါ *THE MIZO MEMORANDUM ( 16/ 4/ 1947 )* ပါစာပိုဒ်အား အောက်တွင်ဖော်ပြပါမည်။

Again, it was wrong that the word Lushai should be used as covering all the Mizo tribes since it is misrendering of the Lusei only a sub-tribe of the Mizo race. Hence though, perhaps, not originally intended, it has created a division. Only the word ' Mizo ' stands for the whole group of them all: Lusei, Hmar, Ralte, Paite, Zo, Darlawng, Kawm, Pawi, Thado, Chiru, Aimoul, Khawl, Tarau, Anal, Purum, Tikhup, Vaiphei, Lakher, Langrawng, Chawrai, Bawng, Baite, Mualthuam, Kaipen, Pangkhua, Tlanglau, Hrangkhawl, Bawmzo, Miria, Dawn, Kumi, Khiangte, Khiang, Pangte, Khawlhring, Chawngthu, Vanchiau, Chawhte, Ngente, Renthlei, Hnamte, Tlau, Pautu, Pawite, Vangchhia, Zawngte, Fanai etc.--all closely related to one another culturally, socially, economically and physically thus forming a distinct ethnical units. ဟူ၏။ ဤတွင် မီဇိုး နှင့် လူဆေး ( လူရှိုင်း ) သည် ထပ်တူမဟုတ်ကြောင်း ထင်ရှားနေပါသည်။ ဤအဆိုအား သာဓကတစ်ပိုဒ် တင်ပြပါဦးမည်။

These Chin tribals ( called Mizos in India ) led an uninhabited existence till the end of the 19th century, when the British administrators undertook surveys and expeditions and demarcated boundaries ( 1935 ) for their administrative purposes dividing the same people into Lushais and Chins in India and Burma respectively.(B.S.Carey and H.N.Tuck,*The Chin Hills*, Vol.I. Inner flapped.ယ 2nd para ) ဟုတွေ့ရခြင်းဖြင့် ခိုင်မာပြီ ဆိုရပေမည်။

စာရေးသူ လေ့လာတွေ့ရှိ စုဆောင်းသမျှသော အချက်အလက်များကို အကျဉ်းရုံး၍ ချင်းလူမျိုးများ အုပ်စုအသီးသီးအား အောက်ပါအတိုင်း ခွဲပြပါသည်။ ကျွန်တော့်အယူအဆ၊ ခံယူချက်သာ အမှန်ကန်ဆုံးဖြစ်သည်ဟူသော တယူသန်စိတ်ဓါတ် မရှိပါ။ အများသူငါ လေ့လာမှတ်သားပြီး အမှားကို ထောက်ပြခြင်း၊ အမှန်ကို အတည်ပြုပေးခြင်း၊ ဖြည့်စွက်စရာကိုဖြည့်စွက်၊ ပယ်စရာကိုပယ်၍ ရရန်နှင့် ပိုမိုကျယ်ပြန့်စွာ လေ့လာနိုင်စေရန်ဟူသော သဘောထားဖြင့် တင်ပြရခြင်း ဖြစ်ပါသည်။

## CHIN – KUKI - MIZO SUB-GROUPS

PDF Compressor Free Version

| No | Meitei | Northern | Central | Old-Kuki | Naga-Kuki | Southern |
|---|---|---|---|---|---|---|
| 1 | Old-Meitei | Aimol | Bawmzo/Bawm | Arlak | Chamkot | Ah-nu |
| 2 | New Meitei | Anal | Gunte | Bawng | Kesang | Asho(Khyang) |
| 3 | Lhungdim | Changsan | Khiangte | Bawngcher | Khiminungn | Chinpok |
| 4 | Mongmi | Chohte | Khawlhring | Belalhut | Khoibu | Chinpon |
| 5 | | Chongloi | Khualsim | Biate | Khoirao | Chindwe |
| 6 | | Gangte | Lai | Cha | Kolren | Chinme |
| 7 | | Gualnam | Laizo | Chaimal | Konyak | Chongtu |
| 8 | | Guite | Lakher/Mara | Chaw/Pualna m | Kwoireng | Kaukadang |
| 9 | | Hiroi | Lautu | Chhakchhuak | Lainau | Kaungtu |
| 10 | | Kamhau | Lente | Chiru | Macham | Khaungtso |
| 11 | | Kom | Lungzerh | Chorai | _Makury | Khaungtu |
| 12 | | Lamgang | Lusei | Dap | Maram | Khumi |
| 13 | | Misau | Mi-e | Darlong | Maring | Ko |
| 14 | | Molsom | Ngawn | Hajong | Mikir | Kwenam |
| 15 | | Monsang | Pangkhua | Hallam | Myangkhang | Laingtu |
| 16 | | Moyon | Renthlei | Hmar | Nahen | Ledu |
| 17 | | Naulak | Rawite | Hmarchaphang | Noaw | Matu |
| 18 | | Paite | Senthang | Hrangchal | Pangmi | Ma-ya |
| 19 | | Pautu | Sim | Hrangkhol | Para | Mro/Mria |
| 20 | | Ralte/Galte | Thorr | Fung | Sitnou | Mung-yen |
| 21 | | Sahte | Tlaisun | Kaipeng | Sitsau | Po |
| 22 | | Sihzang | Tlau | Kawhzai | Sopvoma | Ro |
| 23 | | Simte | Zahau | Kalo/Koloi | Tarao | Saingbaung |
| 24 | | Sukte | Zanniat | Kharang | Tareh | Sittu |
| 25 | | Thahdo | Zophei | Khelma | | Tamang |
| 26 | | Vaiphei | Zotung | Khephong | | Ta-Oo |
| 27 | | Vawkhmai | | Khochung | | Taungtha |
| 28 | | Vualnam | | Khol | | Welaung |
| 29 | | Zou | | Korbong | | Yindu |
| 30 | | | | Khothlang | | Zolamnai |
| 31 | | | | Kuntei | | |
| 32 | | | | Laifang | | |
| 33 | | | | Langkaih | | |
| 34 | | | | Lentei | | |
| 35 | | | | Mizel | | |
| 36 | | | | Molsom | | |
| 37 | | | | Mualthuam | | |
| 38 | | | | Ngente | | |
| 39 | | | | Punte | | |
| 40 | | | | Purum | | |

PDF Compressor Free Version

| | | | | | | |
|---|---|---|---|---|---|---|
| 41 | | | | Rangchan | | |
| 42 | | | | Ranglong | | |
| 43 | | | | Renthai | | |
| 44 | | | | Rupini | | |
| 45 | | | | Sahhmar | | |
| 46 | | | | Sakechep | | |
| 47 | | | | Thangachep | | |
| 48 | | | | Thanghia | | |
| 49 | | | | Tikhup | | |
| 50 | | | | Zongte | | |

**Total population of Chin – Kuki - Mizo are over 150-clans.**

အထက်ဇယားပါ ချင်းမျိုးနွယ်ဝင်အချို့သည် မိမိတို့ ပါဝင်သင့်သည့် ဇယားကွက်တွင် မပါရှိဘဲ၊ တခြားအုပ်စုဇယားတွင် ပါရှိကောင်း ပါရှိပေလိမ့်မည်ဖြစ်သည်။ အလယ်ပိုင်း ချင်းအုပ်စုတွင် ပါသင့်ပါလျက် ရှေးရိုးကူကီးအုပ်စုတွင် ပါရှိနေသကဲ့သို့၊ မြောက်ပိုင်းချင်းအုပ်စုတွင် ပါသင့်သည့် မျိုးနွယ်တချို့ ရှေးရိုးကူကီးအုပ်စုသို့ ရောက်နေသည်လည်း ရှိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ချင်းလူမျိုးတို့သည် ရှေးပဝေသဏီကပင် ရေကြည်ရာ၊ မြက်နုရာရှာဖွေ လှည့်လည်သွားလာနေသူများ ဖြစ်သောကြောင့် ဟိုအုပ်စုမှသည် သည်အုပ်စုကြားသို့ ဝင်ရောက် နေထိုင်တတ်ကြသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် သုတေသီများ၊ ဘာသာဗေဒ ပညာရှင်များ၊ မနုဿဗေဒ ပညာရှင်များ အသီးသီး၏ ရေးသားတင်ပြပုံချင်းလည်း တကွဲတပြားစီ ဖြစ်နေပါသည်။ ထို့မျှသာမက၊ အိမ်နီးချင်း ပတ်ဝန်းကျင် လူမျိုးတို့က ချင်းတို့ကိုခေါ်သည့် အမည်အမျိုးမျိုးရှိသကဲ့သို့ ချင်းတို့က ပတ်ဝန်းကျင်လူမျိုးများနှင့် နိုင်ငံခြားတိုင်းတပါးသားတို့အား ခေါ်ဝေါ်သည့်အမည်များ ရှိနေပါသည်။ ဥပမာ- အနောက်ဖက် မြေပြန့်သားများအား ကုလား၊ အရှေ့ဖက် မြေပြန့်သားတို့အား ကောလ်၊ အင်္ဂလိပ်တို့အား Mang, Mirang, Sap, Angkali, Mongyu စသဖြင့် တကွဲတပြားစီ ခေါ်ကြပါသည်။

ထိုနည်းတူ မိမိတို့ အချင်းချင်းကိုလည်း အမည်အမျိုးမျိုး ပေးခေါ်တတ်ကြပါသေးသည်။ ဥပမာ- မရာချင်းတို့အား လုဆေး ( လူရှေ ) တို့က လခဲရ်၊ မတူ နှင့် ခူမီးတို့က Samtu, ရခိုင်တို့က ရှမ်းဒူး၊ Lai ချင်းတို့က Zo စသဖြင့်လည်းကောင်း၊ ဟွာလ်ငိုး အပါအဝင် လုဆေးတို့ကို မရာတို့က Mawh / Tlaikao, ခူမီးတို့က Tlengkaw, ရခိုင်တို့က Teinkwa, Pualnam, (၅၃ စာရင်းတွင် Panun ဟူ၍ မှားယွင်းစွာ ဖော်ပြထားသည် ) တို့က Tlaikuang, Lai ချင်းတို့က Mar, Zomi တို့က Pawi ဟူ၍လည်းကောင်း ခေါ်ကြသည်ကို တွေ့ရပါသည်။

PDF Compressor Free Version

ထိုအပြင် ဝတ်စားဆင်ယင် ထုံးဖွဲ့ပုံကိုလိုက်ပြီး အမည်ပေးကြသည်ကိုလည်း တွေ့ရပါသေးသည်။ မြောက်ပိုင်းချင်းတို့က ဆံပင်ကို ကျစ်ပြီး၊ ဦးခေါင်းပတ်လည်တွင် ရစ်ပတ်ကြသဖြင့် Sam phiar, အလယ်ပိုင်းချင်းအုပ်စုဝင် Lusei နှင့် Old Kuki တို့အား ဆံထုံးကို နောက်စေ့တွင် ထုံးဖွဲ့တတ်ကြသဖြင့် Mawh / Mar / Hmar, ဦးစွန်းဖုတ်တွင် သျှောင် (ယောင်)ထုံးကြသူတို့အား Pawi, သျှောင်ကို ညာစောင်းထုံးသူများအား မတူ (Matu), ဘယ်စောင်းထုံးသူများအား မြို / Mro စသဖြင့် ခေါ်လေ့ရှိကြသည်။ ထဘီ ( သင်တိုင်း ) ဝတ်ဆင်ပုံကိုလိုက်၍ ရှမီး နှင့် အနား/ခေါင်စို၊ အဖြူ/အနက်ကိုလိုက်ပြီး၊ Fendum / Fenngo, လန်ကွတ်တီ အရောင်ကိုလိုက်ပြီး၊ Biar dum / Biar rang စသည် စသည်တို့ဖြင့်လည်း အချင်းချင်း ခေါ်စမှတ် ပြုတတ်ကြသည်ကို တွေ့ရပါသည်။ နေရပ်ဒေသ၊ နေထိုင်ရာမြေအနိမ့်အမြင့်၊ အရပ်မျက်နှာကိုလိုက်၍ မှည့်ခေါ်သည့် အမည်များလည်း တွေ့နိုင်ပါသေးသည်။

မည်သို့ပင်ဖြစ်စေ အခေါ်အဝေါ်၊ အမည်နာမကွဲရုံဖြင့် စိတ်ဝမ်းကွဲစရာ မလိုပေ။ မိမိတို့၏ ဘုံသဘောတူပြဌာန်းချက် မချမှတ်နိုင်သေးသမျှ၊ နိုင်ငံတော်အစိုးရ၏ တရားဝင်သတ်မှတ်ပေးသည့် ဘုံနာမည်ကို အသာတကြည် လက်ခံသည်က သဘာဝအကျဆုံး ဖြစ်ပါသည်။ မည်သူမျှ ဂိုဏ်ဂဏကွဲစရာ မရှိပါချေ။

❑❑❑❑❑



PDF Compressor Free Version

# လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ အခြေခံမှု၏ ကောင်းကျိုးနှင့် ဆိုးကျိုးများ

**Thomas Thang Nou**

## နိဒါန်း

သီးခြားဂုဏ်အင်္ဂါလက္ခဏာရှိသော လူမျိုးတိုင်း သီးခြားနိုင်ငံထူထောင်ရမည်ဟူသော သီအိုရီသည် ပထမကမ္ဘာစစ်အတွင်း စတင်ခဲ့ပြီး ယနေ့အထိ ရှိနေသော ထင်ရှားသည့် သီအိုရီများအနက် တစ်ခု ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံသည် လူမျိုးတစ်မျိုးသာ ရှိရမည်ဖြစ်ပြီး လူမျိုးစုံပါဝင်သောနိုင်ငံသည် ဤအခြေခံမှုနှင့်အညီ ပြန်လည်ဖွဲ့စည်းစေရမည်ဟူသော သဘောသက်ရောက်သည်။ လူမျိုးတစ်မျိုးသည် နိုင်ငံတစ်ခုအတွင်း အခြားသော လူမျိုးများနှင့် အတူတကွနေထိုင်ရန် ဆုံးဖြတ်နိုင်သည်။ သို့မဟုတ် ၎င်းတို့သီးခြားပိုင်ဆိုင်သော လွတ်လပ်သောအစိုးရဖွဲ့စည်းရန် ဆုံးဖြတ်နိုင်သည်။ ထိုကဲ့သို့ ပြုလုပ်ရန် အခွင့်အရေး ရှိရမည်။ ထို့ကြောင့် ဤအခြေခံမှုကို လူမျိုးများ၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီး ခွင့်ဟုလည်း ဆိုကြသည်။ နိုင်ငံတစ်ခုတွင် လူမျိုးတစ်မျိုးထက် ပိုရှိနိုင်ပြီး၊ လူမျိုးတစ်မျိုးသည် နိုင်ငံတစ်ခုထက် ပို၍ ရှိနိုင်သည်။ ၂၀ ရာစုအတွင်း ဤသီအိုရီကို များစွာသောပုဂ္ဂိုလ်များက ထောက်ခံကြသည်။ အမေရိကန်သမ္မတ Woodrow Wilson သည် လူမျိုးတမျိုးသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိကြရမည်ဟူသော အတွေးအခေါ်ရှိသူဖြစ်သည်။ သူသည် ယခုအချိန်တွင် လူမျိုးမရှိပါက ကျွန်အဖြစ် ကြာရှည်စွာ ကျန်ရစ်နိုင်သည်ဟူသော ရှုထောင့်အမြင် ရှိခဲ့သည်။

## ကောင်းကျိုးများ

### (၁) ဤ သီအိုရီသည် ဒီမိုကရက်တစ် အခြေခံမှုများအပေါ်တွင် အခြေပြုသည်

ယခုခေတ်သည် ဒီမိုကရေစီခေတ် ဖြစ်သည်။ ဒီမိုကရေစီသည် ပြည်သူလူထုအားဖြင့် ပြည်သူလူထု အတွက်နှင့် ပြည်သူလူထု၏ အစိုးရ ဖြစ်သည်။ ဒီမိုကရေစီက လွတ်လပ်မှု၊ ညီမျှမှုနှင့် ညီအစ်ကိုရင်း

စိတ်ဓါတ်ရှိမှုများကို ထောက်ခံထားသည်။ အကယ်၍ နိုင်ငံတစ်ခု၏ ပြည်သူလူထု (သို့မဟုတ်) လူမျိုးအား ၎င်းတို့၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲခွင့်၊ ကိုယ်စားလှယ်များ ရွေးချယ်ခွင့်၊ အစိုးရဖွဲ့စည်းခွင့်များကို ပေးထားပါက လွတ်လပ်မှု၊ ညီမျှမှုနှင့် ညီအစ်ကိုရင်းဖြစ်မှု ခံစားချက်များလည်း ဖြစ်ရိုးဖြစ်စဉ်အတိုင်း ပုံမှန်တိုးတက်မည်။ ပြည်သူလူထုတို့သည် စိတ်ဓါတ်အပြည့် စည်းလုံးညီညွတ်မှု၊ အပြန်အလှန် ကိုယ်ချင်းစာနာမှုနှင့် ချစ်ခင်မြတ်နိုးမှုစသည့် ဒီမိုကရေစီအခြေခံများ ရှိလာကြသည်။

PDF Compressor Free Version

## (၂) သဘာဝဖြစ်ရိုးဖြစ်စဉ် လိုအင်ဆန္ဒတစ်ခုဖြစ်သည်

လူမျိုးတစ်မျိုးက သူတို့ကိုယ်တိုင်ပိုင်ဆိုင်သော နိုင်ငံတစ်ခုထူထောင်ရန် လိုလားသော လိုအင်ဆန္ဒသည် သဘာဝပင် ဖြစ်သည်။ လူတို့၏ သဘောသဘာဝအရ လွတ်လပ်မှုကို လိုချင်ကြသည်။ လူမျိုးတစ်ခုဖြစ်ခြင်း စိတ်ဓါတ်အပြည့်ရှိသူများ၊ အခြားလူမျိုးများနှင့် မတူကွဲပြားသည်ဟု သူတို့ကိုယ်သူတို့ ခံယူသူများတို့သည် ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုင်ရာ ခံစားမှုစွဲမြဲသည်။ ထိုသူများတို့သည် အခြားသူများထံ ခယဝပ်ထွားမှု မပြုလိုကြပေ။ နိုင်ငံရေးဆိုင်ရာလွတ်လပ်မှု၏ အခြေခံသည် ဖြစ်ရိုးဖြစ်စဉ်ဖြစ်ပြီး ခေတ်သစ်ကာလတွင် မှန်ကန်ကြောင်း ထင်ရှားပေါ်လွင်နေသည်။

## (၃) တည်ငြိမ်သော အစိုးရတစ်ခု ဖွဲ့စည်းပေးသည်

အကယ်၍ လူမျိုးတစ်မျိုးတည်း နိုင်ငံတည်ထောင်ခဲ့ပါက အစိုးရသည် တည်ငြိမ်ပြီး ကြံ့ခိုင်မည်။ လူမျိုးတစ်မျိုးတည်း ပြည်သူလူထုက အစိုးရယန္တရား လည်ပတ်စေသည်။ ၎င်းတို့ကိုယ်ပိုင် အစိုးရ၏ ညွှန်ကြားချက်များကို ပြည်သူတို့က နာခံကြမည်၊ ကောင်းကျိုးရလဒ်ရရှိကြမည်။ အစိုးရကို လူမျိုးတရပ်လုံးက ထောက်ခံကြမည်။ အစိုးရသည် ၎င်း၏ လုပ်ငန်းအကောင်အထည်ဖော်မှုများ ပြီးမြောက်အောင် ဆောင်ရွက်ရာတွင် မိမိကိုယ်ကိုမိမိ ယုံကြည်မှု အပြည့်ရှိမည်။ ပြည်သူလူထုကလည်း ၎င်းတို့၏ ဓလေ့ထုံးစံများ၊ ရိုးရာစဉ်လာများ၊ အနုပညာနှင့်စာပေ၊ စကားနှင့်ယဉ်ကျေးမှုများ တိုးတက်ဖွံ့ဖြိုးအောင် အစိုးရက ကြိုးပမ်းဆောင်ရွက်ပေးလိမ့်မည်ဟု ယုံကြည်စိတ်ချမှု ရှိကြမည်။ ထို့ကြောင့် ပြည်သူလူထုသည် ၎င်းတို့ ဆုံးရှုံးမှုမဖြစ်စေရန်အလို့ငှါ အစိုးရနှင့်ပူးပေါင်းဆောင်ရွက်မှု အလိုဆန္ဒ တိုးပွားလာမည်။ လူမျိုးစုံဖြင့် ဖွဲ့စည်းထားသောအစိုးရသည် ပူးပေါင်းဆောင်ရွက်မှု အမြင့်ဆုံးစံချိန် မရနိုင်သည့်အပြင် ကျဆုံးမှုက အမြဲခြိမ်းခြောက်နေသည်။

## (၄) နိုင်ငံအတွင်း ငြိမ်းချမ်းမှုနှင့် ချမ်းသာကြွယ်ဝမှု ကောင်းစေသည်

PDF Compressor Free Version

အမျိုးသားတစ်ခုနိုင်ငံတွင် နေထိုင်ကြသော ပြည်သူလူထုတို့သည် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်မှု၊ ဆီလျော်ညီညွတ်မှုနှင့်အညီ နေထိုင်ကြပြီး ၎င်းအခြေအနေမှ နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားမှုရှိလာသည်။ အကယ်၍ လူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံဖြစ်လျှင် တိုင်းပြည်လူထုအကြား ဘာသာစကား၊ လူ့အတန်းအစား၊ ဘာသာရေး၊ အနုပညာနှင့်စာပေ၊ ဓလေ့ထုံးစံနှင့် ရိုးရာအစဉ်လာများ အခြေခံပေါ်တွင် အငြင်းပွားမှုများ ထွက်ပေါ်လာမည်။ နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားမှုရှိသော လူမျိုးတစ်ခုနိုင်ငံတွင် ပြည်သူလူထုတို့သည် စည်းစံနစ်ကျကြပြီး ချမ်းသာကြွယ်ဝလာကြသည်။ အမျိုးသားနိုင်ငံတစ်ခုတွင် ငြိမ်းချမ်းမှုနှင့် ကြွယ်ဝချမ်းသာမှု ရှိသည်။

## (၅) လူနည်းစုများ ပြဿနာကို နိဂုံးချုပ်စေသည်

အမျိုးသားတစ်ခုတည်းနိုင်ငံတွင် လူနည်းစုများ မရှိသည့်အတွက်ကြောင့် လူနည်းစု လူ့အဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြဿနာများ မရှိပေ။ ခေတ်သစ်တွင် လူမျိုးစုံနိုင်ငံများသည် လူနည်းစုများနှင့်ပတ်သက်၍ အမျိုးမျိုးသောပြဿနာများ ကြုံတွေ့နေကြသည်။ ၎င်းပြဿနာများကို လွယ်ကူစွာ မဖြေရှင်းနိုင်ပေ။ ၎င်းပြဿနာများနှင့်ပတ်သက်၍ အများစုလူ့အဖွဲ့အစည်းက လေ့လာပြီး အတတ်နိုင်ဆုံးဖြေရှင်းကြသော်လည်း လူနည်းစုများ၏ မကျေနပ်မှုများသည် ကျန်ရစ်နေဆဲဖြစ်သည်။ လူနည်းစုများ၏ ပြဿနာများကို ဖြေရှင်းရန် အကောင်းဆုံးသောနည်းလမ်းမှာ လူနည်းစု လူ့အဖွဲ့အစည်းတစ်ခုစီကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးရမည် ဆိုသည့်အချက်ပင် ဖြစ်သည်။

## (၆) ပိုမိုတိုးတက်မှုအတွက် ဖြစ်နိုင်ခြေများခြင်း

လူမျိုးစုံနိုင်ငံတွင် လူနည်းစုများတို့သည် ၎င်းတို့ တိုးတက်မှုအတွက် အခွင့်အခါကောင်းများ မည်သည့်အခါမျှ မရရှိနိုင်ဟူသော ရှုထောင့်အမြင် အမြဲတမ်းရှိနေကြသည်။ ဤအချက်က လူများစုလူ့အဖွဲ့အစည်းတို့ထံတွင် အာဏာရှိကြသော်လည်း တိုးတက်မှု တစုံတရာမျှ မပြုလုပ်ပေးနိုင်ဟူသော တွေးခေါ်မှု ဖြစ်ပေါ်စေသည်။ လူများစု လူ့အဖွဲ့အစည်း၏ အုပ်ချုပ်မှုအောက်တွင် အကောင်အထည်ဖော်ဆောင်ရွက်သော တိုးတက်မှုဆိုင်ရာများသည် လူများစု လူ့အဖွဲ့အစည်းအတွက်သာ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၏ ပြည်သူလူထုတရပ်လုံးက တိုးတက်မှု ဆောင်ရွက်ခြင်းဆိုင်ရာ အခွင့်အခါကောင်း မရရှိကြပေ။ အကယ်၍ လူနည်းစု လူ့အဖွဲ့အစည်းတစ်ခုစီက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိကြမည်ဆိုလျှင် ၎င်းတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒနှင့်အညီ အရာရာကို ပြီးမြောက်အောင် လုပ်နိုင်ကြမည်။ အမျိုးသားတစ်ခု

PDF Compressor Free Version

တည်းနိုင်ငံတွင် အထက်ဖော်ပြပါ လူများစုလူ့အဖွဲ့အစည်းနှင့် အနည်းစုလူ့အဖွဲ့အစည်း ပြဿနာမရှိသလောက်ဖြစ်သည်။ ပြည်သူလူထုသည် မျိုးချစ်စိတ်ဓါတ်တိုးတက်မှုနှင့်အညီ တိုးတက်မှုများအတွက် ပိုမိုဖြစ်ပေါ်နိုင်ခြေ ရှိသည်။

## (၇) တစ်ပါတီ အာဏာရှင်ဂါဒကို ထိန်းသိမ်းသည်

လူမျိုးပေါင်းစုံနိုင်ငံတွင် အမျိုးမျိုးကွဲပြားခြားနားသော လူမျိုးများက မတူကွဲပြားသော ယဉ်ကျေးမှုများ အသီးသီး ပိုင်ဆိုင်ကြသည်။ မတူကွဲပြားမှုများကို လက်မခံသော အာဏာရလူမျိုးစုသည် အခြားလူမျိုးများ၏ ယဉ်ကျေးမှုများကို အသိအမှတ်မပြုသည့်အတွက် တစ်နိုင်ငံလုံးအတွက် စံသတ်မှတ်ထားသော သို့မဟုတ် ပုံစံတူသော မူသေယဉ်ကျေးမှုတစ်ခုကို အင်အားသုံး၍ ပြည်သူလူထုအတွင်း သွတ်သွင်းရန် ကြိုးစားမည်။ ဤသို့ဖြင့် လူမျိုးကို အပြန်အလှန်အသိအမှတ်မပြု ယဉ်ကျေးမှုဖျက်ဆီးရန် ကြိုးစားလာသောအခါ အခြားလူမျိုးစုများနှင့် ပဋိပက္ခဖြစ်လာသည်။ ဤ အမျိုးသားပြဿနာများကို အကြောင်းပြုပြီး တစ်ပါတီအာဏာရှင်ဂါဒ ထွက်ပေါ်လာတတ်သည်။ လူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံတွင် တစ်ပါတီအာဏာရှင်ဂါဒ မပေါ်ပေါက်ရန် လူမျိုးတစ်ခု နိုင်ငံတစ်ခုမူအတိုင်း ဆောင်ရွက်လျှင် ကာကွယ်နိုင်သည်။ တဖက်တွင် "အမျိုးမျိုးမတူကွဲပြားခြားနားခြင်းသည် လူ့ဘဝကို သင်းရနံ့မွှေးကြိုင်စေပြီးသာဖွယ်ကာင်းအောင် ဖန်တီးပေးသည်"ဟူသော ကျော်ကြားသည့်စကားပုံကို လက်ခံရန်ပင် ဖြစ်သည်။ ကွဲပြားသော လူမျိုးများက ကွဲပြားသောယဉ်ကျေးမှုများကို လွတ်လပ်စွာ အသီးသီးပိုင်ဆိုင်ကြမှသာ ပိုမိုလှပသော နိုင်ငံကြီးနှင့်ကမ္ဘာကြီးကို ဖန်တီးနိုင်မည်။ ကွဲပြားခြားနားသော လူမျိုးများက ကိုယ်ပိုင်အစိုးရ ဖွဲ့ခွင့်ရှိကြမှသာ ကမ္ဘာကြီးတွင် ကွဲပြားခြားနားသော ယဉ်ကျေးမှုများကို ထိန်းသိမ်းနိုင်မည်။ လွတ်လပ်သော အဆောက်အအုံများရှိမှသာ နိုင်ငံတစ်ခုတွင် ကွဲပြားသော အမျိုးသားများကို ပြန်လည်သင့်မြတ်စေမည်။

## (၈) နယ်ချဲ့ဂါဒကို အဆုံးသတ်စေသည်

လူမျိုးတစ်မျိုး နိုင်ငံတစ်နိုင်ငံက နယ်ချဲ့ဂါဒကို အဆုံးသတ်စေသည်။ အချို့သောနိုင်ငံကြီးတို့သည် ၎င်းတို့၏ အချုပ်အချာအာဏာကို ၎င်းတို့၏ ကိုယ်ကျိုးရည်ရွယ်ချက်များ အောင်မြင်ရန်နှင့် ၎င်းတို့၏ နယ်မြေများတိုးချဲ့ရန် သေးငယ်သော နိုင်ငံများအပေါ် အင်အားနှင့်အာဏာသုံး၍ အတင်းပြုလုပ်လိုက်နာစေသည်။ ထိုကဲ့သို့သော နယ်ချဲ့နိုင်ငံတစ်ခုသည် ၎င်းလက်အောက်ခံနိုင်ငံ ပြည်သူလူထုကို မိမိတို့အကျိုးအတွက် အသုံးပြုကြပြီး တပြိုင်နက် နှိပ်စက်ကလူ ပြုကြသည်။ အကယ်၍ အမျိုးသားတစ်ခုတည်းနိုင်ငံ သီအိုရီကို လက်တွေ့အကောင်အထည်ဖော်နိုင်လျှင် နယ်ချဲ့ဂါဒသည် အဆုံးသတ်

PDF Compressor Free Version

ရန် အာမခံချက်ရှိမည်။ ဤသို့ဖြင့် နယ်ချဲ့ဂါဒ နိဂုံးချုပ်မည်ဖြစ်ပြီး ကမ္ဘာစစ်ဖြစ်ရန်လည်း မလိုတော့ပေ။ ဤအခြေခံမှုကို လွတ်လပ်မှု၏ စရိုက်အဖြစ် သိရှိကြသည်။

### (၉) အင်အားရှိသော နိုင်ငံဖြစ်ပေါ်စေသည်

လူမျိုးတစ်ခုနိုင်ငံတွင် ခိုင်မာသော အမျိုးသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်နိုင်သည်။ ပြည်သူလူထုက အမျိုးသားတစ်ခုတည်းကို ပိုင်ဆိုင်ကြသောကြောင့် စိတ်အာရုံတွင် တစ်ခုဖြစ်ခြင်း မှချရှိကြသည်။ စည်းလုံးညီ ညွတ်မှုတည်ဆောက်ရာတွင် ပြည်သူလူထုက လူမျိုးအတွက်အသက်ရှင်ပြီး၊ လူမျိုးက ပြည်သူအတွက်ဖြစ်သည်ဟူသော တွေးခေါ်မှုကြောင့် စည်းလုံးမှုအင်အား အလွန်ကောင်းစေသည်။ နိုင်ငံသားတိုင်းက လူမျိုးနှင့်နိုင်ငံကာကွယ်ရန် ကိုယ်စိတ်နှစ်ဖြာ အမြဲပြင်ဆင်ထားပြီး ဖြစ်သည်။ အရေးပေါ်ကာလအတွင်း အမျိုးသားစည်းလုံးညီညွတ်မှုအင်အား ပိုမိုကြီးထွားလာပြီး နိုင်ငံက အရေးပေါ်ကိစ္စကို ခိုင်ခိုင်မာမာ ရင်ဆိုင်နိုင်သည်။

### (၁၀) သမိုင်းဆိုင်ရာ ထောက်ခံမှု

လူမျိုးတစ်ခု နိုင်ငံတစ်ခုမူအရ တည်ထောင်သောနိုင်ငံသည် အကောင်းဆုံးနိုင်ငံဖြစ်သည်ဟူသော အချက်ကို ယနေ့နိုင်ငံများက သက်သေပြလျက်ရှိသည်။ အမျိုးသားတိုင်း နိုင်ငံရေးနိုးကြားလာပြီး လွတ်လပ်ရေးအတွက် ရုန်းကန်လှုပ်ရှားလာခဲ့ကြသည်။ နောက်ဆုံးတွင် လွတ်လပ်ရေး ရရှိကြသည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ကိုလိုနီနိုင်ငံများ အမျိုးသားနိုင်ငံရေးနိုးကြားလာပြီး ကိုယ်ပိုင်ဆုံးဖြတ်ခြင်း အခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပြီး နောက်ဆုံး၌ လွတ်လပ်ရေးအောင်ပွဲ ခံခဲ့ကြသည်။

## ဆိုးကျိုးများ

### (၁) နိုင်ငံများအားလုံးကို ဖရိုဖရဲပြိုကွဲခြင်းသို့ ဦးတည်လိမ့်မည်

အကယ်၍ လူမျိုးတစ်ခု နိုင်ငံတစ်ခုကို လက်ခံပါက ခေတ်ပေါ်နိုင်ငံများအားလုံးတို့သည် အစိတ်အပိုင်းများအဖြစ်သို့ ပြိုကွဲသွားကြမည်။ အကယ်၍ ဘာသာစကား၊ လူမျိုးနွယ်နှင့် ဘာသာရေးတို့ကို အခြေခံသော အမျိုးသားများအားလုံး ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပေးထားပါက နိုင်ငံကြီးအားလုံးနှင့် သက်

PDF Compressor Free Version

တမ်းရင့်နိုင်ငံများအားလုံး ဖရိုဖရဲ ပြိုကွဲကြလိမ့်မည်။ ရုရှားနိုင်ငံ တစ်ခုတည်းတွင်ပင် အမျိုးသားပေါင်း (၁၅၄) မျိုးရှိသည်။ ဤသီအိုရီနှင့်ဆိုလျှင် ရုရှားနိုင်ငံတွင် (၁၅၄) ခုသော လွတ်လပ်သောနိုင်ငံများ ပေါ်ပေါက်လာမည်။ ဆွီဇာလန်နိုင်ငံသည် (၃) နိုင်ငံအဖြစ် ပြိုကွဲသွားလိမ့်မည်။ ဤ ချို့ယွင်းအားနည်းချက်များကို လက်ကိုင်ပြုသည့် အမြင်ရှိသူသည် လူမျိုးတစ်ခုနိုင်ငံကို နှစ်သက်ကြလိမ့်မည် မဟုတ်ပေ။ အချို့လူများတို့သည် ၎င်းတို့၏ ပုဂ္ဂလိကဆိုင်ရာ ရည်ရွယ်ချက်များ အောင်မြင်ရန်နှင့် သီးသန့်နိုင်ငံ တောင်းဆိုရန်အတွက် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အလွဲသုံးစားပြုလိုကြသည်။ အမျိုးသားတစ်ခုသည် သေးငယ်သော ယူနစ်အစိတ်အပိုင်းအဖြစ် ထပ်၍ ကွဲသွားနိုင်ပြီး အဆိုပါယူနစ်များက ကိုယ်ပိုင်ပြဌာန်းခွင့် တောင်းဆိုနိုင်သည်။

## (၂) အမှုများစွာတွင် လူမျိုးတစ်ခုနိုင်ငံတစ်ခု တည်ထောင်ရန် မဖြစ်နိုင်ချေ

တိကျသော နယ်နမိတ်ရှိမှုသည် လူမျိုးတစ်ခုတည်ဆောက်မှုအတွက် လိုအပ်သော လက္ခဏာတစ်ခုဖြစ်သည်။ ၎င်းလူမျိုး၏ အဖွဲ့ဝင်များတို့သည် ကမ္ဘာအနှံ့ နေထိုင်နိုင်သည့်အတွက် တိကျသတ်မှတ်ထားသော နေရာတစ်ခုတွင် အတူတကွနေထိုင်နိုင်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ပျံ့နှံ့စွာနေထိုင်သော လူများကို အထူးနေရာတစ်ခုတွင် နေထိုင်ရန် ပြုလုပ်အားထုတ်ခြင်းသည် မဖြစ်နိုင်ပေ။ လူမျိုးတစ်ခုသည် ကမ္ဘာအနှံ့ ပြန့်ကျဲစွာနေထိုင်ကြပြီး ပထဝီနယ်မြေ ဆက်စပ်မှုလည်းမရှိပါက နိုင်ငံတစ်ခုအဖြစ်ဖွဲ့စည်းတည်ထောင်ရန် ခက်ခဲသည်။ ပြန့်ကျဲစွာနေထိုင်သော လူမျိုးကို ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် မပေးနိုင်ပေ။

## (၃) လူမျိုးတစ်ခုတည်းနိုင်ငံသည် စီးပွားရေးဖက် အားနည်းစေသည်

လူမျိုးတစ်ခုနိုင်ငံတစ်ခု သီအိုရီနှင့်အညီ အမျိုးသားနိုင်ငံများ ထူထောင်မည်ဆိုပါက ကြီးမားသောနိုင်ငံများသည် သေးငယ်သောနိုင်ငံများအဖြစ်သို့ ကွဲသွားကြမည်မှာ သဘာဝဖြစ်ပြီး ထိုကဲ့သို့ ကွဲသွားခြင်းက သေးငယ်သောနိုင်ငံများအပေါ် စီးပွားရေးအရ အားနည်းအောင် မုချ အကျိုးသက်ရောက်စေသည်။ နိုင်ငံတစ်ခုစီအတွက် လုံလောက်မှု ရှိနိုင်မည်မဟုတ်ပေ။ အချို့နိုင်ငံများသည် သဘာဝအရင်းအမြစ်များ အပိုအလျှံ ရှိကြမည်ဖြစ်သော်လည်း အချို့နိုင်ငံများကမူ မရှိဘဲ သို့မဟုတ် နည်းနည်းပါးပါးသာ ရှိကြမည်။ ဤသို့ဆိုလျှင် ပိုမိုသေးငယ်သော နိုင်ငံများတို့သည် ပိုကြီးသောနိုင်ငံများအပေါ် မှီခိုအားထားကြလိမ့်မည်ဖြစ်ပြီး ၎င်းတို့၏ လွတ်လပ်ရေးသည် အဓိပ္ပါယ်မရှိ ဖြစ်သွားမည်။

## (၄) လူမျိုးအားလုံးတို့က ကိုယ်ပိုင်အစိုးရအတွက် စွမ်းအားမရှိကြပေ

PDF Compressor Free Version

လူမျိုးတစ်ခုနိုင်ငံတစ်ခု သီအိုရီ၏ အခြားချို့ယွင်းချက်တစ်ခုမှာ လူမျိုးတိုင်းက ကိုယ်ပိုင်အစိုးရအတွက် စွမ်းဆောင်နိုင်ရည် မရှိကြသောကြောင့် တကယ့်လက်တွေ့တွင် အကောင်အထည်မဖော်နိုင်သည့် အချက်ပင်ဖြစ်သည်။ လူမျိုးတစ်မျိုးသည် ဘုံလူမျိုးအနွယ်၊ ဘုံဘာသာစကား၊ ဘုံဘာသာနှင့် ဘုံယဉ်ကျေးမှု... စသည့်အချက်များကြောင့် စိတ်ဓါတ်အရ စုစည်းညီညွတ်ကြပြီး အလံတစ်ခုအောက်တွင် စည်းလုံးကြသည်မှာ အမှန်ဖြစ်သော်လည်း ကိုယ်ပိုင်အစိုးရအတွက် စွမ်းဆောင်နိုင်ရည်မရှိပါက အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုတို့ကို မစွမ်းဆောင်နိုင်သောကြောင့် စစ်မှန်သော အမျိုးသားရေးခံစားမှု ထိုလူမျိုးတွင် မဖြစ်ပေါ်စေနိုင်ပါ။ အချို့လူမျိုးတို့သည် ကိုယ်ပိုင်အစိုးရ ဖွဲ့စည်းနိုင်လောက်အောင် စွမ်းဆောင်ရည်မရှိဘဲ သီးခြားနိုင်ငံ ထူထောင်ကြသောအခါ ကောင်းကျိုးထက် ပျက်စီးအကျိုးယုတ်မှုက အစားထိုးတတ်သည်။

## (၅) အပြည်ပြည်ဆိုင်ရာ ပြဿနာပိုများစေသည်

ကိုယ့်ကြမ္မာကိုယ်ဖန်တီးခြင်း (ကိုယ်ပိုင်ပြဌာန်းခြင်း) အခြေခံမူက အပြည်ပြည်ဆိုင်ရာ ပြဿနာအားလုံးကို ပြီးဆုံးစေလိမ့်မည်ဟူသော ယူဆချက်မှာ အားလုံးမမှန်ကန်ပါ။ ထိုမူက ကမ္ဘာ့ငြိမ်းချမ်းရေးကို ရရှိစေမည်ဖြစ်သော်လည်း အမှန်မှာ ၎င်းမူက ပြဿနာအသစ်များကို ထပ်ဖြစ်ပေါ်စေသည်။ လူမျိုးများကိုအခြေခံပြီး နိုင်ငံများ၏ နယ်နိမိတ်သတ်မှတ်ရေးမှာ မလွယ်ကူပေ။ ပိုမိုကြီးမားသောနိုင်ငံများကို သေးငယ်သောနိုင်ငံများအဖြစ်သို့ အခွဲခံရမည်မှာ သဘာဝပင်ဖြစ်သည်။ ထွက်ပေါ်လာသော နိုင်ငံများ၏ နယ်မြေ၊ နယ်စပ်၊ နယ်နိမိတ်နှင့်ပတ်သက်၍ အငြင်းပွားမှုများ ဖြစ်ပေါ်လာမည်။ လူမျိုးစုနိုင်ငံများဆိုင်ရာ ဖြစ်ရိုးဖြစ်စဉ် နယ်နိမိတ်များ သတ်မှတ်နိုင်ရန် မဖြစ်နိုင်ပေ။ ကမ္ဘာ့နိုင်ငံများအကြား ယခုအထိရှိနေသော နယ်မြေဆိုင်ရာနှင့် အခြားကိစ္စဆိုင်ရာများသည် လျော့နည်းလာခြင်းထက် တိုးပွားမှု ပိုဖြစ်စေသည်။ အကယ်၍ နိုင်ငံတစ်နိုင်ငံသည် အခြားနိုင်ငံများက ဂိုင်းထားပြီး ထိုနိုင်ငံသည် အခြားနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်မှုပြုလုပ်ပါက ပင်လယ်လမ်းကြောင်းလည်း မရှိသည့်အတွက် အပြန်အလှန်အငြင်းပွားမှုများသည် နိုင်ငံတကာအကြား ပေါက်ဖွားမည်ဖြစ်ပြီး ယင်းပြဿနာက အပြည်ပြည်ဆိုင်ရာ ပြဿနာများအဖြစ်သို့ ရောက်ရှိစေမည်။

## (၆) စစ်ကို လှုံ့ဆော်ပေးသည်

PDF Compressor Free Version

လူမျိုးတစ်ခုနိုင်ငံကို ရည်မှန်းချက်ထားပြီး အကောင်အထည်ဖော်လျှင် နိုင်ငံကြီးများသည် သေးငယ်သော နိုင်ငံများအဖြစ်သို့ ကွဲသွားမည်ကိုလည်းကောင်း၊ နိုင်ငံအများအပြား ပေါ်ပေါက်လာမည်ကိုလည်းကောင်း၊ နိုင်ငံများ၏ နယ်နိမိတ်ပြဿနာများ ရှိကြမည်ကိုလည်းကောင်း၊ အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ နိုင်ငံများ၏ နယ်နိမိတ်ပြဿနာများကို အခြေခံ၍ အခြားအငြင်းပွားမှုပြဿနာများ ပိုမိုနက်ရှိုင်းလာပြီး ကမ္ဘာစစ်တစ်ခု ဖြစ်ကောင်းဖြစ်စေနိုင်သည်။ မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံတို့သည် လွတ်လပ်ရေး ရှေ့ဆင့်နောက်ဆင့် ရရှိလာသောအခါ ယနေ့အထိ နယ်စပ်အငြင်းပွားမှု ပြဿနာများ အသီးသီးရှိနေခဲ့သည်။ မြန်မာနှင့် ထိုင်းနိုင်ငံအကြားတွင်လည်းကောင်း၊ အိန္ဒိယနှင့် တရုတ်၊ အိန္ဒိယနှင့် ပါကိစ္စတန် အကြားတွင်လည်းကောင်း နယ်စပ်ပြဿနာများ ရှိနေသည်။

## (၇) နယ်ချဲ့ဝါဒကို အားပေးအားမြှောက် ပြုသည်

အမျိုးသားနိုင်ငံများတို့သည် ပြင်ပသွင်ပြင်အားဖြင့် တိုးတက်ကြမည်ဟု ယူဆရသော်လည်း အင်အားမရှိ သေးငယ်ချိနဲ့သော နိုင်ငံ၏ လုပ်ထုံးလုပ်နည်းကြောင့် ဘက်ပေါင်းစုံ ကျဆင်းမှုဖက် ဦးတည်မည်။ သေးငယ်သော နိုင်ငံများက ကြီးမားသောနိုင်ငံများအပေါ် မှီခိုကြလိမ့်မည်ဖြစ်ပြီး ထိုသို့ မှီခိုအားထားမှုသည် နယ်ချဲ့ဝါဒကို တိုးမြှင့်စေလိမ့်မည်။ သေးငယ်သော နိုင်ငံများက ကြီးမားသော နိုင်ငံများအပေါ် စီးပွားရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးတို့တွင် ငွေကြေး၊ ပစ္စည်း၊ စစ်တပ်… မှီခိုမှုကြာရှည်လာလျှင် ထိုနိုင်ငံငယ်သည် နိုင်ငံကြီး၏ ဩဇာခံနိုင်ငံ ဖြစ်လာနိုင်သည်။ သို့မဟုတ် ထိုနိုင်ငံငယ်သည် အင်အားရှိလာသည်နှင့် ဘဝတူ နိုင်ငံငယ်များအပေါ် နယ်ချဲ့ဝါဒ ကျင့်သုံးလာနိုင်သည်။

## (၈) လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုများနှင့် အခွင့်အရေးများကို ပစ်ပယ်ခြင်း

လူမျိုးတစ်ခုနိုင်ငံသည် တပါတီအာဏာရှင်ဝါဒကို အမြဲတမ်းဆန့်ကျင်ပြီး လွတ်လပ်မှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခြင်းတို့ကို အားပေးအားမြှောက်ပြုသည်ဟု ဖော်ပြကြသော်လည်း သမိုင်းတွင် ဤအချက်မှန်ကန်ကြောင်း အထောက်အထား မတွေ့ရပေ။ ဂျာမနီနိုင်ငံသည် လူမျိုးတစ်ခုတည်း နိုင်ငံဖြစ်ခဲ့သော်လည်း ဟစ်တလာ သည် အာဏာရှင်တစ်ဦးဖြစ်လာပြီး သူက ပြည်သူလူထု၏ လွတ်လပ်မှုကို အတင်းအဓမ္မလုယူခဲ့သည်။ အီတလီနိုင်ငံတွင်လည်း မွတ်ဆိုလိုနီ သည် အာဏာရှင်တစ်ဦး ဖြစ်လာခဲ့သည်။ ရုရှားနိုင်ငံတွင်လည်း အာဏာရှင်စံနစ် ကျင့်သုံးခဲ့သည်။ လူမျိုးတစ်ခု အမျိုးသားနိုင်ငံများတွင် ပြည်သူလူထုတို့သည် လွတ်လပ်မှုအပြည့်အဝ မရရှိကြသည့်အတွက် မပျော်ရွှင်နိုင်ကြပေ။ ထို့ကြောင့် သေချာ

သည်မှာ လူမျိုးတစ်ခုတည်းနိုင်ငံတွင် ပြည်သူလူထုတို့၏ လွတ်လပ်မှုနှင့် အခွင့်အရေးများသည် ပစ်ပယ်ခံရပြီး ဆက်ဆံရေး မကောင်းပေ။

PDF Compressor Free Version

## (၉) ဒီမိုကရေစီကို လိုလားခြင်းမရှိပေ

ကမ္ဘာပေါ်တွင် ဆွီဇာလန်နိုင်ငံသည် ဒီမိုကရေစီအဖြစ်ဆုံးနှင့် တိုက်ရိုက်ဒီမိုကရေစီ ကျင့်သုံးသောနိုင်ငံအဖြစ် သိထားကြသည်။ ဆွီဇာလန် ပြည်သူပြည်သားများတို့သည် အမျိုးသား (၃)ခုကို ပိုင်ဆိုင်ကြကာ ဘာသာစကား (၃) မျိုး ပြောဆိုကြပြီး၊ ကွဲပြားသော ဘာသာအယူဝါဒ (၃) မျိုး ရှိကြသည်။ ဆွီနိုင်ငံသားများ အမျိုးသား (၃) မျိုး ဖြစ်ကြသော်လည်း ယနေ့တိုင် ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းနှင့်အညီ အောင်အောင်မြင်မြင် လုပ်ဆောင်နေထိုင်ကြသည်။ တဖက်တွင် ပါကိစ္စတန်နှင့် တရုတ်နိုင်ငံတို့သည် အမျိုးသားတစ်ခုတည်းနိုင်ငံများ ဖြစ်ကြသော်လည်း ဒီမိုကရေစီကို လိုက်နာဆောင်ရွက်ခြင်းမရှိကြသည့်အပြင် ဒီမိုကရေစီကျင့်သုံးရန် အလှမ်းဝေးနေဆဲဖြစ်သည်။

## (၁၀) ယဉ်ကျေးမှုဆိုင်ရာ ပျက်စီးယိုယွင်းခြင်း

လူမျိုးတစ်ခုတည်းနိုင်ငံတွင် ယဉ်ကျေးမှုထိန်းသိမ်းခြင်း၊ တိုးမြှင့်ခြင်း၊ အောင်မြင်းခြင်းတို့အတွက် အခွင့်အခါ မကောင်းပေ။ Lord Acton သည် လူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြသော နိုင်ငံတစ်ခုဖြစ်စေကာမူ ယဉ်ကျေးမှု အခွင့်အခါကောင်း ရှိကြသည်ဟူသော အမြင်ရှိသူဖြစ်သည်။ ကွဲပြားသော အမျိုးသားများတို့သည် များပြားပြီး ကွာခြားသော အရည်အချင်းများရှိကြပြီး ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အပြန်အလှန်ကူညီမှု ပေးကြသည်။ ခေတ်နောက်ကျသော လူ့အဖွဲ့အစည်းများဖြစ်ကြသည့်တိုင်အောင် ရှေ့ပြေးနေသော လူ့အဖွဲ့အစည်းများနှင့် ထပ်တူဖြစ်စေရန် ဆက်ဆံကြခြင်းဖြင့် တိုးတက်စေနိုင်သည်။ အခြားတဖက်တွင် လူမျိုးတစ်ခုတည်းနိုင်ငံသည် သူပိုင်နိုင်ငံဖြစ်ခြင်းကြောင့် ယဉ်ကျေးမှုသည် ရှေ့တိုးမည့်အစား ပို၍ ပျက်စီးယိုယွင်းလာနိုင်သည်။

## (၁၁) လူမျိုး (သို့မဟုတ်) လူမျိုးဖြစ်ခြင်း အဓိပ္ပါယ်ဖွင့်ဆိုရန် ခက်ခဲသည်

လူမျိုး (အမျိုးသား) ဖြစ်မှုကို ယယနန အဓိပ္ပါယ်မဖွင့်ဆိုနိုင်သောကြောင့် ပိုးတိုးဝါးတား ဖြစ်မှုများနှင့် လုံးထွေးရောစပ်သဖြင့် ရှုပ်ထွေးသည့်အရာတစ်ခု ဖြစ်သည်။ ၎င်းက တာဝန်ယူမှုများစွာ ဖန်တီးပေးသည်။ လူမျိုးဖြစ်ခြင်းသည် ပြင်ပဆိုင်ရာ လက္ခဏာများအားဖြင့် ဆုံးဖြတ်ချက်မချနိုင်သော စိတ်ပိုင်း

ဆိုင်ရာ လက္ခဏာတစ်ခု ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မှန်ကန်သောအခြေခံမှု သို့မဟုတ် သီအိုရီ ဖြစ်သော်လည်း လက်တွေ့ လုပ်ကိုင်၍မရဘဲ ဖြစ်ရသည်။

PDF Compressor Free Version

## နိဂုံးချုပ်နှင့် ဝေဖန်သုံးသပ်ခြင်း

အမျိုးသားနိုင်ငံများတို့သည် အမှန်ပင် အသုံးဝင်၊ အကျိုးရှိသည် မှန်သော်လည်း များစွာသော အကြောင်းကိစ္စများတွင် လူမျိုးပေါင်းစုံနိုင်ငံများက လူမျိုးတစ်ခုတည်း နိုင်ငံများအပေါ် စံချိန်ချိုးသည်။ ယခုခေတ်တွင် လူမျိုးတစ်ခု နိုင်ငံတစ်ခု သီအိုရီသည် များစွာအောင်မြင်သည့် သက်သေအထောက်အထား မရှိတော့ပေ။ အကယ်၍ ကွဲပြားသောလူမျိုးများတို့သည် နိုင်ငံတစ်ခု၏ စီမံခန့်ခွဲမှုအောက်တွင် အတူနေကြရန် သဘောတူ လက်ခံခဲ့ကြလျှင် ယင်းကဲ့သိုသော လူမျိုးများ (အမျိုးသားများ) တို့သည် မပြိုပျက်နိုင်ပါ။ နိုင်ငံတစ်ခုတွင် ကွဲပြားသော လူမျိုးများက စိတ်ပျက်ပြားနေပြီး နိုင်ငံတစ်ခုအတွင်း အတူတကွနေထိုင်ရန် မလိုလားကြတော့သည့် အခြေအနေတွင် ၎င်းတို့ကို အာဏာစက်ဖြင့် အဓမ္မနေထိုင်စေ၍သာ အတူနေထိုင်လျှင် ဤနိုင်ငံသည်လည်း မင်းမဲ့နိုင်ငံကဲ့သို့ ဒုက္ခရောက်လိမ့်မည်။ ဤကဲ့သို့ ပြုလုပ်မှုသည် လူမျိုးတစ်ခုတည်းနိုင်ငံ သီအိုရီတစ်ခုသာ အလုပ်ဖြစ်လိမ့်မည်။ အကယ်၍ နိုင်ငံတစ်ခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိကြသော ကွဲပြားသည့် အမျိုးသားများတို့သည် အကြောင်းအမျိုးမျိုးကြောင့် မပျော်ရွှင်တော့ဘဲ များစွာသော စိတ်နာကျည်းမှုများ ပြသကြပြီး တခါတရံ ထိုစိတ်နာကျည်းမှုများ၏ လှုံ့ဆော်မှုကြောင့် အမျိုးသားဆိုင်ရာ ထကြွလှုပ်ရှားမှုနှင့် အမျိုးသားဆိုင်ရာ ရုန်းကန်မှု ပေါ်ပေါက်လျှင် တိုင်းပြည်သည် ပြင်းထန်သော နိုင်ငံရေးဆိုင်ရာ ဒုက္ခများစွာ ရောက်စေသည်။ နိုင်ငံတစ်ခု၏ စီမံခန့်ခွဲမှုအောက်တွင် ရှိကြသော ကွဲပြားသည့် လူမျိုးများ (အမျိုးသားများ) အားလုံး ကျေနပ်နှစ်သိမ့်မှု ရရှိစေရန်အတွက် နိုင်ငံရေးဆိုင်ရာ သဘောတူညီမှုရရှိရန် လိုအပ်ကြောင်း သက်ဆိုင်ရာနိုင်ငံတိုင်းက သတိထားကြရမည်။ ထိုကဲ့သို့သော အမှုကိစ္စတွင် လူများစုအမျိုးသားများတို့က လူနည်းစု အမျိုးသားများအပေါ် ရှေ့ရှုပြီး ကိုယ်ချင်းစာနာမှု ရှိကြရမည်။ ထိုကဲ့သို့သော နိုင်ငံတွင် ဖက်ဒရယ်စံနစ်သည် အကောင်းဆုံးနှင့် အထိရောက်ဆုံးဖြစ်ပြီး လက်တွေ့ အကောင်အထည်ဖော် အောင်မြင်ကြောင်း ယနေ့ ကမ္ဘာ့ဖက်ဒရယ်နိုင်ငံကြီးများနှင့် သမိုင်းဖြစ်ရပ်များက အခိုင်အမာ သက်သေထူလျက်ရှိသည်။

**(သောမတ်စ် ထန်နီး မှ စုဆောင်းတင်ပြသည်)**

❑❑❑❑❑

PDF Compressor Free Version

# အမျိုးသားနိုင်ငံရေး အသိအမြင် နိုးကြားမှု

ဆလိုင်း ပါမွှန်

လူ့သမိုင်း ခေတ်အဆက်ဆက်ကိုကြည့်မယ်ဆိုရင် "လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည် တိုးတက်ကြီးပွားခြင်း၊ အင်အားကြီးခြင်း၊ တိုင်းတပါးကို လွှမ်းမိုးအုပ်ချုပ်နိုင်ခြင်း" တို့ဟာ ထိုလူမျိုးများရဲ့ နိုင်ငံရေး အသိအမြင်နိုးကြားမှု၊ မျိုးချစ်စိတ်ထက်သန်မှု၊ အမြော်အမြင်ကြီးမှုအပေါ်မှာ မူတည်ကြောင်း တွေ့ရှိရပါတယ်။

လူ့သမိုင်း (ကမ္ဘာ့သမိုင်း)ကို ခြုံ၍ကြည့်ပါက တိုင်းနိုင်ငံများအင်အား (ဩဇာအာဏာ) ကြီးထွားလိုက်၊ ကျဆင်းလိုက်ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကမ္ဘာ့အတိုင်းအတာနဲ့ ပထမဆုံး အင်အားကြီးနိုင်ငံဟာ ပါးရှားအင်ပါယာ ဖြစ်ပါတယ်။ ပါရှား(အီရန်) အင်ပါယာဟာ အရှေ့အလယ်ပိုင်း၊ အရှေ့ဥရောပ၊ အနောက်အာရှ၊ အာဖရိကတိုက်မြောက်ပိုင်းတစ်ခုလုံးကို ကိုလိုနီပြုလျက် နှစ်ပေါင်းများစွာ အုပ်ချုပ်နိုင်ခဲ့ပါတယ်။

ပါးရှားအင်ပါယာကို အန်တုယှဉ်ပြိုင်လာသူဟာ အလက်ဇန်းဒါးသဂရိတ် (Alexander The Great) ဖြစ်ပါတယ်။ နိုင်ငံအားဖြင့်လည်းကောင်း၊ လူဦးရေအားဖြင့်လည်းကောင်း၊ သေးငယ်တဲ့ ဂရိတ်နိုင်ငံဟာ ရဲစွမ်းသတ္တိရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ အမျိုးသားနိုင်ငံရေး အသိအမြင်နိုးကြားခြင်း (မျိုးချစ်စိတ်ရှိခြင်း) တို့ကြောင့် ဂရိတ်အင်ပါယာကြီး တည်ထောင်နိုင်ခဲ့ပြီး နှစ်ပေါင်းများစွာ အုပ်ချုပ်နိုင်ခဲ့တယ်။ ဂရိတ်အင်ပါယာ ကျဆင်းပြီး ရောမအင်ပါယာ တက်လာခဲ့ပါတယ်။ ရောမအင်ပါယာ ဟာ နှစ်ပေါင်းများစွာ (နှစ်ထောင်ချီ) ကြီးစိုးနိုင်ခဲ့ပါတယ်။ ၎င်းနောက် အော်တိုမင်တူရကီ အင်ပါယာ တက်လာပြီး အရှေ့အလယ်ပိုင်း၊ အာဖရိကမြောက်ပိုင်း၊ အနောက်အာရှ၊ တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများကို နှစ်ပေါင်းများစွာ ကိုလိုနီပြု အုပ်ချုပ်နိုင်ခဲ့ပါတယ်။ ၎င်းနောက်မှ ခေတ်သစ်အင်အားကြီးနိုင်ငံများဖြစ်တဲ့ ဒတ်ချ် (Netherland)၊ စပိန်၊ အင်္ဂလန်၊ ပြင်သစ်နိုင်ငံများမှ တစ်ကမ္ဘာလုံးကို ကိုလိုနီပြု အုပ်ချုပ်နိုင်ခဲ့ကြပါတယ်။ မွန်ဂိုအင်ပါယာဖြစ်တဲ့ ဂူဘလိုင်ခန်၊ ဂျင်ဂစ်ခန် တို့ဟာ တိုင်းပြည်မြောက်များစွာ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သော်လည်း နှစ်ရှည်လများ ကိုလိုနီမင်းပြုနိုင်ခြင်းမရှိတဲ့အပြင်

PDF Compressor Free Version

အာရှတိုက်တစ်ခုတည်းသာ စစ်အောင်နိုင်ခဲ့တဲ့အတွက်ကြောင့် ကမ္ဘာ့အတိုင်းအတာနဲ့ တိုက်ကြီး (၃၊ ၄) ခုကို နှစ်ပေါင်းများစွာ ကိုလိုနီပြုအုပ်ချုပ်နိုင်တဲ့ အင်ပါယာများနဲ့ နှိုင်းယှဉ်ပါက (Local Emperor) အဆင့်သာ ရှိခဲ့ပါတယ်။

လူမျိုးတစ်မျိုး တိုးတက်ကြီးပွားမှု၊ သြဇာအာဏာ လွှမ်းမိုးနိုင်မှုဟာ ထိုလူမျိုးခေါင်းဆောင်များ အမြော်အမြင်ကြီးမှု၊ ရဲစွမ်းသတ္တိရှိမှု လိုအပ်သလို ထိုလူမျိုးရဲ့ တစ်မျိုးသားလုံး နိုင်ငံရေးအသိစိတ်ဓါတ် နိုးကြားမှု၊ မျိုးချစ်စိတ်ရှိမှုအပေါ်မှာ မူတည်ပါတယ်။ ပြည်သူအများ အမျိုးသားနိုင်ငံရေး အသိအမြင် နိုးကြားပါက စည်းလုံးညီညွတ်မှု အလိုလိုရရှိလာမှာ ဖြစ်ပါတယ်။ ကျဉ်းမြောင်းတဲ့ မြို့နယ်စွဲ၊ မျိုးနွယ်စွဲစိတ်များလည်း ရှိမှာမဟုတ်ပါ။

အထူးသဖြင့် လူဦးရေအားဖြင့် သော်လည်းကောင်း၊ စီးပွားရေးအားဖြင့် သော်လည်းကောင်း၊ နိုင်ငံရေးအားဖြင့် သော်လည်းကောင်း၊ အားနည်းတဲ့ ချင်းလူမျိုးများအနေဖြင့် အမျိုးသားနိုင်ငံရေးအသိအမြင် (Political Awareness) နိုးကြားမှုရှိဖို့ အင်မတန် အရေးကြီးပါတယ်။ နိုင်ငံရေးအရ ကိုယ်ပိုင်ပြဌာန်းခွင့်မရတဲ့ ချင်းလူမျိုးများအနေနဲ့ မိမိတို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးများ၊ ချိုးဖောက်ခြင်းခံရတဲ့ အခွင့်အရေးများအားလုံးကို ပြည်သူအများ သိရှိနားလည်ဖို့ လိုအပ်ပါတယ်။ ဖိနှိပ်ချုပ်ချယ်ခံ လူမျိုးတိုင်း၊ မိမိတို့လူမျိုး လွတ်မြောက်ခွင့်ရရှိဖို့၊ မိမိတို့ အခွင့်အရေးများ ပြန်လည်ရရှိဖို့ အမျိုးသားရေးစိတ်ဓါတ်ဖြင့် စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်လေ့ရှိကြပါတယ်။

သာဓကအားဖြင့် နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရန် ကြိုးပမ်းတဲ့ မြန်မာ့နိုင်ငံရေးခရီးစဉ်မှာ “ဒို့ဗမာ အစည်းအရုံး” အခန်းကဏ္ဍဟာ အင်မတန်အရေးပါခဲ့ပါတယ်။ အဲ့ဒီခေတ်က မြန်မာ့ နိုင်ငံရေးခေါင်းဆောင်များမှာ မတူညီတဲ့ နိုင်ငံရေးရပ်တည်ချက်အမျိုးမျိုး (Polictical Leaning) ရှိခဲ့သူများဖြစ်သော်လည်းပဲ တစ်မျိုးသားလုံးနှင့်ဆိုင်တဲ့ ကိုလိုနီလက်အောက်ကနေ လွတ်မြောက်ရေးကိစ္စအတွက် “ဒို့ဗမာအစည်းအရုံး” မှာ တစ်စုတစ်စည်း ရပ်တည်ခဲ့ကြပါသည်။ ဒို့ဗမာအစည်းအရုံးဟာ Nationalism သက်သက်ဖြစ်ပါသည်။ “ism” မဟုတ်ပါ၊ (အယူဝါဒတစ်ခုမဟုတ်ပါ)။ ထိုခေတ်က “ism” ဖြစ်တဲ့ Communism, Socialism, Capitalism ဆိုပြီး နိုင်ငံရေးခံယူချက်အမျိုးမျိုး လက်ဝဲ၊ လက်ယာ ကွဲခဲ့ကြပါတယ်။ သို့သော်လည်းပဲ တမျိုးသားလုံးနဲ့ဆိုင်တဲ့အရေးမှာ “ဒို့ဗမာအစည်းအရုံး” မှာပဲ တစ်လုံးတစ်ဝတည်း ညီညီညွတ်ညွတ် စည်းလုံးခဲ့ကြတာကို သင်ခန်းစာ ယူသင့်ပါတယ်။

PDF Compressor Free Version

အင်မတန်မှ အင်အားကြီးမားတဲ့ တရုတ်နိုင်ငံတောင်မှ တခြားနိုင်ငံများနဲ့ အငြင်းပွားမှုတွေ ဖြစ်ပေါ်တဲ့အခါတိုင်း (ဥပမာ- ဂျပန်နိုင်ငံနှင့် နယ်မြေအငြင်းပွားမှု) အမျိုးသားရေးစိတ်ဓါတ်ကို လှုံ့ဆော်ပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုကို ရယူခဲ့ပါတယ်။ Nationalism နဲ့ National Spirit ကို အလွဲသုံးစွဲမှုများလည်း ရှိပါသည်။ ဥပမာအားဖြင့် အစိုးရအပေါ် ပြည်သူများက မကျေနပ်မှုများ ဖြစ်ပေါ်လာတဲ့အခါများမှာ အစိုးရအပေါ် အာရုံမရောက်စေရန်အတွက် တခြားနိုင်ငံများနဲ့ ပြဿနာဖန်တီးပြီး၊ ပြည်သူများ အမျိုးသားရေးစိတ်ဓါတ် နိုးကြားလာကာ အစိုးရကို ပြန်လည်အားပေးထောက်ခံလာရေးအတွက် လုပ်ဆောင်လေ့ ရှိတတ်ပါသည်။

ပြည်သူအများ (ပြည်သူတရပ်လုံး) နိုင်ငံရေးအသိအမြင်နိုးကြားမှု ရှိပါက မတရားတဲ့ အာဏာရှင်အစိုးရ၊ ဖိနှိပ်ချုပ်ချယ်တဲ့ အစိုးရများ သက်ဆိုးရှည်မှာ မဟုတ်ပါ။ မြန်မာနိုင်ငံလို အာဏာရှင်အစိုးရ သက်ဆိုးရှည်နိုင်ခြင်းဟာ မြန်မာပြည်သူများ နိုင်ငံရေးအသိစိတ်ဓါတ် နိုးကြားမှု အားနည်းခြင်း၊ မိမိတို့ အခွင့်အရေး နစ်နာမှုန်း၊ ချုပ်ခြယ်ခံရမှုန်း မသိကြခြင်းတို့ကြောင့်သာ ဖြစ်ပါတယ်။

ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် မရှိတဲ့၊ ကိုယ်ပိုင်ပြဌာန်းခွင့် မရှိတဲ့၊ အခွင့်အရေးချိုးဖောက်ခံရတဲ့ ချင်းအမျိုးသားတစ်ရပ်လုံးအနေနဲ့ National Spirit နိုးကြားဖို့ အင်မတန် အရေးကြီးပါတယ်။ Nationalism ကို တစ်မျိုးသားလုံး သိရှိ၊ နားလည်ထားပါက တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှု၊ နားလည်မှုရှိပြီး ကျဉ်းမြောင်းတဲ့ မျိုးနွယ်စွဲ၊ မြို့နယ်စွဲစိတ်ဓါတ်တွေ ပပျောက်သွားမှာ ဖြစ်ပါတယ်။

□□□□□

| |
|---|
| ဤစာစောင်ပါ ကဗျာ၊ ဂတ္တု၊ ဆောင်းပါးများသည် စာရေးသူ တစ်ဦးချင်းစီ၏ အမြင်အာဘော်များသာဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။ |
| အယ်ဒီတာ |

PDF Compressor Free Version

# မတ်လ ၃၀ ရက်နေ့ အလွန်တွင်

**မောင်လေး**

အစိုးရသစ် ကတိသစ္စာပြုပွဲကို ပရီးမီးယားလိဂ် နာမည်ကြီးအသင်းများ ကစားသော ဘောလုံးပွဲတစ်ပွဲသဖွယ် ရုံးများ၊ လက်ဖက်ရည်ဆိုင်များတွင် ကြည့်ရှုကြသဖြင့် အစိုးရသစ်အပေါ် ပြည်သူများစိတ်ဝင်စားမှု မြင့်မားသည်ကို တွေ့ရသည်။ စိတ်ဝင်စားမှု မြင့်သလို မျှော်မှန်းချက်လည်း မြင့်ကြသည်။

ချောမွေ့စွာ အာဏာလွှဲပြောင်းရေးဖြစ်စဉ်သည် ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ပြီးမြောက်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (ကာ/လုံ)ကိုလည်း အဖွဲ့ဝင် (၁၁) ဦးဖြင့် ဖွဲ့စည်းလိုက်ပြီးဖြစ်သည်။ သို့သော် နိုင်ငံတည်ဆောက်မှု ခရီးစဉ်အသစ်တစ်ခုမှာမူ ယခုမှ အစပြုမည်ဖြစ်သည်။

ယခု အစိုးရသစ်သည် ဒေါ်အောင်ဆန်းစုကြည် ပါဝင်သော အရပ်သားအစိုးရဖြစ်ပြီး ဗိုလ်ချုပ်ဟောင်းများ၊ လက်ရှိဗိုလ်ချုပ်များ၊ ကျောင်းဆရာများ၊ ဝန်ထမ်းဟောင်းများနှင့် စုံလင်သည့် အစိုးရ ဖြစ်သည်။ လူအများက မျှော်လင့်တကြီး ကြိုဆိုကြသကဲ့သို့ အစိုးရအပေါ် ထားရှိသည့် စံနှုန်းများလည်း မြင့်မားသည်။ အစိုးရသစ်အနေနှင့် ပါတီဘဝကတည်းက စံနှုန်းမြင့်မားသော ပါတီဖြစ်သည့်အတွက် မိမိကိုယ်တိုင် ထိုစံနှုန်းများဖြင့် တိုင်းတာအကဲဖြတ်ခြင်းကို ခံနိုင်မည်ဟု မျှော်လင့်ကြသည်။ ယခု အစိုးရသည် လူတော်လူကောင်းများ ပါဝင်သော၊ ဒီမိုကရေစီနည်းကျ တက်လာသည့် အရပ်သားအစိုးရစစ်စစ်ဟု အများက သတ်မှတ်သည့်အတွက် ယခင်အစိုးရများနည်းတူ စွမ်းဆောင်နိုင်ရုံ၊ ယခင်အစိုးရများတွင် ပါဝင်သော ပုဂ္ဂိုလ်များလောက် အရည်အချင်းရှိရုံဖြင့် မရတော့ပါ။

ယခု အသစ်ဖြစ်လာသော အစိုးရအဖွဲ့မှာ မြန်မာ့သမိုင်းတစ်လျှောက်တွင် အသစ်ဆုံး အစိုးရအဖွဲ့ဟု ဆိုနိုင်မည်ဖြစ်သည်။ ယခင် အတွေ့အကြုံရှိသူများ အနည်းငယ်သာရှိတော့ပြီး အားလုံးမှာ တာဝန်အသီးသီးကို ယခုမှအသစ် နဖူးတွေ့ ဒူးတွေ့ တွေ့ရမည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးများဆိုလျှင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးနယ်ပယ်တွင် အတွေ့အကြုံရှိသူများ ဖြစ်သော်လည်း အုပ်ချုပ်ရေးနယ်ပယ်နှင့်မူ အတန်စိမ်းနေသူများဟု ဆိုနိုင်ပါသည်။

PDF Compressor Free Version

အာဏာလွှဲပြောင်းမှု အချိန်တစ်ခု အပြီးသတ်သည်နှင့် တာဝန်များကို ကြားကာလမထားဘဲ လွှဲပြောင်းယူလိုက်ရသည့်အတွက် ဝန်ကြီးဌာနတစ်ခုချင်းစီအလိုက် အစိုးရဟောင်းက ထားရစ်ခဲ့သော မပြီးပြတ်သေးသည့် ကိစ္စများကို အစိုးရသစ်က ဘာမှန်းညာမှန်း သေချာမစိစစ်ဘဲ ဆုံးဖြတ်ချက်ပေးရတော့မည့် အနေအထားများလည်း တွေ့ကြုံလာရနိုင်ဖွယ်ရှိသည်။ အထူးသဖြင့် ယခင်ရှိပြီးသား ဝန်ကြီးဌာနများကို ပေါင်းစည်းထားသည့် အသစ်ဖြစ်ပေါ်လာသော ဝန်ကြီးဌာနအနေနှင့် ယခင်ဌာနတစ်ခုချင်းစီ၏ မပြီးပြတ်သေးသည့် ကိစ္စများကို လေ့လာစိစစ်ရန်ပင် အချိန်များစွာ လိုအပ်သည်။ ဥပမာ- ကျန်းမာရေးဝန်ကြီးဌာန အသစ်အနေနှင့် ၎င်းအောက်တွင် ရောက်ရှိလာမည့် ယခင် အားကစားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်တာများကိုပါ တွဲဖက်လေ့လာစိစစ်ရတော့မည် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ပင်လျှင် ယခင်ဝန်ကြီးဌာန (၁၁) ခုကို ပေါင်းစည်းထားသည့် ဝန်ကြီးဌာနလေးခုစာ လုပ်ငန်းဆောင်တာများကို စိစစ်ဆောင်ရွက်ရတော့မည် ဖြစ်သည်။ သမ္မတရုံးလေးခုအတွက် သမ္မတရုံးတစ်ခုတည်းကိုပင် အချိန်ယူ၍ စိစစ်ရမည်ဖြစ်သည်။ ဤသည်မှာ မကြာခင် အစိုးရသစ်က ကြုံတွေ့ရမည့် စိန်ခေါ်မှုများပင် ဖြစ်သည်။

၂၀၁၁ ဦးသိန်းစိန်အစိုးရ တက်လာစဉ်ကလည်း အပြောင်းအလဲကာလတွင် အာဏာရလာသော စစ်ဗိုလ်ချုပ်ဟောင်းများမှာ မည်သည့်အလုပ် စလုပ်ရမှန်းမသိဘဲ ယောင်လည်လည် ဖြစ်ခဲ့ဖူးသည်ဟု ယခင်အစိုးရဝန်ကြီးများက ထုတ်ဖော်ပြောကြားဖူးသည်။ သို့သော် သမ္မတအကြံပေးအဖွဲ့ကို ပညာရှင်အတော်များများဖြင့် ဖွဲ့စည်းခန့်အပ်လိုက်ပြီး အရပ်ဘက်ပညာရှင်များ၏ အကြံပေးမှုဖြင့် နိုင်ငံရေးအရ ဖြေလျှော့မှုများကို စံနစ်တကျစတင်ကာ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ခြင်းမှအစ၊ ငြိမ်းချမ်းရေးဖိတ်ခေါ်ခြင်း အလယ်၊ ယခု ချောမွေ့စွာ အာဏာလွှဲပြောင်းရေးအဆုံးအထိ အပြောင်းအလဲများကို ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုအပြီး သမ္မတ ပြောကြားသော မိန့်ခွန်းတွင် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်စေမည့် အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး၊ နိုင်ငံသူနိုင်ငံသားတို့ လူနေမှုဘဝ အဆင့်အတန်း မြင့်မားရေး၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရေး စသဖြင့် ပြောကြားခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ အစိုးရသစ်သည် လူကြိုက်များပြီးဖြစ်ရာ လူကြိုက်များအောင် သီးသန့်ဆောင်ရွက်ရန် မလိုပါ။ လူထုအကြိုက် ဆောင်ရွက်ခြင်းနှင့် လူထုအကျိုး ဆောင်ရွက်ခြင်းတို့သည် ထပ်တူအမြဲကျလေ့မရှိသည့်အတွက် လူထုအကျိုးရှိသော်လည်း လူထုမကြိုက်သည့် မူဝါဒများ ချမှတ်ရာတွင် အ

PDF Compressor Free Version

စိုးရများသည် အခက်ကြုံတတ်သည်။ ယခု အစိုးရသစ်မှာမူ လူထုကြိုက်ပြီးသား ဖြစ်သည့်အတွက် လူထုအကျိုးဖြစ်သော ဆေးခါးကြီးများကို တိုက်လိုက တိုက်နိုင်သည်။ လူထုထောက်ခံမှုသည် အမြင့်ဆုံး ရောက်ပြီးချိန်တွင် နောက်ထပ်တက်ရန် မရှိတော့ဘဲ ကျလမ်းသာ ရှိတတ်ပါသည်။

ဝန်ကြီးဌာန ၃၆ ခုကို ၂၁ ခု လျှော့လိုက်ခြင်းဖြင့် ဝန်ကြီးအရေအတွက် လျော့သွားသော်လည်း ဝန်ထမ်းအရေအတွက် မပြောင်းလဲ၊ အုပ်ချုပ်ရေးယန္တရား အရွယ်အစား မပြောင်းလဲသည့်အတွက် ယခု ဝန်ကြီးများသည် ယခင် ဝန်ကြီးတို့ထက် ပိုရုန်းရပေမည်။ အုပ်ချုပ်ရေးယန္တရားသည် ပြုပြင်ပြောင်းလဲရေး၏ အင်ဂျင်ကြီး ဖြစ်သဖြင့် Administrative Reform မအောင်မြင်လျှင် ပြုပြင်ပြောင်းလဲရေး မအောင်မြင်နိုင်မည် မဟုတ်ပါ။ ယခု အစိုးရအပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်ခဲ့ပါပြီ။ သမ္မတမိန့်ခွန်းတွင် ပြောကြားထားသည့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် အင်မတန် စိတ်ဝင်စားဘွယ်ကောင်းသည့် ကိစ္စရပ်ကြီးဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ပြည်တွင်းစစ်မီး အတော်မတန် မငြိမ်းနိုင်ခြင်းမှာ နိုင်ငံရေးပြဿနာ ဖြစ်သည်။ ဤ နိုင်ငံရေးပြဿနာသည် ဒီမိုကရေစီစံနစ် ထွန်းကားရုံသက်သက်ဖြင့် မလုံလောက်ပေ။ တိုင်းရင်းသားများ လိုလားသည့် တန်းတူအခွင့်အရေး၊ ကိုယ်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် မည်ကဲ့သို့ ခြေလှမ်းစတင်မည်မှာ စိတ်ဝင်စားဖွယ် အကောင်းဆုံးသော အချက်တစ်ခုဖြစ်သည်။

ထို့အတူ ယခင်အစိုးရလက်ထက်တွင် အလုပ်လုပ်ခဲ့ကြသော ပညာရှင်များ၊ ယခင်အစိုးရနှင့် နီးစပ်မှုရှိခဲ့ပြီး စစ်တပ်၊ အစိုးရတို့နှင့် ပေးစား၍ တိုက်ခိုက်ခံခဲ့ရသူ ပညာရှင်များကလည်း အစိုးရသစ်နှင့် တရားဝင် လက်တွဲအလုပ်လုပ်ရန် အခက်အခဲများ ဖြစ်နေသည်ကို တွေ့ရသည်။ BBC သတင်းဌာန၏ အဆိုအရ ဒေါ်အောင်ဆန်းစုကြည်မှာ ဝန်ကြီးဌာန လေးခုက အစီအစဉ်မရှိဘဲ လူမရှိသဖြင့် တာဝန်ယူလိုက်ခြင်း ဖြစ်သည်ဟုလည်း သတင်းထွက်လာသည်။ တကယ်လည်းမှန်ပေသည်။ များမကြာမီ (၆) ရက်မြောက်တွင် နိုင်ငံတော်အစိုးရအဖွဲ့ ဖြည့်စွက်ပြင်ဆင် ဖွဲ့စည်းခြင်း ကြေညာချက်ဖြင့် ဒေါ်အောင်ဆန်းစုကြည် လက်ကိုင်ပြုသော ပညာရေး၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနနှစ်ခု ဝန်ကြီးများကို အသစ်ခန့်အပ်လိုက်ရသည်။ ဤအခြင်းအရာများအရ အစိုးရသစ်အနေဖြင့် ပညာရှင်များနှင့် တရားဝင် လက်တွဲအလုပ်လုပ်ရန် အခွင့်အလမ်းတစ်ရပ် မဖော်ဆောင်နိုင်ခဲ့သည်မှာ အမှန်ဖြစ်သည်။ သို့သော် ဝန်ကြီးအဖြစ်နှင့် အရပ်ဘက်အဖွဲ့အစည်းမှ မလုပ်နိုင်သော တိုင်းပြည်အတွက် အကျိုးပိုရှိမည့် ကိစ္စများအား လျစ်လျူရှုခြင်းမှာ နောက်ကွယ်မှ အကြောင်းတရားများ ရှိနိုင်သည်။

PDF Compressor Free Version

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည် အား နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်အပ်မည့် နိုင်ငံတော်အတိုင်ပင်ခံဥပဒေကြမ်းကို အတည်ပြုပြဌာန်းနိုင်ရေးအတွက် လွှတ်တော်အတွင်း လိပ်ခဲတည်းလည်း ဖြစ်ခဲ့သည်။ တပ်မတော်ကိုယ်စားလှယ်များက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ရာ ရောက်ကြောင်း၊ လူပုဂ္ဂိုလ်အမည်ကို ဥပဒေကြမ်းတွင် ထည့်သွင်းမဖော်ပြသင့်ကြောင်း၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေး မဏ္ဍိုင်ကြီး ၃ ရပ် အပြန်အလှန်ထိန်းကြောင်းရေးကို ဆန့်ကျင်ကြောင်း ကန့်ကွက်ခဲ့ကြသည်။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရမည်ဖြစ်သဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ သမ္မတအထက်တွင် နေမည်ဟု ပြောခဲ့သည့်အပေါ် ပြည်ထောင်စုဝန်ကြီးဖြစ်ရင်း နိုင်ငံတော်သမ္မတ အထက်တွင် နေနိုင်မည့် တရားဝင်နည်းလမ်း တစ်ခုဟု ဆိုနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ အရေးကြီးဆုံးမှာ အခုတလော အွန်လိုင်းပေါ်က စကားလုံးများအရ “မာနကိုပယ်၍ အပြန်အလှန် လေးစားမှု တည်ဆောက်ခြင်း” ဖြစ်သည်။ ယခုခေတ်တွင် ရေပန်းစားနေသည်မှာ အွန်လိုင်းပေါ်က မှတ်ချက်များ ဖြစ်သည်။ သို့သော် အွန်လိုင်းပေါ်တွင် မှတ်ချက်ပေးခြင်းဖြင့် တိုင်းပြည် တည်ဆောက်နိုင်မည်မဟုတ်။ အွန်လိုင်းပေါ်မှ မြှောက်ပေးခြင်း၊ ရှုတ်ချခြင်းတို့ကို ကျော်လွန်၍ တိုင်းပြည်တည်ဆောက်နိုင်ရန် လိုအပ်သည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အစိုးရသစ်တွင် တရားဝင် အာဏာရလာသူများအနေဖြင့် ပညာရှင်များအား တန်ဖိုးထား လေးစားစွာဖြင့် ၎င်းတို့၏ အကြံဉာဏ်များကို ရယူသုံးစွဲရန် မဖြစ်မနေ လိုအပ်ပေသည်။

မြန်မာနိုင်ငံမှ မြန်မာနိုင်ငံကောင်းကျိုးကို လိုလားသော ပုဂ္ဂိုလ်များအနေဖြင့် နနယ်သောအစိုးရသစ်နှင့် ပညာရှင်များအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်နိုင်ရန် အလွန်အရေးကြီးသည်ကိုလည်း မမေ့အပ်ပေ။ မိမိ တာဝန်ကိုသိသော မြန်မာပြည်သူပြည်သား တစ်ဦးချင်းအနေနှင့်မှု အွန်လိုင်းပေါ်တွင် ဖြစ်စေ၊ သူငယ်ချင်း၊ မိတ်ဆွေ၊ မိသားစု အသိုင်းအဝိုင်း အချင်းချင်းကြားတွင် ဖြစ်စေ၊ နိုင်ငံရေးနှင့် ပတ်သက်၍ သူ့ဘက်ကိုယ့်ဘက် ခွဲခြားဆက်ဆံသော အပြုအမူ အပြောအဆိုများထက် ငြိမ်းချမ်းရေးကို ဦးထိပ်ထား၍ စိတ်ရင်းစေတနာမှန်ဖြင့် ဝိုင်းဝန်းဆွေးနွေး အဖြေရှာသင့်ကြောင်း အနည်းငယ် သုံးသပ်တင်ပြလိုပါသည်။

**စာရေးသူတစ်ဦး၏ အမြင်အာဘော်သာ ဖြစ်သည်။**

❑❑❑❑❑